# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၄ ခုနှစ် ၊ သီတင်းကျွတ်လကွယ် ၊ တနင်္ဂနွေနေ့ ၊ (23-10-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၁၇၆)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဒေသထုတ်ကုန်များကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အားပေးဆောင်ရွက်





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ ဒေသတွင်းစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပြောကြားစဉ်။**

**နေပြည်တော် အောက်တိုဘာ ၂၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME)လုပ်ငန်းရှင်များကို နေပြည်တော်ကောင်စီရုံးဝင်းရှိ ဇမ္ဗူသီရိခန်းမ၌ တွေ့ဆုံ၍ ဒေသတွင်းစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီဝင်များ၊ ကောင်စီအတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ နေပြည်တော်ကောင်စီဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊

**စာမျက်နှာ ၁၆ ကော်လံ ၁ သို့**

**MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံငွေများကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထုတ်ချေးပေးသွားမည်ဖြစ်၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးကဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုပြီး နိုင်ငံအတွင်း ငွေကြေးလည်ပတ်မှုအားကောင်းရန်လို...**




ရတနာပုံ
၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၃ ရက်
အယ်ဒီတာ့အာဘော်

# ကျန်းမာရေးစည်းကမ်းနဲ့အညီ ကိုဗစ်-၁၉ ရောဂါကာကွယ်

ကိုဗစ်-၁၉ ရောဂါသည် လူ့အဖွဲ့အစည်းအတွင်းမှ လုံးဝကင်းစင်ပပျောက်သွားရန် အချိန်ယူကြရမည်ဖြစ်သည်ကို နားလည်သိရှိထားကြပြီးဖြစ်သည်။ လူမှုဘဝများအတွင်း နေ့စဉ် ရှင်သန်နေထိုင်ကြရာတွင် ကိုဗစ်-၁၉ ရောဂါ၏ ကူးစက်ပြန့်ပွားနိုင်မှုကို မပြတ်သောသတိရှိအပ်ပေသည်။

ကိုဗစ်-၁၉ ရောဂါသည် ကပ်ရောဂါအသွင်ဖြင့် တစ်ကမ္ဘာလုံးကို ကူးစက်ပြန့်ပွားခဲ့ရာမှ ယခုအခါ ကာကွယ်ဆေးများပေါ်ပေါက်လာခြင်းက ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ထားနိုင်သည်။ ကျန်းမာရေးညွှန်ကြားချက်နှင့် စည်းကမ်းချက်များကို လိုက်နာကျင့်သုံးလာကြခြင်းတို့ကြောင့် အဆိုပါရောဂါကို ဟန့်တားထားနိုင်သည့်အခြေအနေသို့ ရောက်ရှိလာခဲ့သည်။

မည်သူမဆို လိုက်နာကျင့်သုံးရန် လွယ်ကူသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်မှုနည်းလမ်းများဖြစ်သည့် လက်ကို ဆပ်ပြာဖြင့် စက္ကန့် ၂၀ မျှကြာအောင် ဆေးကြောခြင်း၊ နှာခေါင်းစည်း တပ်ဆင်ခြင်း၊ တစ်ဦးနှင့်တစ်ဦး သတ်မှတ်အကွာအဝေးတွင် နေထိုင်ခြင်း၊ လူစုလူဝေးရှိရာနေရာများသို့ မလိုအပ်ဘဲ သွားရောက်မှုမှ ရှောင်ကြဉ်ခြင်း၊ ကိုယ်ခံအားပြည့်ဝနေစေရန် အာဟာရမျှတစွာ စားသုံးခြင်း၊ အိပ်ရေးဝဝအိပ်ခြင်းတို့ ဆောင်ရွက်ကြရန် လိုအပ်သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းနှင့် ညွှန်ကြားချက်များကို အလေ့အကျင့်တစ်ခုသဖွယ် လိုက်နာကျင့်သုံးဆောင်ရွက်နေမှသာ လုံခြုံစိတ်ချရသော ကျန်းမာရေးအကာအကွယ်ကို ရနိုင်မည်ဖြစ်သလို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို သတ်မှတ်အကြိမ်ရေ ပြည့်အောင်ထိုးနှံခြင်း၊ ထပ်ဆောင်းထိုးနှံခြင်းတို့ကိုလည်း မလွဲမသွေကျင့်သုံးဆောင်ရွက်ကြရမည်ဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါကူးစက်နိုင်မှုကို ကာကွယ်ဆေးထိုးနှံထားမှုဖြင့် ဟန့်တားထားနိုင်စွမ်း၊ ကျန်းမာရေးညွှန်ကြားချက်များနှင့်အညီ နေထိုင်ကျင့်သုံးဆောင်ရွက်မှုဖြင့် ဟန့်တားထားနိုင်စွမ်းတို့က ကျန်းမာသောလူမှုဘဝကို ရရှိစေနိုင်မည်ဖြစ်ပေသည်။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများနှင့် သေဆုံးသူများ၏ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားရှိမှုအခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ စုစုပေါင်း၏ ၉၀ ဒသမ ၄ ရာခိုင်နှုန်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း၏ ၈၀ ဒသမ ၉ ရာခိုင်နှုန်းတို့မှာ ကာကွယ်ဆေး လုံးဝထိုးနှံခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့ကြောင့် မည်သူမဆို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရန် မလွဲမသွေလိုအပ်သည်။ အောက်တိုဘာလ ၁၇ ရက် ည ၈ နာရီမှ အောက်တိုဘာလ ၁၈ ရက် ည ၈ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၁၅ ဦး တွေ့ရှိရကြောင်း နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြထားကြောင်း သိရသည်။ ဆယ်ဂဏန်းမှ ရာဂဏန်း၊ ရာဂဏန်းမှ ပမာဏကြီးလာခြင်းကိုတွေ့ရပြီး ၎င်းသည် နေ့စဉ်ဘဝအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနည်းလမ်းများကို ထိထိရောက်ရောက် ကျင့်သုံးဆောင်ရွက်ရန် လိုအပ်သည်ကို ညွှန်ပြနေသည်။

လာမည့်ရက်များတွင် တန်ဆောင်တိုင်ပွဲအပါအဝင် ပွဲလမ်းသဘင်တို့ စည်ကားသက်ဝင်လာမည့် အချိန်တွင် လူစုလူဝေးနှင့် ထိတွေ့မှုပိုမိုရှိလာမည်ဖြစ်ရာ ကျန်းမာရေးစည်းကမ်းများကို လိုက်နာနိုင်ပါမှ စိတ်ချရမည်ကို သိရှိအပ်ပေသည်။

သို့ဖြစ်ပေရာ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရာတွင် လျင်မြန်ထိရောက်စေနိုင်သည့် လက်ကိုဆပ်ပြာဖြင့် မကြာခဏဆေးကြောခြင်း၊ နှာခေါင်းစည်းတပ်ဆင်ခြင်း၊ တစ်ဦးနှင့်တစ်ဦး သတ်မှတ်အကွာအဝေး၌ နေထိုင်ခြင်း၊ ကာကွယ်ဆေးထိုးနှံခြင်းဟူသည့် နည်းလမ်းများကို လိုက်နာကျင့်သုံး၍ ကျန်းမာရေးစည်းကမ်းနှင့်အညီ ကိုဗစ်-၁၉ ရောဂါကာကွယ်နိုင်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး အောက်တိုဘာ ၂၂**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေဠုဝန်ကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့် ပြည်သူ စုစုပေါင်း ၈၇၆၃၄ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"မဟာမုနိရုပ်ရှင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ နေ့စဉ် လာရောက်ဖူးမြော်ကြပါတယ်။ ဒီနေ့ဟာဆိုရင်ကျောင်းပိတ်ရက်လဲဖြစ်၊ ရုံးပိတ်ရက်လဲဖြစ်တော့ လာရောက်ဖူးမြော်သူတွေနဲ့ စည်ကားနေပါတယ်။ မြတိုက်ကသမိုင်းဝင်ပြခန်းတွေကို ဝင်ရောက်လေ့လာကြတာကိုလဲ တွေ့ရပါတယ်။ ဘုရားဖူးတွေက ငါးကန်၊ လိပ်ကန်ကိုသွားပြီး ငါးစာ၊ လိပ်စာကျွေးကြပါတယ်။ ရှုခင်းကောင်းတဲ့နေရာတွေမှာလဲ အလှဓာတ်ပုံရိုက်သူတွေနဲ့ စည်ကားနေကြပါတယ်။ ဆိုင်ခန်းတွေလဲ ဖွင့်လှစ်ရောင်းချနေတာကို တွေ့ရပါတယ်။ ဘုရားဖူးတွေကလဲ အမှတ်တရပစ္စည်းတွေ ဝယ်ယူနေတာကို တွေ့ရပါတယ်။ နေ့ထူးနေ့မြတ်တွေဆို ဘုရားဖူးဦးရေများပါတယ်"ဟု မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူးဦးရေ ၈၅၃၁၀ လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီ မိနစ် ၃၀ မှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူ ပြည်သူများ အနေဖြင့် မုခ်လေးခုစလုံးမှဝင်ရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။

ဝေဠုဝန်ကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၁၇၄၅ ဦး လာရောက်ဖူးမြော်ကြောင်း ဝေဠုဝန် ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၅၇၉ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော် ဂေါပကအဖွဲ့အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။ (၁၈၅)

# ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးအမည် ၄၉၆ ခုကို ဓာတ်ခွဲစမ်းသပ်ပေးထား

**မန္တလေး အောက်တိုဘာ ၂၂**

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း တစ်နိုင်တစ်ပိုင်လုပ်ငန်းရှင်များ ထုတ်လုပ်ရောင်းချမည့် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအမျိုးအမည် ၄၉၆ ခုကို ဓာတ်ခွဲစမ်းသပ်မှုများ ပြုလုပ်ပေးထားကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းပိုလ်က ပြောပြ၍ သိရသည်။

ယခုဘဏ္ဍာနှစ်တွင် တစ်နိုင်တစ်ပိုင်လုပ်ငန်းရှင်များ ထုတ်လုပ်ရောင်းချမည့် ကုန်ပစ္စည်းအမျိုးအမည် ၆၀၀ ကျော်ကို လျာထားဓာတ်ခွဲ စမ်းသပ်ပေးသွားမည်ဖြစ်ရာ ဓာတုဗေဒဓာတ်ခွဲစမ်းသပ်ခြင်းဖြင့် စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်ပစ္စည်းအမျိုးအမည် စုစုပေါင်း ၂၄၀ နှင့် အဏုဇီဝဓာတ်ခွဲစမ်းသပ်ခြင်းဖြင့် စားသောက်ကုန်၊ အလှကုန်၊ လူသုံးကုန်ပစ္စည်း အမျိုးအမည် စုစုပေါင်း ၂၅၆ တို့ကို ဓာတ်ခွဲစမ်းသပ်ပေးမည်ဖြစ်ကြောင်း၊ ၎င်းဓာတ်ခွဲစမ်းသပ်ခြင်းနှစ်မျိုးဖြင့် ယနေ့ထိ ကုန်ပစ္စည်းအမျိုးအမည် ၄၉၆ ခုကို ဓာတ်ခွဲစမ်းသပ်ပေးထားကြောင်း သိရသည်။

"ထုတ်ကုန်ပစ္စည်းတွေကို စမ်းသပ်ပေးရာမှာ ဓာတ်ခွဲစမ်းသပ်ခြင်း နှစ်မျိုးနဲ့ ဆောင်ရွက်ပါတယ်။ အခုလက်ရှိအချိန်မှာ ဓာတုဗေဒဓာတ်ခွဲစမ်းသပ်ခြင်းနည်း၊ အဏုဇီဝဓာတ်ခွဲစမ်းသပ်ခြင်းနည်းနဲ့ ကုန်ပစ္စည်းအမျိုးအမည် ၄၀၀ ကျော်ကို ဓာတ်ခွဲစမ်းသပ်ပြီး ခွင့်ပြုပေးထားတယ်။ လုပ်ငန်းရှင်တွေ ပေါ်ထွက်ရေးကိုလဲ သင်တန်းတွေ ပေးပြီးတော့ မွေးထုတ်ပေးနေတာတွေလဲရှိပါတယ်။ ထုတ်လုပ်ရောင်းချမဲ့ လုပ်ငန်းရှင်တွေက မိမိတို့ ပြုလုပ်ပြီး ဈေးကွက်အတွင်းဖြန့်ဖြူးရောင်းချမဲ့ ပစ္စည်းတွေကို ဓာတ်ခွဲစမ်းသပ်မှု မဖြစ်မနေပြုလုပ်ရပါတယ်။ အိမ်တွင်းစက်မှုလုပ်ငန်းတွေ၊ စားသောက်ကုန်၊ လူသုံးကုန်တွေကို အများပြည်သူတွေ အများဆုံး သုံးစွဲစားသုံးကြတာကြောင့် ထုတ်ကုန်တွေကို ဓာတ်ခွဲစမ်းသပ်ပေးပါတယ်။ ဓာတုပစ္စည်းပါဝင်မှုတွေ၊ အဏုဇီဝပိုးမွှားပါဝင်မှုတွေကို စမ်းသပ်စစ်ဆေးရတာပါ။ စားသုံးသူပြည်သူတွေ အန္တရာယ်ကင်းရှင်းစေဖို့ ဆောင်ရွက်ပေးပါတယ်"ဟု ဦးဝင်းပိုလ်က ပြောပြသည်။

ထိုသို့ ဓာတ်ခွဲစမ်းသပ်ပေးနေခြင်းသည် လုပ်ငန်းရှင်များ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ၌ အန္တရာယ်ဖြစ်စေနိုင်သော ဓာတုဆေးဝါးများ ပါဝင်မှုမရှိစေရန်နှင့် ဈေးကွက်အတွင်း ဝင်ရောက်မှုမရှိစေရန်အတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေးဈေးကွက်အတွင်း ပဲပုပ်(ဗမာ)များ အရောင်းအဝယ်ကောင်းပြီး ဈေးကောင်းရရှိလာ

**မန္တလေး အောက်တိုဘာ ၂၂**

မန္တလေး ဈေးကွက်အတွင်း ပဲပုပ်(ဗမာ)များ အရောင်းအဝယ်ကောင်းပြီး ဈေးကောင်းရရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုအခါ စစ်ကိုင်းတိုင်းဒေသကြီး ရေဦးဘက်မှထွက်ရှိသည့် ပဲပုပ်(ဗမာ)များ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းမွန်လာကြောင်း၊ အဆိုပါ အရည်အသွေးကောင်းမွန်သည့် ပဲပုပ်(ဗမာ)ကို ကုန်သည်များက ဈေးကောင်းပေး၍ ဝယ်ယူမှုများရှိကြောင်း သိရသည်။

"ရေဦးဘက်ကထွက်တဲ့ ပဲပုပ်ကို အခုလတ်တလော မန္တလေးဈေးကွက်အတွင်းမှာ ဝယ်ယူမှုရှိနေပြီး အရောင်းအဝယ်ကောင်းနေတယ်။ ပြည်တွင်းက ထွက်ရှိတဲ့ ပဲပုပ်(ဗမာ)ကို ပြည်ပမှာယူမှုက တော်တော်လေးနည်းတယ်" ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း ပဲပုပ် (ဗမာ)ဈေးနှုန်းမှာ အောက်တိုဘာလ ပထမပတ်က ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၅၀၀၀ ခန့်သာ ပေါက်ဈေးရှိခဲ့သော်လည်း အောက်တိုဘာ ၂၁ ရက် ပေါက်ဈေးအရ ပဲပုပ် (ဗမာ) ၅၃ ပိဿာဝင်တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀၀ ခန့် ပေါက်ဈေးရှိပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ်ဘက်မှထွက်ရှိသည့် ပဲပုပ်(ရှမ်း)အမျိုးအစားများလည်း မန္တလေးဈေးကွက်အတွင်း ပုံမှန်အတိုင်းအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခုအခါ ပဲပုပ်(ရှမ်း) ၅၃ ပိဿာဝင် တစ်အိတ်လျှင် ငွေကျပ် ၁၅၈၀၀၀ ခန့်ပေါက်ဈေးရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အစဉ်ပေါ်ပေါက်လျက်ရှိသော အခွင့်အလမ်းနှင့် အခွင့်အရေးများ

မြင့်ခြံကျော်အောင်

**အခွင့်အရေးက ဤသို့ဆို၏။ "နေ့စဉ် နံနက်တိုင်း ငါသည် သင့်တံခါးဝ၌ရပ်ကာ သင့်အားထလော့၊ တိုက်လော့၊ အောင်ပွဲခံလော့ဟု နှိုးဆော်၏။ ခံယူခြင်း၊ မခံယူခြင်းကား သင့်အပိုင်းဖြစ်သည်"**

**အနောက်တိုင်းပညာရှိတစ်ဦး**

အထူးမှန်ကန်သောစကားဖြစ်သည်။ နေ့စဉ်ထုတ် နိုင်ငံပိုင်သတင်းစာများ၊ ဌာနဆိုင်ရာနှင့် ပုဂ္ဂလိကထုတ် သတင်းစာဂျာနယ်များတွင် အခွင့်အလမ်းများမှာ နေ့စဉ်ပင် ပါဝင်နေသည်။ အခွင့်အလမ်းနှင့် တွဲဖက်ပါရှိလာသည်ကား အခွင့်အရေးများပင်ဖြစ်ကြပေသည်။

ဤသည်ကို စာရေးသူက ထောက်ပြပါမည်။

၂၀၂၂ ခုနှစ် မေ ၁ ရက်နေ့ထုတ် သတင်းစာများတွင် "နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့ တိုးတက်ပြောင်းလဲဖြစ်ပေါ်မှုအရ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်း ခရိုင်အသစ်များ ထပ်မံတိုးချဲ့" ဟူသော ခေါင်းစဉ်ဖြင့် ခရိုင်သစ်များ ဖွဲ့စည်းမှုကို အသေးစိတ်ဖော်ပြခဲ့သည်။ သာမန်ဖတ်ကြည့်လျှင် ဗဟုသုတသာရရှိပါမည်။ ဝေဖန်သုံးသပ်သောစိတ်ဖြင့် ဖတ်ပြီး စောကြောကြည့်လျှင် အခွင့်အလမ်းများ များစွာပါရှိနေသည်ကို တွေ့ရပါသည်။ ထိုအခွင့်အလမ်းများကို ဆုပ်ကိုင်ရယူပြီး မိမိအတွက် အသုံးချမည်ဆိုပါက ကြီးပွားချမ်းသာနိုင်ပါသည်။ သို့ဖြင့် ဘဝကို ဟန်ဟန်ပန်ပန် တည်ဆောက်နိုင်ပါမည်။

ယခင် နိုင်ငံတော်၏ဖွဲ့စည်းပုံတွင် ခရိုင်ပေါင်း ၇၅ ခရိုင်သာရှိပါသည်။ ယခု ၂၀၂၂ ခုနှစ် ဧပြီ ၃၀ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာများဖြင့် ခရိုင်များကို တိုးချဲ့ဖွဲ့စည်းလိုက်သောအခါ တစ်နိုင်ငံလုံးတွင် ခရိုင်ပေါင်း ၁၂၁ ခရိုင်ဖြစ်သွားပါသည်။ ထို့ကြောင့် ယခင်ထက် ၄၆ ခရိုင်တိုးတက်လာခဲ့သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ပင် ခရိုင်များ တိုးချဲ့ဖွဲ့စည်းခဲ့သည်။ ထိုအထဲတွင် မန္တလေးတိုင်းဒေသကြီး၌ပင် ယခင်ကာလက ခုနစ်ခရိုင်သာရှိခဲ့ရာမှ ယခု ခရိုင်အသစ် လေးခရိုင်တိုးလာသည်။ တိုးလာသည့် ခရိုင်များမှာ သပိတ်ကျင်းခရိုင်၊ တံတားဦးခရိုင်၊ အောင်မြေသာစံခရိုင်နှင့် အမရပူရခရိုင်တို့ဖြစ်ကြပါသည်။ မန္တလေးတိုင်းဒေသကြီးတွင် ခရိုင်ပေါင်း ၁၁ ခရိုင်ဖြစ်သွားပါပြီ။

ဤသို့ တိုးချဲ့ဖွဲ့စည်းလိုက်သည်နှင့် ဝန်ကြီးဌာနအသီးသီး၏ ကွပ်ကဲမှုအောက်ရှိ ရုံးဌာနများအားလုံးလည်း တိုးချဲ့ဖွဲ့စည်းရသည်။ ဥပမာ-အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်ရုံးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပညာရေး၊ ကျန်းမာရေးလူမှုဝန်ထမ်း၊ တရားနှင့် ဥပဒေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စည်ပင်သာယာ ခရိုင်ရုံးများ တိုးချဲ့ဖွဲ့စည်းရသည်။

ထိုအခါ ခရိုင်အဆင့်အရာရှိများ၊ ခရိုင်ရုံးများတွင် ဝန်ထမ်းများတိုးပြီး ဖွဲ့စည်းခန့်အပ်ရသည်။ လက်ရှိအရာရှိနှင့် ဝန်ထမ်းများ ရာထူးတိုးတက်သွားသကဲ့သို့ လစ်လပ်နေရာများတွင်လည်း အရာရှိအသစ်များ၊ ဝန်ထမ်းအသစ်များ ခန့်ထားရသည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အဆင့်ရုံးတစ်ရုံး၌ပင် အောက်ပါအတိုင်းဖွဲ့စည်းပြီး ရာထူးခန့်အပ်ရမည်ဖြစ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူးတစ်ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး နှစ်ဦး၊ ဦးစီးအရာရှိလေးဦးနှင့် ဒုတိယဦးစီးအရာရှိ ခြောက်ဦး စုစုပေါင်းအရာရှိ ၁၃ ဦးကို ခန့်ထားရသည်။ သာမန်ရုံးဝန်ထမ်းအားလုံးမှာ ၄၆ ဦးဖြစ်ပြီး စုစုပေါင်းခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် ၅၉ ဦးခန့် ခန့်ထားရပါသည်။ ယခု ခရိုင်ပေါင်း ၄၆ ခရိုင် တိုးချဲ့ဖွဲ့စည်းထားရာ ဝန်ထမ်းပေါင်းမြောက်မြားစွာ ခန့်ထားရမည်ဖြစ်ပါသည်။

ထို့ကြောင့် ပေါ်ပေါက်လာသောအခွင့်အလမ်းများမှာ မှိုလိုပေါက်နေပါပြီ။ အလုပ်ရှားတယ်ဟူသောစကားမှာ ခေတ်မရှိတော့ပါ။

ဝန်ထမ်းများတိုးချဲ့ခန့်အပ်လာသည်နှင့် ဝန်ထမ်းများ၏ရာထူးလည်း တိုးတက်ကြပြီး ဝင်ငွေလည်း တိုးမြင့်ရရှိလာကြပေတော့သည်။ အလုပ်အကိုင် အခွင့်အလမ်းများလည်း များစွာပေါ်ပေါက်လာပြီဖြစ်ပါသည်။

**ပေါ်ပေါက်လာသောအခွင့်အရေးများ**

ရုံးများတိုးချဲ့တည်ဆောက်ရန်အတွက် မြေလိုအပ်ချက်များရှိလာပါပြီ။ ထိုအခါ မြေပိုင်ရှင်ပြည်သူများထံမှ အစိုးရသည် မြေဝယ်ရပါမည်။ ထိုအခါ မြေပိုင်ရှင်များ ငွေလုံးငွေရင်းရရှိပါမည်။

ရုံးများတည်ဆောက်ရသဖြင့် ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အလုပ်အကိုင်များစွာရရှိကြပါမည်။ ဆက်စပ်ပြီး အုတ်၊ သဲ၊ ကျောက်၊ သံ၊ ဘိလပ်မြေ ထုတ်လုပ်သူများ၊ လျှပ်စစ်ပစ္စည်းထုတ်လုပ်သူများလည်း များစွာရောင်းချရကာ ရောင်းအားတက်လာကြပါမည်။

ဝန်ထမ်းများနှင့် လုပ်ငန်းရှင်များ ဝင်ငွေတိုးလာသည်နှင့် ဝယ်ယူစားသုံးခြင်း၊ ဝယ်ယူဝတ်ဆင်ခြင်း၊ အသုံးအဆောင်ပစ္စည်းဝယ်ကြခြင်းဖြင့် ကုန်သည်များ ရောင်းပန်းဝယ်ပန်းပွင့်လန်းလာပါမည်။

ကုန်ရောင်းကုန်ဝယ်တိုးလာသည်နှင့် ကုန်ပစ္စည်းထုတ်လုပ်သောစိုက်ပျိုးရေးလုပ်ကိုင်သူများ၊ မွေးမြူရေးဆောင်ရွက်သူများနှင့် လူသုံးကုန်၊ စားသောက်ကုန်ထုတ်လုပ်သူများလည်း လုပ်ငန်းများလည်ပတ်ကာ များများထုတ်လုပ် များများရောင်းချရမည်ဖြစ်ပါသည်။

ဝင်ငွေတိုးတက်ကြသည်နှင့် ဘုရားဖူး၊ အပန်းဖြေခရီးထွက်ခြင်းများလည်း များပြားလာမည်ဖြစ်ပေရာ သယ်ယူပို့ဆောင်ရေးနှင့် ဟိုတယ်လုပ်ငန်းများလည်း ဝင်ငွေတိုးတက်ရရှိလာမည်ဖြစ်ပေသည်။

ဝန်ထမ်းများ တိုးချဲ့ခန့်အပ်ရာတွင် မူလရှိပြီး ဝန်ထမ်းများ ရာထူးတိုးတက်ရရှိကြသကဲ့သို့ ဝန်ထမ်းအသစ်များလည်း ဖြည့်စွက်ရမည်ဖြစ်ပေသည်။ ထိုအခါ တက္ကသိုလ်ဝင်တန်းအောင်သူများနှင့် ဘွဲ့ရလူငယ်များကို အခွင့်အလမ်းက လက်ကမ်းကြိုဆိုလျက်ရှိနေပါသည်။ ဝန်ထမ်းဟူသည် အကြောင်းအမျိုးမျိုးကြောင့် နားသွားသူ၊ ပင်စင်ရသွားသူများရှိနေပေရာ ထိုသူတို့၏နေရာတွင် အစားထိုးရမည့် အခွင့်အလမ်းမှာရှိနေပါသည်။ ထို့ကြောင့် အခွင့်အလမ်းနှင့် အခွင့်အရေးဟူသည် အစဉ်ရှိသည်ဟု ဆိုချင်ပါသည်။

အခွင့်အလမ်းနှင့် အခွင့်အရေးသည် သင့်အိမ်တံခါးဝ၌ရပ်ပြီး နေ့စဉ် လှုပ်နှိုးနေသည်ဟု အနောက်တိုင်းပညာရှင်ပြောသောစကားမှာ အထက်ပါအခြေအနေများအရ အမြဲမှန်ကန်နေပါသည်။ မိမိက မသိလိုက်မသိဘာသာနေလိုက်မည်။ မိမိက အသင့်ဖြစ်မနေပါက ပေါ်လာသည့်အခွင့်အလမ်းနှင့် အခွင့်အရေးကို လက်လွှတ်ဆုံးရှုံးသွားပါမည်။ ထိုသို့မဖြစ်စေရန်မှာ မိမိတွင်သာ တာဝန်အရှိဆုံးပင်ဖြစ်ပါသည်။

ပေါ်လာသည့်အခွင့်အလမ်းနှင့် အခွင့်အရေးကို အမိအရဆုပ်ကိုင်လိုက်နိုင်သည့် အရာရှိတစ်ဦးအကြောင်းကို ဗဟုသုတနှင့် အတုယူနိုင်စေရန် ဖော်ပြပါမည်။

**အခွင့်အလမ်းနှင့် အခွင့်အရေးကို မလွှတ်တမ်း ဆုပ်ကိုင်ခဲ့သည့်အရာရှိတစ်ဦး**

ထိုသူကား ၁၉၅၈ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး မြို့ကြီးတစ်မြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ စာရေးလေးအဖြစ် စတင်ဝင်ရောက်အမှုထမ်းသူဖြစ်သည်။ ရုံးရှိ လက်နှိပ်စက်ရိုက်ပညာကို စာရေးကြီးဟောင်းများ၏ သင်ကြားမှုဖြင့် ရရှိခဲ့သည်။ ရုံးတွင် တာဝန်ထမ်းဆောင်စဉ် တက္ကသိုလ်တက်နေသည့်သူငယ်ချင်းများထံမှ မှတ်စုများတောင်းယူလေ့လာခဲ့သည်။ ပြင်ပမှ တက္ကသိုလ်စာမေးပွဲဝင်ဖြေရာ ၁၉၆၆-၁၉၆၇ ခုနှစ်ခန့်တွင် ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ဝိဇ္ဇာဘွဲ့ရ စာရေးဖြစ်ခဲ့သည်။

ထိုအခါ သူ့ဌာနမှ ဒုတိယဦးစီးအရာရှိနေရာအတွက် ခေါ်ခဲ့သည်။ ဘွဲ့ရဖြစ်ရမည်။ အသက်အားဖြင့်လည်း ၂၅ နှစ်၊ ၂၆ နှစ်ထက်မကြီးသူဖြစ်ရမည်ဟု သတ်မှတ်ထားသည်။ ထိုအခါ သူသည် သတ်မှတ်ပညာနှင့် အသက်သည် ကိုက်ညီခဲ့သည်။ ထို့ပြင် သူ၏ရိုးသားမှု၊ ကြိုးစားမှုအတွက် သူ့အထက်အရာရှိများကလည်း ထောက်ခံခဲ့သည်။ သို့ဖြင့် သူသည် ၁၉၇၁ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး ဖောင်ကြီး၌ ဖွင့်လှစ်သည့် အရာရှိငယ်သင်တန်း တက်ခွင့်ရခဲ့သည်။ သင်တန်းဆင်းသောအခါ ဒုတိယဦးစီးအရာရှိအဖြစ် ခန့်အပ်ခံရသည်။

အရာရှိဖြစ်သောအခါ ဌာနက တာဝန်ပေးရာ မြို့နယ်များတွင် တာဝန်ထမ်းဆောင်သည်။ ထားရာနေ စေရာသွားသည်။ ရိုးသားသည်၊ ကြိုးစားသည် ဖွဲ့ အပြည့်ဖြင့် တာဝန်ထမ်းရွက်သည်။ ဆင့်ကဲတာဝန်ပေးခံရသည့် ဒုတိယဦးစီးအရာရှိမှ ဦးစီးအရာရှိ၊ ၎င်းမှ လက်ထောက်ညွှန်ကြားရေးမှူး၊ ၎င်းမှ ဒုတိယညွှန်ကြားရေးမှူး(ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး)ထိဖြစ်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်ခန့်တွင် အငြိမ်းစားယူခဲ့သည်။ တာဝန်ထမ်းဆောင်စဉ်ကလည်း အစိုးရကပေးသော အိမ်၊ မော်တော်ကား၊ တယ်လီဖုန်းများဖြင့် ဩဇာတိက္ကမရှိသူ၊ တင့်တင့်တယ်တယ်နေနိုင်သူဖြစ်ခဲ့သည်။

အခွင့်အရေးအနေဖြင့် နိုင်ငံတော်ကချထားပေးသော ပေ (၄၀×၆၀) မြေတစ်ကွက်ရရှိခဲ့သည်။ တိုက်တည်ဆောက်ရန် သွပ်၊ ဘိလပ်မြေ၊ သံချောင်းနှင့် သစ်များ ဝယ်ခွင့်ရခဲ့သည်။ အိမ်သုံးတယ်လီဖုန်း၊ လျှပ်စစ်မီတာများ ဌာနဆိုင်ရာက တပ်ဆင်ပေးသည်။ ကလေးများကိုလည်း ဘွဲ့ရသည်ထိ ပညာသင်ကြားပေးပြီးဖြစ်သည်။ အလုပ်ကိုယ်စီဖြင့် ဘဝမှာ လှပတင့်တယ်လျက်ရှိသည်။

ယခုအခါ ယာဉ်များပိုင်ရှင်၊ မြေပိုင်ရှင်ဖြစ်နေပေပြီ။ ယာဉ်ပေါ်မှငွေ မြေပေါ်မှငွေများ သူစားသုံးနေရပေပြီ။ ယခု အသက် ၈၀ ခန့်ရောက်သောအခါ ဘဝကို ဟန်ဟန်ပန်ပန်တည်ဆောက်ပြီးဖြစ်သည်ကို တွေ့ရပေသည်။

ဤသည်ကား အခွင့်အလမ်းကို လက်မလွှတ်တမ်း ဆုပ်ကိုင်နိုင်ခြင်းဖြင့် ရရှိလာသောအခွင့်အရေးများပင်ဖြစ်ပေသည်။ "**အိပ်နေသောခြေထောက်များ၏ ပါးစပ်အတွင်းသို့ ဘာမျှကျလာမည်မဟုတ်**"ဟု ပြင်သစ်စကားပုံက ဆိုသည်။ အခွင့်အလမ်းပေါ်မလျှောက်လျှင် မည်သည့်အခွင့်အရေးကိုမျှ ဖန်တီးမရယူလျှင် ဘာမျှရရှိမည်မဟုတ်ပါ။

**အခွင့်အလမ်းကို လက်မလွှတ်တမ်းဆုပ်ကိုင်နိုင်စေမည့်အရည်အချင်းများ**

ဘဝတွင် တိုးတက်မှုရရှိသွားသူများ၊ ကောင်းစားသွားသူများသည် အခွင့်အလမ်းကိုသိမြင်ပြီး လက်မလွှတ်တမ်းဆုပ်ကိုင်နိုင်သူများဖြစ်ကြပေသည်။ ထို့ပြင် အခွင့်အရေးအလာ စောင့်မနေဘဲ ကိုယ်တိုင်ဖန်တီးရယူသွားသူများသည်လည်း ဘဝတိုးတက်မှုနှင့် ကောင်းစားမှုကို ရရှိကြပါသည်။

ဤအရည်အချင်းများနှင့် ပြည့်စုံစေရန် လိုက်နာရမည့်အရင်းခံများ ရှိကြပါသည်။ ဤသည်တို့ကား အောက်ပါတို့ဖြစ်ကြပါသည်။

၁။ မိမိဘဝ တိုးတက်ရမည်ဟူသော စိတ်အခြေခံရှိခြင်း။

၂။ ကျရာနေရာ သို့မဟုတ် မိမိရွေးချယ်ရာနေရာ၌ ဇွဲ လုံ့လ ဝီရိယအပြည့်ဖြင့် အစဉ်လေ့လာလေ့ကျင့်လုပ်ကိုင်ဆောင်ရွက်ခြင်း။

၃။ အခွင့်အလမ်းပေါ်ချိန်တွင် မိမိက အသင့်ဖြစ်နေစေရန် မိမိ၏အရည်အချင်းကို အစဉ်မြှင့်တင်ဆောင်ရွက်နေခြင်း။

၄။ ရိုးသားဖြောင့်မတ်ခြင်း (လုပ်ငန်းတာဝန်များကို အထူးကျေပွန်စွာထမ်းရွက်ခြင်း၊ လုပ်ငန်းအပေါ် သစ္စာရှိခြင်း၊ စိတ်ကောင်းနှလုံးကောင်းရှိခြင်း၊ ပေါင်းသင်းဆက်ဆံရေးကောင်းမွန်ခြင်း)၊

၅။ အခွင့်အလမ်းနှင့် အခွင့်အရေးကို မြင်အောင်ကြည့်၊ ကြားအောင်နားထောင် မိမိစိတ်နှလုံးသားတွင် သို့မီးကာ အမိအရဆုပ်ကိုင်တတ်ခြင်း။

ဖော်ပြပါအရည်အချင်းများနှင့် ပြည့်ဝသူများသည် အစိုးရဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်းများဆောင်ရွက်လျှင်လည်း ဆင့်ကဲဆင့်ကဲတိုးတက်ပါမည်။ ကုန်ရောင်းကုန်ဝယ်ကုန်ထုတ်လုပ်သည့်လုပ်ငန်းများလုပ်ကိုင်လျှင်လည်း လုပ်ငန်းများကြီးမားကျယ်ပြန့်ပြီး စီးပွားဥစ္စာတိုးတက်ပါမည်။ တက္ကသိုလ်ဝင်တန်းအောင် ဘွဲ့ရပြီးသူများဖြစ်လျှင်လည်း အလုပ်အကိုင်ကောင်းများရရှိကြကာ မိမိဘဝကို ဟန်ကျစွာတည်ဆောက်နိုင်ပါမည်။ အနိမ့်ဆုံးလုပ်သားဖြစ်နေလျှင်မူ ကြီးပွားမြင့်မားသူဖြစ်သွားနိုင်ပါသည်။

ထို့ကြောင့် နေ့စဉ်ပေါ်ပေါက်နေသော အခွင့်အလမ်းများကို အရအမိဆုပ်ကိုင်ကာ အခွင့်အရေးကို ရှာဖွေရယူသင့်သည်။

အခွင့်အလမ်းဟူသည်ကလည်း ငါသည် အခွင့်အလမ်းဟု မောင်းတီးပြီးမလာပါ။ အခွင့်အလမ်းကို မြင်အောင် ကြည့်ရပါမည်။ မြင်လျှင် မကြောက်မရွံ့နောက်မတွန့်ဘဲ ဆုပ်ကိုင်သူထံသို့သာပါသွားပြီး အခွင့်အရေးကို ဖန်တီးရယူသူအတွက် ရက်ရောစွာပေးတတ်သည်ကို သတိချပ်ရပါမည်ဟု ဖြည့်စွက်ပြောကြားအပ်ပါသည်။

❖ တက္ကသိုလ်ဝင်တန်းအောင်သူများနှင့် ဘွဲ့ရလူငယ်များကို အခွင့်အလမ်းက လက်ကမ်းကြိုဆိုလျက်ရှိနေပါသည်။ ဝန်ထမ်းဟူသည် အကြောင်းအမျိုးမျိုးကြောင့် နားသွားသူ၊ ပင်စင်ရသွားသူများရှိနေပေရာ ထိုသူတို့၏နေရာတွင် အစားထိုးရမည့် အခွင့်အလမ်းမှာ ရှိနေပါသည်။ ထို့ကြောင့် အခွင့်အလမ်းနှင့် အခွင့်အရေးဟူသည် အစဉ်ရှိသည်ဟု ဆိုချင်ပါသည်။ အခွင့်အလမ်းနှင့် အခွင့်အရေးသည် သင့်အိမ်တံခါးဝ၌ရပ်ပြီး နေ့စဉ် လှုပ်နှိုးနေသည်ဟု အနောက်တိုင်းပညာရှင်ပြောသောစကားမှာ အထက်ပါအခြေအနေများအရ အမြဲမှန်ကန်နေပါသည်။ ❖

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုပို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ငပုတောမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံနေကြာ ၃၃၆ ဧက စိုက်ပျိုးမည်

**ငပုတော အောက်တိုဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံနေကြာ ၃၃၆ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံနေကြာ ၃၃၆ ဧကကို နိုဝင်ဘာလအတွင်း စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံနေကြာများ လျာထားစိုက်ပျိုးရခြင်းမှာ ပြည်သူများ ဆီစားသုံးမှုဖူလုံစေရန်၊ ဘေးကင်းလုံခြုံစိတ်ချရသည့် ဆီများစားသုံးနိုင်ရန်၊ ဒေသနှင့် နိုင်ငံတော်၏ စားသုံးဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံနေကြာ ၃၃၆ ဧကကို စီမံချက်ချမှတ်လျာထားစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ဆီထွက်သီးနှံနေကြာ စိုက်ပျိုးနိုင်ဖို့ ဒေသခံတောင်သူတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာနတို့ ကြိုတင်တွေ့ဆုံဆွေးနွေးဆောင်ရွက်စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ဆီထွက်သီးနှံနေကြာ စိုက်ပျိုးဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနနဲ့ အခြားဌာနတွေကနေလိုအပ်တာတွေ ပံ့ပိုးပေးမှာဖြစ်ပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ဆီထွက်သီးနှံနေကြာစိုက်ပျိုးနိုင်ရန်အတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မြေဆီလွှာပြုပြင်ရေးနည်းစနစ်များ ဆောင်ရွက်ပေးခြင်း၊ နေကြာမျိုးစေ့ ရွေးချယ်မှုမှန်ကန်စေရန် ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး ဆောင်ရွက်ပေးခြင်း၊ ပိုးသတ်ဆေးသုံးစွဲနည်းစနစ်များ မှန်ကန်စေရန် ဆောင်ရွက်ပေးခြင်း၊ အပင်အားဆေးနှင့်ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်ဆောင်ရွက်ပေးခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# မလှိုင်မြို့နယ် ရေနီနောက်ကျေးရွာ၌ ကျေးရွာတွင်းလမ်းချင်းမြောင်းနေမှု စစ်ဆေး

**မလှိုင် အောက်တိုဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မြို့နယ်အတွင်းရှိ ရေနီနောက်ကျေးရွာ၌ ကျေးရွာတွင်းလမ်းချင်းမြောင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးကျော်စိုးဝင်း(ဦးစီးအရာရှိ)၊ ဒေါ်ခင်မာလွင်(ဦးစီးအရာရှိ-နည်းပညာ)နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများသည် ရေနီနောက်ကျေးရွာတွင် လမ်းအရှည်ပေ ၂၂၆၀၊ အကျယ်ပေ ၂၀၊ အမြင့် ခြောက်လက်မ ချင်းမြောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများအရည်အသွေးပြည့်မီအောင်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

မလှိုင်မြို့နယ် ရေနီနောက်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာတစ်ရွာလျှင် နိုင်ငံတော်ပံ့ပိုးငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေများဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကူညီကာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများမှ ဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မေလမှစ၍ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုက ပြောပြ၍ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# မဂ်လာဦး ရွှေမီးပုံး

\- ဝါလရယ် လွတ်ခါကင်း
ကျွတ်သီတင်း ဝင်ခဲ့ပြီ၊
စိတ်တူကာ စဉ်လက်တွဲဖို့
ချစ်ဖွဲ့ခိုင်ကျည်၊
တွဲလက်ဖြင့် မဖြုတ်ပြီ
နှစ်ကြာရှည် တူယှဉ်လို့၊
သည်တစ်ခါ ချစ်သည်းအပ်
လက်ထပ်မယ်ဗျို့။

\- နှစ်တိုင်းလည်း အားမာန်ခဲ
ချစ်သည်းက အောင်လံထူ၊
နှစ်ကိုယ်တူ ရွှေ့ကိုလှမ်း
မှန်းကြရည်တူ၊
သည်နှစ်တော့ လာအတူ
ချစ်ကြည်ဖြူ ရင်ဆိုင်စို့၊
သည်လမ်းမှာ သည်ခါပန်းနှင့်
လွမ်းသင့်ပြီမို့။

\- ဖိတ်စာဝေ ပန်းတွေကမ်း
ချစ်လမ်းဖြင့် စခဲ့ပြီ၊
မောင်မယ်မှာ ပြုံးပန်းဝေ့
ထုံးဓလေ့ညီ၊
မင်္ဂလာပွဲ လှပန်းချီ
ဘယ်ပန်းချီ မီနိုင်ဖို့၊
တူနှစ်ကိုယ် ချစ်အိပ်မက်
လက်ခဲ့ပြီမို့။

\- သီတင်းရယ် ခါခါကျွတ်
ဆွတ်မိပေါ့ သည်တစ်ခါ၊
ပန်းဖြူဖြူ လှယမင်း
သက်ဆင်းလို့လာ၊
ခုတော့ဖြင့် တူနှစ်ဖြာ
ရာသက်ပန် ဆုံပြီမို့၊
မီးပုံးတွေ သည်ဝါကျွတ်မှာ
တူတူလွှတ်စို့။

\- ကြာငါးမည် လှိုင်လှိုင်ပွင့်
ထူးတင့်တဲ့ ဝါကျွတ်ဆို၊
တိမ်ကင်းကာ လပြည့်ဝန်း
ထွန်းလင်းဖြာစို၊
မြတ်ဘုရားသို့ ရည်ညွှန်းဆို
ကုသိုလ်ကို ယူပါလို့၊
မီးပုံးတွေ ဝလာထက်
လွှင့်တက်ပြီမို့။ ။

**ပြေအေးသက်**

## နိုင်ငံတကာ သတင်းများ

# တရုတ်ကွန်မြူနစ်ပါတီ၏ အကြိမ် (၂၀) မြောက် ပါတီညီလာခံ ပြီးဆုံး



**ပေကျင်း အောက်တိုဘာ ၂၂**

တရုတ်ကွန်မြူနစ် ပါတီ၏ အကြိမ်(၂၀) မြောက် ပါတီညီလာခံသည် ယနေ့တွင် ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ညီလာခံ နောက်ဆုံးနေ့တွင် တရုတ်ကွန်မြူနစ်ပါတီသည် သမ္မတ ရှီကျင့်ဖျင်၏ နိုင်ငံရေးအာဏာ ကျင့်သုံးနိုင်စွမ်းကို ပိုမိုခိုင်မာစေမည့် ပါတီဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်များကို အတည်ပြုခဲ့ကြကြောင်း သိရသည်။

တရုတ်ကွန်မြူနစ်ပါတီ အကြိမ်(၂၀)မြောက် ညီလာခံကို ပေကျင်းမြို့ ပြည်သူ့မဟာခန်းမဆောင်၌ အောက်တိုဘာ ၁၆ ရက်တွင် စတင်ကျင်းပခဲ့ပြီး ပြည်သူ့ကိုယ်စားလှယ် ဦးရေ ၂၃၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

အဆိုပါညီလာခံ ဆွေးနွေးပွဲများမှ အတည်ပြုခဲ့သော ဆုံးဖြတ်ချက်ရလဒ်များအရ လက်ရှိတရုတ်ဝန်ကြီးချုပ် လီကားချန်သည် ကွန်မြူနစ်ပါတီ ပေါ်လစ်ဗျူရို အမြဲတမ်းကော်မတီ၌ ပါဝင်တော့မည်မဟုတ်ကြောင်း သိရသည်။

ထို့ပြင် ပေါ်လစ်ဗျူရိုအမြဲတမ်းကော်မတီဝင်သစ်များကို အောက်တိုဘာ ၂၃ ရက်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။

တရုတ်ကွန်မြူနစ်ပါတီ အကြိမ်(၂၀)မြောက် ညီလာခံဆုံးဖြတ်ချက်များအရ သမ္မတ ရှီကျင့်ဖျင်သည် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူး ရာထူးတတိယသက်တမ်းကို ဆက်လက်ရယူဖွယ် ရှိကြောင်း သိရသည်။

KKO

# မောင်းသူမဲ့ လေယာဉ်စွပ်စွဲချက် စုံစမ်းစစ်ဆေးရေး တောင်းဆိုမှုများကို အီရန်အစိုးရ ဝေဖန်ရှုတ်ချ

**တီဟီရန် အောက်တိုဘာ ၂၂**

ယူကရိန်းကို တိုက်ခိုက်ရေးအတွက် ရုရှားနိုင်ငံက အီရန်နိုင်ငံထုတ် မောင်းသူမဲ့လေယာဉ်များအားအသုံးပြုခဲ့သည်ဆိုသော စွပ်စွဲချက်များနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုပြုလုပ်ပေးရန် တောင်းဆိုမှုများကို အီရန်နိုင်ငံက ယနေ့တွင် ပြင်းထန်စွာ ရှုတ်ချခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ယူကရိန်းကို တိုက်ခိုက်ရာတွင် အီရန်မောင်းသူမဲ့ လေယာဉ်များအား ရုရှားနိုင်ငံက သုံးစွဲခဲ့သည်ဆိုသောစွပ်စွဲချက်များနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးရန် ဂျာမနီ၊ ပြင်သစ်နှင့်ဗြိတိန်တို့က ကုလသမဂ္ဂကို တောင်းဆိုထားသည်။

သို့သော် အဆိုပါနိုင်ငံများ၏ တောင်းဆိုချက်ကို အခြေအမြစ်မရှိသည့်တောင်းဆိုချက်အဖြစ် အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ဝေဖန်ခဲ့သည်။

ထို့ပြင် ဗြိတိန်၊ ဂျာမနီနှင့် ပြင်သစ်တို့၏ အဆိုပါတောင်းဆိုချက်ကို မိမိတို့အနေဖြင့်ပြင်းထန်စွာ ရှုတ်ချသလို လက်သင့်လည်းခံမည်မဟုတ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ယူကရိန်းနိုင်ငံအတွင်းရှိ ပစ်မှတ်များကို တိုက်ခိုက်ရာတွင် ရုရှားနိုင်ငံသည် အီရန်နိုင်ငံထုတ် ရှာဟက်ဒ်-၁၃၆ မောင်းသူမဲ့လေယာဉ်များကို သုံးစွဲခဲ့ကြောင်း ယူကရိန်းအစိုးရက စွပ်စွဲထားသည်။

သို့ရာတွင် ရုရှားနိုင်ငံအတွက် မောင်းသူမဲ့လေယာဉ်များဖြည့်ဆည်းနေမှုစွပ်စွဲချက်ကို အီရန်နိုင်ငံကရော၊ ရုရှားနိုင်ငံကပါ ငြင်းပယ်ထားပြီးဖြစ်ကြောင်း သိရသည်။

KKO

# ဟေတီနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်မူကြမ်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ မဲခွဲအတည်ပြု

**ပို့အော်ပရင့်စ် အောက်တိုဘာ ၂၂**



ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် ဟေတီနိုင်ငံ၏ ငြိမ်းချမ်းမှုသို့မဟုတ် တည်ငြိမ်မှုတို့ကို ခြိမ်းခြောက်လာသူမှန်သမျှအား အရေးယူပိတ်ဆို့ခွင့်ပေးထားသောဆုံးဖြတ်ချက်မူကြမ်းကို အောက်တိုဘာ ၂၁ ရက်တွင် မဲခွဲအတည်ပြုခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

အဆိုပါ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်မူကြမ်းအရ ဟေတီ၏ ငြိမ်းချမ်းမှု၊ တည်ငြိမ်မှုတို့ကို ထိပါးခြိမ်းခြောက်နေသူများကိုပိုင်ဆိုင်မှုများ သိမ်းယူခြင်း၊ ခရီးသွားလာခွင့်ပိတ်ပင်ခြင်း၊ လက်နက်တင်ပို့ရောင်းချမှုပိတ်ပင်ခြင်းများ ပြုလုပ်နိုင်မည်ဖြစ်သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်မူကြမ်းတွင် အရေးယူပိတ်ဆို့မှုများ၏ ပထမဆုံးပစ်မှတ်အဖြစ် ဟေတီဒုစရိုက် ဂိုဏ်းခေါင်းဆောင် ဂျင်မီချီရစ်ဇီယာကို အမည်နာမနှင့်အတူတကွထည့်သွင်းဖော်ပြထားသည်။

အဆိုပါဆုံးဖြတ်ချက်မူကြမ်းကို အမေရိကန်နိုင်ငံနှင့်မက္ကဆီကိုနိုင်ငံတို့က ပူးတွဲရေးဆွဲတင်သွင်းခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်လမှစ၍ ဂျင်မီချီရစ်ဇီယာဦးဆောင်သည့်ဟေတီဒုစရိုက်ဂိုဏ်းများသည် အဓိကရေနံဆိပ်ကမ်းတစ်ခုကို ပိတ်ဆို့ထားခဲ့ရာ ဟေတီပြည်သူများ အကြီးအကျယ် ဒုက္ခရောက်နေကြရသည်။

ဒုစရိုက်ဂိုဏ်းများရန်ကိုရင်ဆိုင်ရာတွင် ဟေတီရဲတပ်ဖွဲ့ကို ကူညီရေးအတွက် လျှပ်တစ်ပြက်တုံ့ပြန်ရေးတပ်ဖွဲ့စေလွှတ်ရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်ကလည်း အဆိုပြုထားကြောင်း သိရသည်။

KKO

# ပထမဆုံး အီတလီအမျိုးသမီးဝန်ကြီးချုပ်အဖြစ် လက်ယာဝါဒီ မီလိုနီ ကျမ်းသစ္စာကျိန်ဆို

**ရောမ အောက်တိုဘာ ၂၂**

လက်ယာယိမ်း အီတလီနိုင်ငံရေးခေါင်းဆောင် ဂျီအော်ဂျီရာ မီလိုနီသည် ယနေ့တွင် အီတလီနိုင်ငံ၏ ပထမဆုံးအမျိုးသမီးဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

မီလိုနီသည် ၎င်းရွေးချယ်ထားသော အစိုးရအဖွဲ့ဝင်သစ်များနှင့်အတူ ကျမ်းသစ္စာကျိန်ဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဝန်ကြီးချုပ် မီလိုနီဦးဆောင်သော အီတလီအစိုးရအဖွဲ့သစ်သည် ဒုတိယကမ္ဘာစစ်နောက်ပိုင်း လက်ယာဝါဒ အယိမ်းဆုံးအစိုးရအဖွဲ့ဖြစ်လာလိမ့်မည်ဖြစ်သည်။

အီတလီနိုင်ငံအနေဖြင့် ကြွေးဝန်ပိနေသော စီးပွားရေးကြောင့် ယာယီအားဖြင့် စီးပွားရေးအရ အကျပ်ဆိုက်ကပ်မည့် အခြေအနေသို့ ဦးတည်နေချိန်တွင် မီလိုနီက အီတလီနိုင်ငံ၏ ပထမဆုံးအမျိုးသမီးဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့ခြင်းဖြစ်သည်။

အသက် ၄၅ နှစ်ရှိ မီလိုနီသည် ပြီးခဲ့သည့်လက ကျင်းပခဲ့သည့် ရွေးကောက်ပွဲ၌ အနိုင်ရခဲ့ပြီးနောက် အီတလီဝန်ကြီးချုပ်ရာထူးရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မီလိုနီ၏ အစိုးရအဖွဲ့သည် အီတလီနိုင်ငံအတွက် ၇၆ နှစ်တာကာလအတွင်း ၆၈ ဖွဲ့မြောက် အစိုးရအဖွဲ့ဖြစ်ကြောင်း သိရသည်။KKO



# သမ္မတအာဏာကန့်သတ်ရေး ဖွဲ့စည်းပုံပြင်ဆင်ချက် သီရိလင်္ကာလွှတ်တော်အမတ်များ အတည်ပြု

**ကိုလံဘို အောက်တိုဘာ ၂၂**

သမ္မတအာဏာကို ကန့်သတ်ရန်ရည်ရွယ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်များကို သီရိလင်္ကာ လွှတ်တော်အမတ်များက အောက်တိုဘာ ၂၁ ရက်တွင် မဲခွဲအတည်ပြုခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့ကြောင်း သိရသည်။

အဆိုပါဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ချက်များကို မဲခွဲရာတွင် သီရိလင်္ကာ လွှတ်တော်အမတ် ၂၂၅ ဦးအနက် ၁၇၉ ဦးတို့က ထောက်ခံမဲပေးခဲ့မှုကြောင့် ယင်းပြင်ဆင်ချက်များကို အတည်ပြုနိုင်ခဲ့ခြင်းဖြစ်သည်။

သမ္မတအာဏာ ကန့်သတ်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ချက်မူကြမ်းများကို အတည်ပြုနိုင်ရေးအတွက် သီရိလင်္ကာလွှတ်တော်အနေဖြင့် လွှတ်တော်အမတ် သုံးပုံနှစ်ပုံ၏ထောက်ခံမှုကို ရယူရန်လိုအပ်သည်။

အဆိုပါဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ချက်သည် သီရိလင်္ကာပြည်သူများ တောင်းဆိုထားသည့်အတိုင်း နိုင်ငံရေးစနစ်အပြောင်းအလဲပြုလုပ်ရာတွင် ကူညီပေးလိမ့်မည်ဖြစ်ကြောင်း သီရိလင်္ကာ တရားရေးဝန်ကြီး ဝီဂျီဒါဆာရာဂျပက်ရှိက လွှတ်တော်၌ ပြောကြားခဲ့သည်။


သီရိလင်္ကာ လွှတ်တော်အမတ်များသည် သမ္မတအာဏာကန့်သတ်ရေးဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက်မူကြမ်းကို အောက်တိုဘာ ၂၀ ရက်တွင် စတင်ဆွေးနွေးခဲ့ပြီး ၂၁ ရက်တွင် မဲခွဲအတည်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့သော် အဆိုပါဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ချက်သည် အစိုးရအာဏာကို လျှော့ချရေး၊ အစိုးရ၏တာဝန်ယူမှု၊ တာဝန်ခံမှုတို့ကို မြှင့်တင်ရေးတို့အတွက် လုံလောက်မှု မရှိသေးသည်ဟု အတိုက်အခံများက ဝေဖန်ထားကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ကြယ်တစ်စင်းကို ဝါးမျိုစားသုံးပြီး သုံးနှစ်အကြာတွင် ရေဒီယိုစွမ်းအင်လှိုင်းများ ပြန်အန်ထုတ်နေသည့် အာကာသတွင်းနက်တစ်ခု ရှာဖွေတွေ့ရှိထား



**ဝါရှင်တန် အောက်တိုဘာ ၂၂**

ကြယ်တစ်စင်းကို ဝါးမျိုစားသုံးပြီး သုံးနှစ်အကြာတွင် ရေဒီယိုစွမ်းအင်လှိုင်းများ ပြန်အန်ထုတ်နေသည့် အာကာသတွင်းနက်တစ်ခုကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း The Daily Mail သတင်းစာက အောက်တိုဘာ ၂၁ ရက်က ရေးသားတင်ပြထားသည်။

သာမန်အားဖြင့် အာကာသတွင်းနက်များသည် ပတ်ဝန်းကျင်ရှိ ကြယ်များကို ဝါးမျိုစားသုံးနေစဉ်မှာပင် ရေဒီယိုစွမ်းအင်လှိုင်းများ ပြန်အန်ထုတ်လေ့ရှိသည်။

သို့ဖြစ်ရာ အဆိုပါအာကာသတွင်းနက်အနေဖြင့် ကြယ်တစ်စင်းကို ဝါးမျိုစားသုံးပြီး သုံးနှစ်ကြာမှသာ ရေဒီယိုစွမ်းအင်လှိုင်းများ အဘယ်ကြောင့် ပြန်အန်ထုတ်လာရသည်ကို နားမလည်နိုင်သေးကြောင်း အမေရိကန်နိုင်ငံ ဟားဗတ်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် အထက်ပါအာကာသတွင်းနက်သည် အနီးရှိကြယ်ငယ်တစ်စင်းကို ဝါးမျိုခဲ့သည်။

ကမ္ဘာမြေနှင့်အလင်းနှစ် ၆၆၅ သန်းအကွာ၌ဖြစ်ပွားခဲ့သော AT-2018hyz ဟူ၍ အမည်ပေးထားသည့် အဆိုပါဖြစ်စဉ်ကို သိပ္ပံပညာရှင်များက လအတန်ကြာစောင့်ကြည့်ခဲ့ကြသော်လည်း ကြယ်ကိုဝါးမျိုပြီး သုံးနှစ်ကြာမှသာ ရေဒီယိုစွမ်းအင်လှိုင်းများက အာကာသတွင်းနက်က ထုတ်လွှတ်ခဲ့သည်ကို ဖော်ထုတ်တွေ့ရှိခဲ့ရခြင်းဖြစ်သည်။

အမေရိကန် သိပ္ပံပညာရှင်များသည် AT2018hyz ဖြစ်စဉ်ကို ချီလီအခြေစိုက် ရေဒီယိုတယ်လီစကုပ်စနစ်များဖြင့် လေ့လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ KKO

## Space-X အာကာသနည်းပညာကုမ္ပဏီက ၁၈၆ ကြိမ်မြောက် အာကာသမစ်ရှင်အဖြစ် စတားလင့်ခ်ဂြိုဟ်တု ၅၄ စင်း လွှတ်တင်ခဲ့

**ဝါရှင်တန် အောက်တိုဘာ ၂၂**

အမေရိကန်နိုင်ငံ အခြေစိုက် Space-X အာကာသနည်းပညာကုမ္ပဏီသည် ၎င်း၏ ၁၈၆ ကြိမ်မြောက် အာကာသမစ်ရှင်အဖြစ် စတားလင့်ခ်ဂြိုဟ်တု ၅၄ စင်းကို အောက်တိုဘာ ၂၀ ရက်က လွှတ်တင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၂၁ ရက်က ရေးသားတင်ပြထားသည်။

Space-X အာကာသနည်းပညာကုမ္ပဏီသည် အဆိုပါစတားလင့်ခ်ဂြိုဟ်တုများကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ်လ် အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၁၅ မိနစ်မျှအကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် စတားလင့်ခ်ဂြိုဟ်တု ၅၄ စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။



အောက်တိုဘာ ၂၀ ရက်မစ်ရှင်သည် Space-X ကုမ္ပဏီ၏ ယခုနှစ်အတွက် အောင်မြင်မှုရှိခဲ့သော ၄၈ ကြိမ်မြောက် ဖယ်လ်ကွန်-၉ ဒုံးပျံလွှတ်တင်မှုဖြစ်ကြောင်း သိရသည်။

အဆိုပါမစ်ရှင် အောင်မြင်ခဲ့မှုကြောင့် Space-X ကုမ္ပဏီသည် လက်ရှိအချိန်ထိ စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တု အစင်းပေါင်း ၃၃၀၀ ကျော်ကို ကမ္ဘာ့ပတ် လမ်းကြောင်းပေါ်၌ နေရာချထားခဲ့ပြီးဖြစ်သည်။

Space-X ကုမ္ပဏီသည် ယခုနှစ်အတွင်း နှစ်မကုန်သေးမီ၌ပင် မစ်ရှင် ၅၀ ခန့် လွှတ်တင်ခဲ့ရာ အများစုမှာ စတားလင့်ခ်မစ်ရှင်များဖြစ်ကြကြောင်း သိရသည်။ KKO

## နာဆာ၏ DART အာကာသယာဉ် ဝင်တိုက်ခဲ့ပြီးနောက် ဒီမောဖော့စ်ဂြိုဟ်သိမ်မှ အမြီးတန်းနှစ်ခု ပေါ်ထွက်လာ

**ဝါရှင်တန် အောက်တိုဘာ ၂၂**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ DART အာကာသယာဉ် ဝင်တိုက်ခဲ့ပြီးနောက် ဒီမောဖော့စ်ဂြိုဟ်သိမ်မှ အမြီးတန်းနှစ်ခု ပေါ်ထွက်လာကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၂၁ ရက်က ရေးသားတင်ပြထားသည်။

နာဆာ၏ DART အာကာသယာဉ်သည် ဂြိုဟ်သိမ်လမ်းကြောင်း ပြောင်းလဲမှုနည်းပညာ စမ်းသပ်ရေးမစ်ရှင်အရ ယခုနှစ် စက်တင်ဘာ ၂၆ ရက်က ဒီမောဖော့စ်ဂြိုဟ်သိမ်ကို ဝင်တိုက်ခဲ့သည်။

ဝင်တိုက်ပြီး နှစ်ရက်အတွင်း၌ပင် ဝင်တိုက်မှုကြောင့် ပေါ်ထွက်လာသော အစအနအမှုန်အမွှားများသည် နေ၏ဖြာထွက်ရောင်ခြည်ဖိအားကြောင့် မိုင် ၆၀၀၀ ခန့် ရှည်လျားသော အမြီးတန်းအဖြစ် ပြောင်းလဲခဲ့ရသည်။

သို့ရာတွင် ဟက်ဘယ်အာကာသ ရေဒီယိုတယ်လီစကုပ်မှ ရရှိသည့် အချက်အလက်များအရ ဒီမောဖော့စ်ဂြိုဟ်သိမ်မှ ထွက်ပေါ်လာသည့် အမြီးတန်းမှာ နှစ်ခုထိရှိနေကြောင်း သိရသည်။

DART အာကာသယာဉ် ဝင်တိုက်ပြီးနောက် ဒီမောဖော့စ်ဂြိုဟ်သိမ်ထံမှ အမြီးတန်းနှစ်ခုထိပေါ်ထွက်လာမှုမှာ မမျှော်လင့်ထားသည့်ကိစ္စဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

ဒီမောဖော့စ်ဂြိုဟ်သိမ်၏ ဒုတိယအမြီးတန်းသည် DART အာကာသယာဉ်ဝင်တိုက်ပြီးနောက် အောက်တိုဘာ ၂ ရက်နှင့် ၈ ရက်ကြား တစ်ချိန်ချိန်တွင် ပေါ်ထွက်လာခြင်းဖြစ်နိုင်သည်ဟု နာဆာသိပ္ပံပညာရှင်များက ယူဆထားကြောင်း သိရသည်။

KKO

# HEALTH

## ချောင်းဆိုးပျောက်ဆေးရည် ပုံစံအားလုံး ရောင်းချမှုကို အင်ဒိုနီးရှားနိုင်ငံ ပိတ်ပင်

**ဂျကာတာ အောက်တိုဘာ ၂၂**

ယခုနှစ်အတွင်း ပြင်းထန်ကျောက်ကပ် ဒဏ်ရာများကြောင့် ကလေး ၉၉ ဦး သေဆုံးခဲ့ရပြီးနောက် အင်ဒိုနီးရှားနိုင်ငံသည် ချောင်းဆိုးပျောက်ဆေးရည် ပုံစံအားလုံးရောင်းချမှုကို ပိတ်ပင်လိုက်ပြီဖြစ်ကြောင်း ယူပီအိုင်သတင်းဌာနက အောက်တိုဘာ ၂၁ ရက်က ရေးသားတင်ပြထားသည်။

ရောင်းချခွင့်ပိတ်ပင်လိုက်သော ချောင်းဆိုးပျောက်ဆေးရည်များထဲတွင် အီသလင်ဂလိုင်ကိုးလ် (Ethylene Glycol) ခေါ် ဓာတုပစ္စည်းတစ်မျိုးပါဝင်မှုမှာ ဘေးကင်းလုံခြုံမှုရှိသည့် အဆင့်ထက်လွန်ကဲနေကြောင်း အင်ဒိုနီးရှား အစားအစာနှင့် ဆေးဝါးလုံခြုံရေးအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

အင်ဒိုနီးရှား တာဝန်ရှိသူများ၏ အဆိုအရ ချောင်းဆိုးပျောက်ဆေးရည်များနှင့်ဆက်စပ်နေသော ပြင်းထန် ကျောက်ကပ်ဒဏ်ရာများကို ကလေးပေါင်း ၂၀၀ တွင်တွေ့ရှိခဲ့ရပြီး ကလေးအများစုမှာ အသက်ငါးနှစ်အောက်သာရှိသည့် ကလေးများဖြစ်ကြကြောင်း သိရသည်။

အီသလင်ဂလိုင်ကိုးလ်ကို ဒိုင်အီသလင်ဂလိုင်ကိုးလ် (Diethylene Glycol) အမည်ရှိ ဓာတုပစ္စည်းတစ်မျိုးနှင့်အတူ ချောင်းဆိုးပျောက်ဆေးရည်များ၌ ထည့်သွင်းအသုံးပြုလေ့ရှိသည်။

သို့ရာတွင် အဆိုပါဓာတုဒြပ်ပေါင်းများသည် အသည်းနှင့်ကျောက်ကပ်တို့ကို သိသိသာသာ ထိခိုက် ပျက်စီးစေနိုင်ကြောင်း၊ ယခုလအစောပိုင်းကလည်း ဂမ်ဘီယာနိုင်ငံ၌ ကလေး ၆၆ ဦး သေဆုံးမှုနှင့်ဆက်စပ်နေသည့် ချောင်းဆိုးပျောက်ဆေးရည် လေးမျိုးနှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တစ်ကမ္ဘာလုံးဆိုင်ရာ သတိပေးချက် ထုတ်ပြန်ထားပြီးဖြစ်ကြောင်း သိရသည်။

KKO

## နေ့စဉ်ခြေလှမ်း ၁၀၀၀၀ ခန့် လမ်းလျှောက်ပါက ကျန်းမာရေးအတွက် လုံလောက်မှုရှိနိုင်

**နယူးယောက် အောက်တိုဘာ ၂၂**

တစ်ရက်လျှင် ခြေလှမ်း ၁၀၀၀၀ သို့မဟုတ် ထိုထက်လျော့၍ လမ်းလျှောက်ခဲ့လျှင်ပင် ကျန်းမာရေးကို မြှင့်တင်ရေးအတွက် လုံလောက်မှုရှိနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၂၁ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် သက်လတ်ပိုင်းနှင့် သက်ကြီးပိုင်း အရွယ်ရောက်သူ ၆၀၀၀ တို့ကို လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ နေ့စဉ်ခြေလှမ်းအနည်းဆုံး ၈၀၀၀ မှ ၉၀၀၀ ထိ လမ်းလျှောက်သူများ၌ လာမည့် ခုနစ်နှစ်အတွင်း ကျန်းမာရေးပြဿနာအမျိုးမျိုးနှင့်ရင်ဆိုင်ရနိုင်ခြေများ ပုံမှန်ထက်ကျဆင်းသွားတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ခြေလှမ်း ၈၀၀၀ သို့မဟုတ် ၉၀၀၀ သည် လမ်းလျှောက်နှုန်းအပေါ် မူတည်၍ ပျမ်းမျှ လေးမိုင်အကွာအဝေး လမ်းလျှောက်မှုနှင့် ညီမျှကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

တစ်ရက်လျှင် ခြေလှမ်း ၈၀၀၀ နှင့် ၉၀၀၀ ကြား လမ်းလျှောက်မှုကြောင့် သက်လတ်ပိုင်းနှင့်သက်ကြီးပိုင်းများတွင် သွေးဖိအားပုံမှန်ထက်မြင့်မားမှု၊ ဆီးချို၊ အိပ်စက်မှုပုံစံဖောက်ပြန်မှု စသည့်ကျန်းမာရေးပြဿနာ ပေါ်လာနိုင်ခြေများ ကျဆင်းသွားနိုင်သည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ဘိုင်ယန်မြူးနစ်ကစားသမားဟောင်း ရီဘာရီ ကစားသမားဘဝမှ အနားယူ

**ရောမ အောက်တိုဘာ ၂၂**

စီးရီးအေကလပ် ဆလာနီတာနာအသင်းတွင် ကစားနေသည့် ဘိုင်ယန်မြူးနစ် ကွင်းလယ်ကစားသမားဟောင်း ရီဘာရီသည် ဒူးဒဏ်ရာပြဿနာကြောင့် ကာလရှည်အနားယူနေရသဖြင့် ကစားသမားဘဝမှအနားယူရန် ကြေညာခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၉ နှစ်ရှိ ရီဘာရီသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဖီအိုရင်တီးနားအသင်းမှဆလာနီတာနာအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ပါဝင်သည့်ပွဲစဉ်များတွင် ခြေစွမ်းပြကစားနိုင်ခဲ့သော်လည်း ယခုနှစ်ဩဂုတ်လကရရှိခဲ့သည့် ဒူးဒဏ်ရာကြောင့် ကာလရှည် အနားယူခဲ့ရကာ ဒဏ်ရာမှ ပြန်လည်သက်သာလာခြင်းမရှိသဖြင့် ကစားသမားဘဝမှ အနားယူရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ရီဘာရီက "ဆလာနီတာနာအသင်းအပါအဝင် ကျွန်တော့်အနေနဲ့ ထိပ်တန်းလိဂ်တွေမှာ အနှစ် ၂၀ ကျော် ကစားခဲ့ပါတယ်။ ဒါပေမဲ့ အခုအချိန်က ကျွန်တော့်အတွက် တကယ်အခက်အခဲဆုံးအချိန်ပါ။ ကြံ့ခိုင်မှုပိုင်းအားနည်းလာတော့ စွန့်စားတဲ့အလုပ်တွေ လုပ်ဖို့ မဖြစ်နိုင်တော့ပါဘူး။ ကျွန်တော်ဒူးဒဏ်ရာရခဲ့တာ သုံးလကျော်သွားပေမဲ့ ဆရာဝန်က ကျွန်တော့်ဒဏ်ရာက ဘောလုံးကစားရင် အခြေအနေဆိုးဖို့ပဲရှိတယ်လို့ပြောပါတယ်။ ဒါကြောင့် ကျွန်တော့်ရဲ့ ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို အဆုံးသတ်လိုက်ရတာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ ML



| | | | | |
|---|---|---|---|---|
| **ပရီးမီးယားလိဂ် ပွဲစဉ် (၁၃) ရလဒ်** | | | | |
| နော်တင်ဟမ် | ၁ | - | ဝ | လီဗာပူး |
| အဲဗာတန် | ၃ | - | ဝ | ပဲလေ့စ် |
| မန်စီးတီး | ၃ | - | ၁ | ဘရိုက်တန် |
| **စပိန်လာလီဂါ ပွဲစဉ်(၁၁) ရလဒ်** | | | | |
| ဗယ်လ်ကာနို | ၅ | - | ၁ | ကာဒီဇက် |
| ဗယ်လာဒိုးလစ် | ၁ | - | ဝ | ဆိုစီဒက် |
| **အီတလီစီးရီးအေ ပွဲစဉ်(၁၁) ရလဒ်** | | | | |
| ဆလာနီတာနာ | ၁ | - | ဝ | စပီဇီယာ |

(ဝ၄ဝ)

## အားကစားသတင်း အတိုအထွာများ

- ဒဏ်ရာရရှိနေသည့် တောင်ပံတိုက်စစ်ကစားသမား ကူလူဆက်စကီးအနေဖြင့် ကမ္ဘာ့ဖလားမတိုင်မီ ပြန်လာရန်မဖြစ်နိုင်သဖြင့် တိုက်စစ်ပိုင်းအတွက် စိုးရိမ်မိသည်ဟု စပါးအသင်း နည်းပြကွန်တီက ပြောကြားခဲ့သည်။
- စူပါလိဂ်ပြိုင်ပွဲအစီအစဉ်ကို ပြန်လည်စတင်ရန် ကြိုးပမ်းနေသော်လည်း ဂျာမန်ကလပ် ဘိုင်ယန်မြူးနစ်အသင်းနှင့် ဒေါ့မွန်အသင်းတို့က ပါဝင်ရန် စိတ်ဝင်စားမှုမရှိကြောင်း ထုတ်ပြန်ခဲ့သည်။
- တိုက်စစ်မှူး ဟာလန်းအနေဖြင့် ဘောလုံးလောကတွင် ပြောင်းရွှေ့ကြေး တစ်ဘီလီယံဖြင့် ပြောင်းရွှေ့နိုင်သည့် ပထမဆုံးကစားသမားဖြစ်လာနိုင်သည်ဟု ၎င်း၏အေးဂျင့် ပီမန်တာက ပြောကြားခဲ့ကြောင်း သိရသည်။ ML

# 2022 Golden Boy ဆုကို ဘာစီလိုနာအသင်းမှ ဂါဗီဆွတ်ခူး




**ရောမ အောက်တိုဘာ ၂၂**

အီတလီနိုင်ငံအခြေစိုက် Tutto Sports က ရွေးချယ်ချီးမြှင့်ပေးအပ်သည့် 2022 Golden Boy ဆုကို ဒေါ့မွန်အသင်းမှ ဘယ်လင်ဟမ်နှင့် ရီးရဲလ်မက်ဒရစ်အသင်းမှ ကာမာဗင်ဂါတို့ကို ကျော်ဖြတ်ပြီး ဘာစီလိုနာအသင်းမှ လူငယ်ကွင်းလယ် ကစားသမား ဂါဗီက ဆွတ်ခူးခဲ့သည်ဟု Bleacher Report Football သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၁၈ နှစ်သာ ရှိသေးသည့် ဂါဗီသည် ဘာစီလိုနာအသင်း အကယ်ဒမီဖြစ်သည့် မာလာစီယာ အကယ်ဒမီထွက် ကစားသမား တစ်ဦးဖြစ်ပြီး ပြီးခဲ့သည့် ဘောလုံးရာသီကမှ ဘာစီလိုနာအသင်းနှင့် ပရော်ဖက်ရှင်နယ်စာချုပ် ချုပ်ဆို၍ စတင်ပါဝင်ကစားခဲ့သူဖြစ်သည်။

ဂါဗီသည် ပြီးခဲ့သည့်ဘောလုံးရာသီကမှ အသင်းနှင့်စာချုပ်ချုပ်ဆိုကာ ပူးပေါင်းခဲ့သော်လည်း အသင်းတွင် စီနီယာကစားသမားများကို ကျော်ဖြတ်ပြီး အဓိကကွင်းလယ်ကစားသမားတစ်ဦးအဖြစ် ခြေစွမ်းပြသနိုင်ခဲ့သည့်အပြင် စပိန်လက်ရွေးစင် အသင်းတွင်လည်း အဓိက ကွင်းလယ်ကစားသမားအဖြစ် ခြေစွမ်းပြသနိုင်ခဲ့ပြီးနောက် 2022 Golden Boy ဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

Golden Boy ကို ကမ္ဘာ့ထိပ်တန်းကစားသမားများဖြစ်သည့် အမ်ဘက်ပီ၊ ဟာလန်း၊ ရွန်းနီ၊ အဂူရို၊ ပေါ့ဂ်ဘာ၊ ဖာဗရီဂက်စ်၊ မက်ဆီအစရှိသည့်ကစားသမားများလည်းရရှိခဲ့ဖူးပြီး ပြီးခဲ့သည့် 2021 Golden Boy ဆုကို ဘာစီလိုနာအသင်းမှ ပက်ဒရီက ရရှိခဲ့ပြီး ယခုအခါတွင်လည်း ဂါဗီက ရရှိခဲ့သည့်အတွက် ဘာစီလိုနာအသင်းမှ ကစားသမားများအနေဖြင့် နှစ်နှစ်ဆက် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

# ပြိုင်ပွဲဝင်အသင်း ၃၂ သင်းဖြင့် ပထမဆုံးကျင်းပမည့် အမျိုးသမီးကမ္ဘာ့ဖလားအုပ်စုမဲခွဲပွဲကျင်းပ

**အော့ကလန် အောက်တိုဘာ ၂၂**

နယူးဇီလန်နှင့် ဩစတြေးလျနိုင်ငံတို့က အိမ်ရှင်အဖြစ်ပူးတွဲကျင်းပမည့် ၂၀၂၃ ခုနှစ် အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲအုပ်စုမဲခွဲကို နယူးဇီလန်နိုင်ငံ အော့ကလန်မြို့တွင် ကျင်းပခဲ့ရာ လက်ရှိကမ္ဘာ့ဖလားချန်ပီယံ အမေရိကန်အသင်းက နယ်သာလန်အသင်းနှင့်လည်းကောင်း၊ ဥရောပချန်ပီယံအင်္ဂလန်အသင်းက ဒိန်းမတ်အသင်းနှင့်လည်းကောင်း ထိပ်တိုက်တွေ့ဆုံခဲ့ကြောင်း 90 Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါမဲခွဲပွဲတွင် အုပ်စု (A) ၌ နယူးဇီလန်၊ နော်ဝေ၊ ဆွစ်ဇာလန်နှင့် ဖိလစ်ပိုင်အသင်း၊ အုပ်စု (B) တွင် ဩစတြေးလျ၊ ကနေဒါ၊ အိုင်ယာလန်နှင့် နိုင်ဂျီးရီးယားအသင်း၊ အုပ်စု(C)တွင် စပိန်၊ ဂျပန်၊ ကော်စတာရီကာနှင့် ဇမ်ဘီယာအသင်း၊ အုပ်စု(D)တွင် အင်္ဂလန်၊ ဒိန်းမတ်၊ တရုတ်အသင်း play-off အုပ်စု(A)မှ အနိုင်ရမည့်အသင်းနှင့်လည်းကောင်း၊ အုပ်စု (E) တွင် အမေရိကန်၊ နယ်သာလန်၊ ဗီယက်နမ်တို့က play-off အုပ်စု(B)မှ အနိုင်ရသည့် အသင်းနှင့်လည်းကောင်း၊ အုပ်စု (F) တွင် ပြင်သစ်၊ ဘရာဇီး၊ ဂျမေကာတို့က play-off အုပ်စု(C)မှ အနိုင်ရသည့်အသင်းနှင့်လည်းကောင်း ကစားရမည်ဖြစ်သည်။

အုပ်စု(G)တွင် ဆွီဒင်၊ အီတလီ၊ အာဂျင်တီးနား၊ တောင်အာဖရိကတို့ကလည်းကောင်း၊ အုပ်စု(H)တွင် ဂျာမနီ၊ တောင်ကိုရီးယား၊ ကိုလံဘီယာနှင့် မော်ရိုကို အသင်းတို့ တစ်အုပ်စုတည်းကျရောက်ခဲ့သည်။

လက်ရှိတွင် အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ ဝင်ခွင့်သုံးနေရာအတွက် play-off အုပ်စု(A)တွင် ဆီနီဂေါ၊ ဟေတီအသင်းတို့မှအနိုင်ရသည့်အသင်းက ပေါ်တူဂီအသင်းနှင့်လည်းကောင်း၊ အုပ်စု (B) တွင် ကင်မရွန်း၊ ထိုင်းအသင်းတို့မှအနိုင်ရသည့်အသင်းက ချီလီအသင်းနှင့်လည်းကောင်း၊ အုပ်စု (C) တွင် တရုတ်(တိုင်ပေ)၊ ပါရာဂွေးနှင့် ပါပူဝါနယူးဂီနီ၊ ပနားမားအသင်းတို့မှ အနိုင်ရသည့်အသင်းက ကမ္ဘာ့ဖလား ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ပြီး အဆိုပါပွဲစဉ်များကို လာမည့် ဖေဖော်ဝါရီ ၂၂ ရက် နောက်ဆုံးထား ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ML

# WBO Inter-Continental လိုက်ဝိတ်တန်း ယာယီချန်ပီယံ လိုမာချန်ကိုက ဂျာမိန်းအော့တစ်ဇ်နှင့် ထိုးသတ်သွားမည်

**နယူးယောက် အောက်တိုဘာ ၂၂**

WBO Inter-Continental လိုက်ဝိတ်တန်း ယာယီချန်ပီယံ လိုမာချန်ကိုက အောက်တိုဘာ ၂၉ ရက်တွင် စိန်ခေါ်သူ အမေရိကန်လက်ဝှေ့သမား ဂျာမိန်းအော့တစ်ဇ်နှင့် အမေရိကန်နိုင်ငံ နယူးယောက်တွင် ထိုးသတ်မည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု TSS သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လိုမာချန်ကိုသည် WBA (Super)၊ IBF၊ WBO လိုက်ဝိတ်တန်းချန်ပီယံဟောင်း ကမ်ဘိုဆော့နှင့် ထိုးသတ်ရန်စီစဉ်ခဲ့သော်လည်း ရုရှား-ယူကရိန်း အရေးကြောင့် ယူကရိန်းတပ်မတော်၌ ဝင်ရောက်တာဝန်ထမ်းဆောင်နေသောကြောင့် လိုမာချန်ကိုနေရာတွင် WBC လိုက်ဝိတ်တန်းချန်ပီယံ လက်ရှိလိုက်ဝိတ်တန်း၏ ပြိုင်ဘက်ကင်းကမ္ဘာ့ချန်ပီယံ ဒါဗင်ဟန်နေက အစားထိုးဝင်ရောက် ထိုးသတ်ခဲ့သည်။

ဒါဗင်ဟန်နေသည် ကမ်ဘိုဆော့ကို အနိုင်ရရှိကာ လိုက်ဝိတ်တန်း၏ ကမ္ဘာ့ချန်ပီယံ ဖြစ်လာသူဖြစ်ပြီး လိုမာချန်ကိုအနေဖြင့် အခွင့်အရေးကောင်းကို လက်လွှတ်ဆုံးရှုံးခဲ့ရသည်။

လိုမာချန်ကိုအနေဖြင့် ယူကရိန်းတပ်မတော်တွင် တာဝန်ထမ်းဆောင်နေရာမှ ဂျာမိန်းအော့တစ်ဇ်နှင့် ထိုးသတ်ရန်အတွက် လေ့ကျင့်မှုများပြုလုပ်နေပြီး ဂျာမိန်းအော့တစ်ဇ်နှင့်ထိုးသတ်ပြီးပါက ဒါဗင်ဟန်နေကို စိန်ခေါ်သွားမည်ဖြစ်ကြောင်း သိရသည်။





လိုမာချန်ကိုက "ဒီစိန်ခေါ်ပွဲကို ထိုးသတ်ဖို့ဆုံးဖြတ်ခဲ့တာက ယူကရိန်းပြည်သူတွေအတွက်ပါ။ ယူကရိန်းအလံကို ဂုဏ်ယူစွာဝတ်ဆင်ပြီးတော့ နိုင်ပွဲရအောင် ထိုးသတ်သွားမယ်။ နိုင်ငံရေးကြောင့် နိုင်ငံ့တာဝန်ထမ်းဆောင်နေရပေမဲ့ ကျွန်တော့်အနေနဲ့ လက်ဝှေ့အားကစားကို ချစ်မြတ်နိုးတယ်။ ဒါကြောင့်ကြိုးဝိုင်းထဲပြန်ဝင်ဖို့ ဆုံးဖြတ်ခဲ့တာပါ။ ကျွန်တော့်ရဲ့ အဓိကရည်ရွယ်ချက်က လိုက်ဝိတ်တန်းမှာပြိုင်ဘက်ကင်းချန်ပီယံတစ်ယောက်ဖြစ်ဖို့ပါ။ ဒီပွဲမှာအနိုင်ထိုးသတ်ပြီးတော့ လိုက်ဝိတ်တန်းရဲ့ ပြိုင်ဘက်ကင်းချန်ပီယံအဖြစ်ရပ်တည်နေတဲ့ ဒါဗင်ဟန်နေကိုစိန်ခေါ်သွားမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇)တွင် ရန်ကုန်ယူနိုက်တက်အသင်း အနိုင်ရရှိ




**ရန်ကုန် အောက်တိုဘာ ၂၂**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၇)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ရန်ကုန်ယူနိုက်တက်အသင်းက ISPE အသင်းကို ခြေစွမ်းပိုင်းအသာ၊ ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ပြီး ISPE အသင်းအနေဖြင့် ရန်ကုန်ယူနိုက်တက်အသင်း၏ တိုက်စစ်ဆင်မှုများကို ခက်ခက်ခဲခဲထိန်းချုပ်ကစားခဲ့ရသည်။

ပွဲချိန်ကြာလာသည်နှင့် ရန်ကုန်ယူနိုက်တက်အသင်းက ဂိုးသွင်းခွင့်များ အကြိမ်ကြိမ်ရရှိခဲ့ရာမှ ပွဲချိန် ၁၇ မိနစ်တွင် ထက်ဖြိုးဝေကလည်းကောင်း၊ ပွဲချိန် ၂၉ မိနစ်တွင် သူရိန်စိုးကလည်းကောင်း၊ ပွဲချိန် ၄၄ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ဂျူနီယာကလည်းကောင်း ရန်ကုန်ယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုးများ အသီးသီးသွင်းယူပေးနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင်ပင် ရန်ကုန်ယူနိုက်တက်အသင်းက သုံးဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ပွဲချိန် ဒုတိယပိုင်းတွင် ISPE အသင်းက လိုအပ်နေသည့်ချေပဂိုးများအတွက် ပြန်လည်ဖိအားပေးကစားရန်ကြိုးစားခဲ့သော်လည်း ထိရောက်သည့်တိုက်စစ်ဆင်မှုမပြုလုပ်နိုင်ခဲ့ဘဲ ရှုံးကန်ခဲ့ရပြီး ရန်ကုန်ယူနိုက်တက် အသင်းက နောက်ထပ်ဦးဆောင်ဂိုးများအတွက် ဂိုးသွင်းခွင့် အခွင့်အရေးများ ရရှိခဲ့သော်လည်း အဆုံးသတ်ပိုင်း မသေချာမှုများကြောင့် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက်အသင်းက ISPE အသင်းကို သုံးဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။ STA

# ROTHO တိုက်ကွမ်ဒိုချန်ပီယံရှစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၂**

မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်နှင့် ROTHO-Mentholatun (Myanmar)Co.,Ltd တို့ပူးပေါင်းကျင်းပသည့် ROTHOတိုက်ကွမ်ဒိုချန်ပီယံရှစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့သဃ်န်းကျွန်းမြို့နယ်ရှိ ဘူယောင်းတိုက်ကွမ်ဒိုလေ့ကျင့်ရေးစင်တာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ ROTHO-Mentholatun (Myanmar) Co.,Ltd မန်နေဂျင်းဒါရိုက်တာ ဒေါ်စန္ဒာရွှေက ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်ကိုပြောကြားပြီးနောက် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာမြဟန်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာမြဟန်နှင့်တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြပြီး အောင်ဆန်းတိုက်ကွမ်ဒိုအသင်း၏ သရုပ်ပြသခြင်းကိုကြည့်ရှု၍ ပြိုင်ပွဲယှဉ်ပြိုင်ကစားနေမှုကို အားပေးခဲ့ကြသည်။

အဆိုပါပြိုင်ပွဲတွင် အပြည်ပြည်ဆိုင်ရာခါးစည်းအနက်အဆင့် ရရှိသူများနှင့် မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်အသိအမှတ်ပြု ခါးစည်းအစိမ်းမှ အနီ(၁)ဒီဂရီရှိသူများ၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်အသိအမှတ်ပြု အသင်းများမှ အားကစားသမားများနှင့် အပြည်ပြည်ဆိုင်ရာ ခါးပတ်စည်းအနက်ဖြေဆိုထားသူများ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ STA

# အာဆင်နယ်အသင်းက ခံစစ်ကစားသမား ဂါဘရီရယ်ကို ၂၀၂၇ ခုနှစ်ထိ သက်တမ်းတိုးစာချုပ်ချုပ်ဆို

**လန်ဒန် အောက်တိုဘာ ၂၂**

အာဆင်နယ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ခြေစွမ်းပြကစားနေသည့် ခံစစ်ကစားသမား ဂါဘရီရယ်ကို လာမည့် ၂၀၂၇ခုနှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း Goal.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ခံစစ်ကစားသမား ဂါဘရီရယ်သည် ယခုနှစ်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲ ၁၀ ပွဲ ပါဝင်ခဲ့ရာ သွင်းဂိုးတစ်ဂိုးသွင်းယူ၍ ခြေစွမ်းပြသ နိုင်ခဲ့သည့်အပြင် အသင်းဖော်ကစားသမား ဆာလီဘာနှင့်တွဲဖက်ကာ အကောင်းဆုံးကစားနိုင်သောကြောင့် အမှတ်ပေးပြိုင်ပွဲ ၁၀ ပွဲကစားအပြီးတွင် ပေးဂိုး ၁၀ ဂိုးသာ ခွင့်ပြုခဲ့ရကာ အသင်းကို အမှတ်ပေးဇယားထိပ်သို့ရောက်ရှိအောင် အဓိကကူညီနိုင်ခဲ့သဖြင့် အသင်းတာဝန်ရှိသူများက ကာလရှည်စာချုပ်ချုပ်ဆိုရန် ဆုံးဖြတ်ခဲ့ပြီး ၂၀၂၇ ခုနှစ်ထိ သက်တမ်းတိုးခဲ့ကြောင်း သိရသည်။

အသက် ၂၄ နှစ်ရှိ ခံစစ်ကစားသမားသည် ၂၀၂၀ ပြည့်နှစ်က လိုင်လီအသင်းမှ အာဆင်နယ်အသင်းသို့ရောက်ရှိခဲ့ပြီး အဆိုပါဘောလုံးရာသီတွင် ဖူလ်ဟမ်အသင်းနှင့်ပွဲစဉ်၌ ပထမဆုံးပွဲထွက်ခွင့်ရရှိခဲ့ရာ အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့သည့်အပြင် ပုံစံကောင်းပြသနိုင်ခဲ့သဖြင့် အသင်း၏ တစ်လတာ အကောင်းဆုံးကစားသမားဆုကို ရယူနိုင်ခဲ့သည်။




ဂါဘရီရယ်က "အာဆင်နယ်ဟာ အောင်မြင်မှုတွေ ရရှိထားတဲ့ အသင်းကြီးတစ်သင်းပါ။ အခုလို အသင်းကြီးက ကျွန်တော့်ကို သက်တမ်းတိုးခဲ့လို့ ပျော်ရွှင်မိပါတယ်။ အာဆင်နယ်ဟာ ကျွန်တော့်ရဲ့အိမ်၊ ကျွန်တော့်ရဲ့ အနာဂတ်ပါ။ အသင်းမှာ ကာလရှည်နေထိုင်ပြီး အသင်းအတွက် ဆုဖလားတွေ ရယူပေးချင်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ ML

# ကမ္ဘာ့အဆင့်(၁)တင်းနစ်မယ်ဟောင်း ဆီမွန်နာ တားမြစ်ဆေးသုံးစွဲမှုကြောင့် ပွဲကစားခွင့်ပိတ်ပင်ခံရ

**ဘူခါရက်စ် အောက်တိုဘာ ၂၂**

ကနေဒါနိုင်ငံ မွန်ထရီရယ်လ်တွင်အခြေစိုက်သည့် ကမ္ဘာ့တားမြစ်ဆေးဝါးတိုက်ဖျက်ရေးအေဂျင်စီက ရိုမေးနီးယားတင်းနစ်မယ် ဆီမွန်နာသည် အေဂျင်စီက တားမြစ်ထားသည့်စာရင်းတွင် ပါဝင်နေသည့် ဆေးဝါးအမျိုးအစားကို အသုံးပြုခဲ့သည့်အတွက် ပြိုင်ပွဲဝင်ခွင့်ပိတ်ပင်လိုက်ပြီဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု UPI သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၁ နှစ်အရွယ် ဆီမွန်နာအား ပြိုင်ပွဲဝင်ခွင့် ပိတ်ပင်သည့်ကာလကိုမူ အတိအကျသတ်မှတ်ခဲ့ခြင်းမရှိသေးဘဲ အားကစားသမာဓိခုံရုံးက ပြိုင်ပွဲဝင်ခွင့်ပိတ်ပင်သည့်ကာလကို ဆုံးဖြတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆီမွန်နာသည် လက်ရှိအမျိုးသမီး တင်းနစ်လောက၏ အကောင်းဆုံး တင်းနစ်မယ်စာရင်းဝင်ဖြစ်ပြီး ကမ္ဘာ့တားမြစ်ဆေးဝါးတိုက်ဖျက်ရေးအေဂျင်စီ၏ ထုတ်ပြန်ချက်အရ ဆီမွန်နာသည် Roxadustat ဆေးဝါးကို သုံးစွဲထားကြောင်း သိရသည်။

ဆီမွန်နာက တားမြစ်ဆေးဝါးသုံးစွဲထားခြင်းမရှိကြောင်း ငြင်းဆန်ခဲ့သကဲ့သို့ တားမြစ်ဆေးဝါးသုံးစွဲထားမှု စစ်ဆေးချက်ရလဒ်ထွက်ပေါ်လာချိန်တွင်လည်း အံ့အားသင့်ခဲ့ရကြောင်း ပြောကြားခဲ့သည်။

ဆီမွန်နာက ဆေးစစ်ချက်ရလဒ်နှင့်ပတ်သက်ပြီး "ကျွန်မရဲ့ ကစားသမားဘဝသက်တမ်းတစ်လျှောက် ဘယ်လိုလိမ်ညာမှုမျိုးကိုမှ မလုပ်ခဲ့ဖူးဘူး။ လုပ်ဖို့နေနေသာသာ စဉ်းတောင်မစဉ်းစားမိဘူး။ ကျွန်မဟာ ပညာတတ်တစ်ယောက်ပါ။ စဉ်းစားတွေးခေါ်နိုင်တဲ့ ဦးနှောက်ရှိပါတယ်။ အခုလိုရလဒ်ထွက်လာတာ တော်တော်လေးအံ့သြမိတယ်။ အရမ်းလဲထိတ်လန့်သလို သစ္စာဖောက်ခံရတယ်လို့လဲ ခံစားရတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# CI Cup ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဂျွန်ရမ်းနှင့် ကီတာယာမာတို့ ပူးတွဲဦးဆောင်



**ဝါရှင်တန် အောက်တိုဘာ ၂၂**

အမေရိကန်နိုင်ငံ တောင်ကာရိုလိုင်းနားတွင် ကျင်းပနေသည့် CI Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် စပိန်ဂေါက်သီးရိုက်ကစားသမား ဂျွန်ရမ်းနှင့် အမေရိကန်ဂေါက်သီးရိုက် ကစားသမား ကီတာယာမာတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေကြောင်း Independent သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန် ဂေါက်သီးရိုက်ကစားသမား အာရွှန်ဝိုက်နှင့် သြစတြေးလျ ဂေါက်သီးရိုက်ကစားသမား ကင်မရွှန်းဒါဗစ်တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

လက်ရှိချန်ပီယံ အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား မက်အီလ်ရွိုင်းက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နေသည်။

ဂျွန်ရမ်းက "၂၀၂၂ ခုနှစ်ဂေါက်သီးရိုက်ရာသီဟာ ကျွန်တော့်အတွက် ကျေနပ်စရာကောင်းတဲ့ ရာသီတော့ မဟုတ်ခဲ့ပါဘူး။ ဒီနှစ်အတွင်းရလဒ်ကောင်းဖို့အတွက် တော်တော်လေး ရုန်းကန်ခဲ့ရတယ်။ အောင်မြင်မှုရဖို့ထက် ပုံစံကောင်းရဖို့ကိုတောင် တော်တော်လေး ရုန်းကန်ခဲ့ရပါတယ်။ PGA Tour မှာလဲ အောင်မြင်မှုမယူနိုင်သေးဘူး။ အခုဒီပြိုင်ပွဲ အဖွင့်နေ့က ရလဒ်ပိုင်းတော်တော်လေးကို ဆိုးရွားခဲ့ပါတယ်။ ဒါပေမဲ့ ဒုတိယနေ့မှာတော့ တော်တော်လေးကို ရလဒ်ကောင်းခဲ့တယ်။ ပုံစံကောင်းပြန်ရခဲ့တယ်လို့လဲ ခံစားရတယ်။ ဒုတိယနေ့မှာကစားနိုင်ခဲ့တဲ့ ပုံစံမျိုးနဲ့ နောက်ဆုံးနေ့ထိ ကစားနိုင်မယ်ဆိုရင် ကျွန်တော်ရည်မှန်းထားတဲ့အောင်မြင်မှုကို ရယူနိုင်မယ်လို့လဲ ယုံကြည်တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ AZL

### ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၁၁) ရလဒ်

| | | | | |
|---|---|---|---|---|
| အော့စ်ဘတ် | ၃ | - | ၃ | လိုက်ပ်ဇစ် |
| လေဗာကူဆင် | ၂ | - | ၂ | ဝုဖ်ဘတ် |
| ဒေါ့မွန် | ၅ | - | ၀ | စတုဂတ် |
| ဖရိုင်းဘတ် | ၂ | - | ၀ | ဝါဒါဘရီမင် |
| ဟော်ဖန်ဟိမ်း | ၀ | - | ၂ | ဘိုင်ယန်မြူးနစ် |


### ပြင်သစ်လီဂူး ပွဲစဉ် (၁၂) ရလဒ်

| | | | | |
|---|---|---|---|---|
| မောင့်ပယ်လီယာ | ၁ | - | ၂ | လိုင်ယွန် |

(၀၄၀)

# အိုင်အိုဒင်းချို့တဲ့ရောဂါမဖြစ်ပွားရေး

**ပေါက်ပေါက်**




ကမ္ဘာပေါ်ရှိ အသက်ငါးနှစ်အောက်ကလေးငယ်များတွင် အိုင်အိုဒင်းဆားချို့တဲ့မှုကြောင့် ဦးနှောက်ချို့တဲ့မှုပြဿနာများ ကြုံတွေ့နေကြရသည်။ အစကောင်းမှ အနှောင်းသေချာဆိုသလို မိခင်လောင်းများသည် ပဋိသန္ဓေရှိချိန်ကစ၍ အိုင်အိုဒင်းဆားကို သင့်တင့်မျှတစွာစားသုံးရန် အထူးလိုအပ်သည်။ အိုင်အိုဒင်းဆား မှီဝဲခြင်းက မိခင်ရော၊ ရင်သွေးအတွက်ပါ အာဟာရဖွံ့ဖြိုးစေမည်ဖြစ်သည်။ သို့သော် ကျန်းမာရေးအသိပညာချို့တဲ့မှုကြောင့် အိုင်အိုဒင်းဆားစားသုံးမှု အားနည်းနေကြသည်။

ထို့ကြောင့် ၁၉၉၀ ပြည့်နှစ် ကမ္ဘာ့ကလေးများဆိုင်ရာထိပ်သီးအစည်းအဝေးတွင် ကမ္ဘာ့ခေါင်းဆောင်များသည် နောင်ဆယ်နှစ်ကြာ သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်တွင် အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေးရည်မှန်းချက်ကို ချမှတ်ခဲ့ကြသည်။ နောက်နှစ်များတွင်လည်း အိန္ဒိယနှင့် တရုတ်နိုင်ငံကဲ့သို့သော လူဦးရေထူထပ်သည့်နိုင်ငံများတွင် အိုင်အိုဒင်းချို့တဲ့မှုရောဂါများ ကာကွယ်တားဆီးရေးအမျိုးသားနေ့ကိုစတင်ခဲ့ကြသည်။ ထို့ပြင် ကမ္ဘာ့နိုင်ငံများတွင်လည်း နှစ်စဉ်အောက်တိုဘာ ၂၁ ရက်ကို "**World Iodine Deficiency Day-ကမ္ဘာ့အိုင်အိုဒင်းချို့တဲ့မှုရောဂါမဖြစ်စေရေးနေ့**"အဖြစ် သတ်မှတ်ထားသည်။

**အိုင်အိုဒင်းဆားအကြောင်းသိကောင်းစရာ**

ဆားကို ဓာတုဗေဒနည်းဖြင့် ခွဲခြမ်းစိတ်ဖြာကြည့်ရာ ကလိုရိုက်အိုင်းယွန်းနှင့် ဆိုဒီယမ်အိုင်းယွန်းတို့ပေါင်းစပ်ထားသော ဆိုဒီယမ်ကလိုရိုက်သတ္တုဓာတ်ပေါင်းဖြစ်သည်။ ဆားကို ယေဘုယျအားဖြင့်-

(၁) ဆားကြမ်း၊

(၂) စားပွဲတင်ဆားနှင့်

(၃) အိုင်အိုဒင်းဆား ဟူ၍ သုံးမျိုးခွဲခြားထားသည်။

ပင်လယ်ရေကရရှိပြီး သဘာဝအတိုင်း မပြုပြင်ရသေးဘဲ ခပ်ကြမ်းကြမ်းရှုတတရှိသော ဆားခဲကြီးကို ဆားကြမ်းဟုခေါ်သည်။ ထိုဆားကြမ်းခဲကြီးများကို အရောင်ချွတ်ဆေးသုံးပြီး ဖြူဖွေးသန့်စင်စေကာ နူးညံ့မှုန့်ညက်နေအောင် စက်ဖြင့်ကြိတ်ထားခြင်းကို စားပွဲတင်ဆားဟုခေါ်သည်။ ဆားငန်ရည် သို့မဟုတ် ဆားကြမ်းကို အိုင်အိုဒင်းဓာတ်ဖြည့်စွက်ကာ အဖြူရောင်ဆား ပုံဆောင်ခဲလေးများအဖြစ် ပြုပြင်ထားခြင်းကို အိုင်အိုဒင်းဆားဟုခေါ်သည်။ ထို့ကြောင့် အိုင်အိုဒင်းဆားက စားပွဲတင်ဆားလောက် နူးညံ့မှုမရှိပေ။ တစ်နည်းဆိုသော် အိုင်အိုဒင်းဆားဆိုသည်မှာ မိမိတို့စားနေကျအိမ်သုံးဆားအပုံ တစ်သိန်းလျှင် အိုင်အိုဒင်းအာဟာရ သုံးပုံခန့်ဖြည့်ထားသောဆားဖြစ်သည်။ စားနေကျအိမ်သုံးဆားနှင့် အရောင်အဆင်း၊ အနံ့၊ အရသာ ခြားနားမှုမရှိပေ။ အချို့နိုင်ငံများတွင် အိုင်အိုဒင်းဆားကို ပန်းရောင် သို့မဟုတ် မီးခိုးရောင်ဖျော့ဖျော့ပုံဆောင်ခဲလေးများအဖြစ် တွေ့မြင်နိုင်သည်။

**အိုင်အိုဒင်းဆား စားသုံးသင့်သောအကြောင်းရင်း**

အိုင်အိုဒင်းဓာတ်သည် သက်စောင့်ဓာတ် (သတ္တုဓာတ်)တစ်မျိုးဖြစ်သည်။ အထူးသဖြင့် ခန္ဓာကိုယ်အတွက် လိုအပ်သော အိုင်အိုဒင်း ၇၅ ရာခိုင်နှုန်းကို သိုင်းရွိုက်ဂလင်းတွင် သိုလှောင်ထားလေ့ရှိသဖြင့် အိုင်အိုဒင်းဓာတ်သည် သိုင်းရွိုက်ဂလင်း၏လုပ်ငန်းများနှင့် သိုင်းရွိုက်ဆဲလ်များ ဖြစ်တည်မှုအတွက် လွန်စွာအသုံးဝင်သည်။ ယနေ့ကမ္ဘာပေါ်တွင် အိုင်အိုဒင်းချို့တဲ့သူပေါင်း သန်း ၂၀၀၀ ခန့်ရှိကြောင်း ဩစတြေးလျနိုင်ငံရှိ MNT Knowledge Centre မှ သုတေသီတို့က ဆိုထားသည်။

နေ့စဉ်အိုင်အိုဒင်းလိုအပ်ချက်ပမာဏမှာ အရွယ်ရောက်ပြီးသူ တစ်ဦးအတွက် မိုက်ကရိုဂရမ် ၁၅၀ ဖြစ်ပြီး ကိုယ်ဝန်သည်နှင့် နို့တိုက်မိခင်အတွက် နေ့စဉ် မိုက်ကရိုဂရမ် ၂၂၀ မှ မိုက်ကရိုဂရမ် ၂၉၀ ထိလိုအပ်နေသည်။ ကလေးငယ်များပုံမှန်ကြီးထွားရေး၊ ဉာဏ်ရည်ထက်မြက်ရေးနှင့် လူကြီး၊ လူငယ်၊ လူရွယ်အားလုံး ကျန်းမာရေးအတွက် အိုင်အိုဒင်းအာဟာရကိုလုံလောက်စွာရရှိစေရန် မိသားစုဝင်အားလုံး အိုင်အိုဒင်းဆားကို နေ့စဉ်စားသုံးကြရန် လိုအပ်သည်။ အိုင်အိုဒင်းဆားနေ့စဉ်စားသုံးရုံနှင့် အိုင်အိုဒင်း အာဟာရလွန်ကဲမှုမဖြစ်နိုင်ပေ။

မြန်မာနိုင်ငံတစ်ဝန်း မည်သည့်ဒေသတွင်ဖြစ်စေ အစားအစာတစ်မျိုးတည်းမှ အိုင်အိုဒင်းအာဟာရလုံလောက်စွာရရှိရန် မသေချာလှပေ။ ထို့ကြောင့် အောက်ဖော်ပြသော အိုင်အိုဒင်းဓာတ်ကြွယ်ဝသောအစားအစာများကို ရွေးချယ်စားသင့်သည်။


- ကောက်ပဲသီးနှံ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ အသား၊ ငါး၊ နို့၊ ဥ စသည့်အစားအစာများတွင် အိုင်အိုဒင်းအနည်းငယ်စီပါဝင်သည်။
- ပင်လယ်ငါး၊ ပုစွန်၊ ကျောက်ပွင့် စသည် ပင်လယ်မှထွက်ရှိသော အစားအစာများထဲတွင် အိုင်အိုဒင်း အာဟာရကြွယ်ဝစွာ ပါဝင်နေသည်။

**အိုင်အိုဒင်းချို့တဲ့ရောဂါများ**

အိုင်အိုဒင်းချို့တဲ့မှုကြောင့် ကမ္ဘာ့လူသားများတွင် ဦးနှောက်ပျက်စီးမှုနှင့် စွမ်းဆောင်ရည်နှေးကွေးမှုပြဿနာများဖြင့် ရင်ဆိုင်နေကြရသည်။

(၁) **ကိုယ်ဝန်ဆောင်မိခင်များအိုင်အိုဒင်းချို့တဲ့ခြင်း**

ကိုယ်ဝန်ပျက်ကျတတ်သည်။ ကလေးအသေမွေးတတ်သည်။ လမစေ့၊ ပေါင်မပြည့်သော




ကလေး မွေးတတ်သည်။ ဆွံ့အနားမကြားကလေး၊ ခြေ၊ လက် မသန်စွမ်းသောကလေး၊ လေးဖက်လှုပ်မရသောကလေး မွေးတတ်သည်။ စိတ်ပိုင်းချို့တဲ့သော၊ ဉာဏ်ရည်နိမ့်သောကလေး မွေးတတ်သည်။ အရပ်ပုပြတ်နှင့် သက်ကြီးပုံစံကလေးများ မွေးတတ်သည်။

(၂) **ကလေးငယ်များ အိုင်အိုဒင်းချို့တဲ့ခြင်း**

ပုံမှန်မကြီးထွားဘဲ အရပ်ပုနေတတ်သည်။ ဉာဏ်ထိုင်းတတ်သည်။ သွက်လက်ဖျတ်လတ်မှုမရှိ၊ ထုံထိုင်းနှေးကွေးသည်။ မွေးရာပါရောဂါများအပြင် ရင့်ကျက်မှုမပြည့်ဝပြဿနာများရရှိနိုင်သည်။ လည်ပင်းကြီးရောဂါဖြစ်တတ်သည်။

(၃) **လူကြီးများ အိုင်အိုဒင်းချို့တဲ့ခြင်း**

သွေးထဲတွင် အိုင်အိုဒင်းလျော့နည်းပါက လည်ပင်းကြီးရောဂါဖြစ်စေသည်။ ကမ္ဘာတစ်ဝန်း လူဦးရေသန်း ၂၀၀ မှ ၃၀၀ ကြားလည်ပင်းကြီးရောဂါ ခံစားနေကြရသည်။ ဒူးခေါင်းအရိုးဆစ်ကြီးတတ်သည်။ သွက်လက်ဖျတ်လတ်မှုမရှိ၊ ထုံထိုင်းနှေးကွေးသည်။ သက်လုံမကောင်းပေ။ ပင်ပန်းလွယ်မည်။

**အင်န်ဓာတ်လွန်ကဲခြင်း၏ ဘေးထွက်ဆိုးကျိုးများ**

ကျန်းမာရေးရှုထောင့်ကကြည့်ပါလျှင် ဆား(အင်န်ဓာတ်)သည် အပူဓာတ်အနေဖြင့် လူများကို ကောင်းကျိုးပြုနိုင်သည်။ သို့သော် လိုအပ်ချက်ပမာဏထက်ပို၍ အင်န်ဓာတ်ကို စားသုံးမိပါက-

- နို့စို့အရွယ်ကလေးငယ်များ၏ ကျောက်ကပ်သည် ဆိုဒီယမ်ဓာတ်စွန့်ထုတ်သည့်လုပ်ငန်းကို ထိထိရောက်ရောက် မလုပ်နိုင်သေးပါ။ ထို့ကြောင့် အသက်ခြောက်လပြည့်ပြီး ကလေးများကို ထမင်းခွံ့ကျွေးသည့်အခါ ဆားအများအပြားထည့်ခြင်း သို့မဟုတ် ငန်လွန်းသောအစာကျွေးခြင်း မပြုလုပ်သင့်ပေ။
- ဆိုဒီယမ်စားသုံးမှုများလွန်းပါက အရွယ်သုံးပါးမရွေး သွေးတိုးရောဂါ မလွဲမသွေဖြစ်လာနိုင်သည်။
- နှလုံး၊ သွေးတိုး၊ ကျောက်ကပ်ရောဂါရှိသူများ အင်န်စားသုံးမှုကို အထူးဂရုပြုဆင်ခြင်ရမည်။
- အင်န်ဓာတ်လွန်သော အစားအစာများမှာ ဆား(ရိုးရိုးဆား)၊ ငါးပိ၊ ပုစွန်ငါးပိ၊ ငံပြာရည်၊ ငါးပိကောင်၊ ငါးဆားနယ်၊ ချဉ်ဖတ်အမျိုးမျိုး၊ ငါးခြောက်၊ ပုစွန်ခြောက်၊ အမဲခြောက်၊ အသားခြောက်၊ သစ်သီးခြောက်၊ မြေပဲဆားလှော်၊ ပဲကြီးလှော်၊ နေကြာစေ့လှော်၊ ကွာစေ့လှော်၊ အသင့်စား အစားအစာများ စသည်တို့ဖြစ်ကြသည်။

အချုပ်အားဖြင့်ဆိုသော် ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိ အမျိုးသားအာဟာရဖွံ့ဖြိုးရေးနှင့် သုတေသနဌာနနှင့် ကုလသမဂ္ဂနိုင်ငံတကာကလေးများ အရေးပေါ်ရန်ပုံငွေအဖွဲ့တို့က အိုင်အိုဒင်းဆားတစ်မျိုးတည်းကိုသာ စားသုံးကြရန် အကြံပြုထားသည်။ သို့သော် အင်န်ဓာတ်လွန်ကဲသောအစားအစာများကို နိစ္စဓူဝစားသုံးမိပါက ကျန်းမာရေးဆိုးကျိုးများစွာကို မလွဲမသွေဖြစ်ပေါ်ခံစားရနိုင်သည်။ သို့ပါ၍ အင်န်ဓာတ်ကဲသောအစားအစာများအပြင် ငန်သောဟင်းလျာများ စားသုံးမှုလျှော့ချကြရန်၊ ထမင်းစားပွဲပေါ်တွင် ဆားပုလင်းထောင်၍ ဆားအပိုထည့်စားသည့်အကျင့်မျိုး မပြုလုပ်ကြရန်၊ အချိုမှုန့်၊ ကြက်သားမှုန့်များအစား သကြားနှင့် အိုင်အိုဒင်းဆားအနည်းငယ်ထည့်၍ ချက်ပြုတ်စားသောက်ကြရန်၊ တာရှည်ခံလုပ်ထားသောအစားအစာများထဲတွင် ဆားပါဝင်မှုများပြားသည့်အတွက် ၎င်းအစားအစာများစားသုံးမှုကို တတ်နိုင်သမျှ ဆင်ခြင်ကြရန်၊ သွေးတိုးရောဂါနှင့် ကင်ဆာရောဂါများ ဖြစ်လာသောအခါ ဆားကို လက်ဖက်ရည်ဇွန်းတစ်ဇွန်း၏ သုံးပုံတစ်ပုံ(နှစ်ဂရမ်)ထိ လျှော့စားကြပါရန် ထပ်လောင်းအကြံပြုလိုက်ရပါသည်။

❖ နေ့စဉ် အိုင်အိုဒင်းလိုအပ်ချက်ပမာဏမှာ အရွယ်ရောက်ပြီးသူ တစ်ဦးအတွက် မိုက်ကရိုဂရမ် ၁၅၀ ဖြစ်ပြီး ကိုယ်ဝန်သည်နှင့် နို့တိုက်မိခင်အတွက် နေ့စဉ် မိုက်ကရိုဂရမ် ၂၂၀ မှ မိုက်ကရိုဂရမ် ၂၉၀ ထိ လိုအပ်နေသည်။ ကလေးငယ်များ ပုံမှန်ကြီးထွားရေး၊ ဉာဏ်ရည်ထက်မြက်ရေးနှင့် လူကြီး၊ လူငယ်၊ လူရွယ်အားလုံး ကျန်းမာရေးအတွက် အိုင်အိုဒင်းအာဟာရကို လုံလောက်စွာရရှိစေရန် မိသားစုဝင်အားလုံး အိုင်အိုဒင်းဆားကို နေ့စဉ်စားသုံးကြရန် လိုအပ်သည်။ အိုင်အိုဒင်းဆား နေ့စဉ်စားသုံးရုံနှင့် အိုင်အိုဒင်းအာဟာရလွန်ကဲမှုမဖြစ်နိုင်ပေ။ ❖

# ပဟန်းမြို့နယ် အမရပန်းချီခန်းမတွင် ပန်းချီဆရာငါးဦး၏ အွန်လိုင်းပန်းချီပြပွဲ ပြသမည်



**ရန်ကုန် အောက်တိုဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး ပဟန်းမြို့နယ်ရှိ အမရပန်းချီခန်းမတွင် ပန်းချီဆရာငါးဦး၏ အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်ဖြစ်ကြောင်း အမရပန်းချီပြခန်းတာဝန်ခံ မသန္တာဝင်းလွင်က ပြောပြ၍ သိရသည်။

အဆိုပါ အွန်လိုင်းပန်းချီပြပွဲကို အောက်တိုဘာ ၂၃ ရက်မှ အောက်တိုဘာ ၂၅ ရက်ထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေငါးနာရီထိ ပြသသွားမည်ဖြစ်ကြောင်း၊ ပြပွဲတွင် ပန်းချီဆရာများဖြစ်သည့် ပန်းချီ နီပိုဦး၊ ပန်းချီ သိန်းရွှေကြည်၊ ပန်းချီ ခင်ဇော်ဝင်း၊ ပန်းချီ အောင်ဝင်းခေတ်၊ ပန်းချီအတာတို့၏ ရေဆေး၊ ဆီဆေးအပါအဝင် လက်ရာပေါင်းစုံဖြင့် ဖန်တီးထားသည့် ပန်းချီကား ၂၅ ကားခန့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီပွဲကတော့ ထူးထူးခြားခြား ပန်းချီဆရာငါးယောက်ရဲ့ လက်ရာမြောက်လှတဲ့ ပန်းချီကား ၂၅ ကားကို ပြသသွားမှာဖြစ်ပါတယ်။ ပန်းချီချစ်မြတ်နိုးသူတွေအတွက် မိတ်ဟောင်းမိတ်သစ်တွေ၊ ဝယ်ယူစုဆောင်းလိုသူတွေ အားလုံးကို လာရောက်ကြည့်ရှုကြဖို့ ဖိတ်ခေါ်ပါတယ်"ဟု မသန္တာဝင်းလွင်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏အရွယ်အစားများမှာ (၄×၃) ပေ၊ (၃၀×၄၀) လက်မ၊ (၁၈×၂၄) လက်မ၊ (၃×၂) ပေ၊ (၄×၂)ပေ စသည့် အရွယ်အစားအစုံ ပန်းချီကားများ ပါဝင်ပြီး ဈေးနှုန်းအနေဖြင့် ငွေကျပ်သုံးသိန်းမှ ငွေကျပ် ၁၅ သိန်းထိရှိကြောင်း သိရသည်။ ASH

# Thug လျှို့ဝှက်သည်းဖိုဇာတ်ကား၌ မင်းသား ဂွန်ပါးမင်း ပါဝင်လာ

**နယူးယောက် အောက်တိုဘာ ၂၂**

Thug အမည်ရှိ အမေရိကန်ဒုစရိုက်လောကနောက်ခံ လျှို့ဝှက်သည်းဖိုဇာတ်ကား၌ မင်းသား ဂွန်ပါးမင်း ပါဝင်လာကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၂၁ ရက်တွင် ရေးသားတင်ပြထားသည်။


Thug ဇာတ်ကားတွင် ဂွန်ပါးမင်းသည် မင်းသား လီအမ်နီဆင်း၊ ဒန်နီယယ်ဒီမာတို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားတွင် အသက်ရကာမှ အတိတ်အမှားများကို ပြန်ပြုပြင်ရန် ဒုစရိုက်လောကမှ ရုန်းထွက်ရန်ကြိုးစားခဲ့သော အမျိုးသားတစ်ဦး၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည်ဖြစ်သည်။

သို့ရာတွင် Thug ဇာတ်ကား၌ မင်းသား ဂွန်ပါးမင်း ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို မသိရသေးကြောင်း သိရသည်။

Thug ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ တိုနီဂေတန်က ရေးသားပေးထားပြီး ဒါရိုက်တာ ဟန်းပက်ဆာမိုလန်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Thug ဇာတ်ကားရိုက်ကူးရေးလုပ်ငန်းကို ဘော်စတွန်မြို့၌ စတင်နေပြီဖြစ်ကြောင်း သိရသည်။ KKO



# သရုပ်ဆောင် အေးသီတာနှင့် စေတနာရှင်၊ အလှူရှင်များက လူရွှင်တော်နှင့် သရုပ်ဆောင် ချစ်စရာကို ငွေနှင့် ဆန်၊ဆီ၊ဆေးဝါး ဂါရဝပြုပေးအပ်

**ရန်ကုန် အောက်တိုဘာ ၂၂**

သရုပ်ဆောင် အေးသီတာနှင့် စေတနာရှင်၊ အလှူရှင်များက လူရွှင်တော်နှင့် သရုပ်ဆောင် ချစ်စရာကို ငွေနှင့် ဆန်၊ ဆီ၊ ဆေးဝါးများ အောက်တိုဘာ ၂၁ ရက်က ဂါရဝပြုပေးအပ်ခဲ့ကြောင်း သိရသည်။

လူရွှင်တော်နှင့် သရုပ်ဆောင် ချစ်စရာကို ဆန်၊ ဆီ၊ ဆေးဝါးနှင့် ငွေများ ဂါရဝပြုပေးအပ်ရာတွင် သရုပ်ဆောင် အေးသီတာနှင့် စေတနာရှင်၊ အလှူရှင်များက ငွေကျပ်နှစ်သိန်း၊ ဆန် ခြောက်ပြည်တစ်အိတ်နှင့် ဆေးဝါးမျိုးစုံတို့ကို သီတင်းကျွတ်ကာလဂါရဝအဖြစ် ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ဦးချစ်စရာက အေးသီတာတို့ရဲ့ မြင်ဆရာတစ်ယောက်လဲဖြစ်ပါတယ်။ ရုပ်ရှင်၊ ဗီဒီယိုဇာတ်ကားပေါင်းများစွာမှာ ဇာတ်ပို့၊ ဇာတ်ရံအနေနဲ့ တွဲဖက်သရုပ်ဆောင်ခဲ့ဖူးတဲ့ လုပ်ဖော်ကိုင်ဖက်လဲ ဖြစ်ပါတယ်။ အခုဝါကျွတ်မှာ ဆန်၊ ဆီ၊ ဆေးဝါးတွေနဲ့ငွေကျပ်နှစ်သိန်းကို စေတနာရှင်၊ အလှူရှင်တွေနဲ့ပေါင်းစပ်ပြီးတော့ ဂါရဝပြုပေးအပ်ခဲ့ပါတယ်"ဟု သရုပ်ဆောင် အေးသီတာက ပြောပြသည်။



သရုပ်ဆောင် အေးသီတာနှင့် စေတနာရှင်၊ အလှူရှင်များသည် ကိုဗစ်ကာလမှစတင်ကာ ယနေ့ထိ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်တချို့တွင် ဝင်ငွေနည်းအခက်အခဲရှိမိသားစုများကို ထမင်းနှင့် ဟင်းလျာမျိုးစုံတို့ကို လှူဒါန်းလျက်ရှိကြောင်း သိရသည်။ ASH

# The Family Plan ဇာတ်ကားတွင် မင်းသမီး မစ်ချဲမိုနာဟန် ပါဝင်မည်

**နယူးယောက် အောက်တိုဘာ ၂၂**

Apple Original Films ရုပ်ရှင်ကုမ္ပဏီ၏ The Family Plan အမည်ရှိ ဟာသအက်ရှင်ဇာတ်ကားတွင် မင်းသမီး မစ်ချဲမိုနာဟန် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က အောက်တိုဘာ ၂၁ ရက်တွင် ရေးသားတင်ပြထားသည်။

The Family Plan ဇာတ်ကားတွင် မင်းသမီး မစ်ချဲမိုနာဟန်သည် မင်းသား မာ့ဝေးဘာ့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

သို့ရာတွင် မင်းသမီး မစ်ချဲမိုနာဟန် သရုပ်ဆောင်ရမည့်ဇာတ်ကောင်နေရာကို မသိရသေးကြောင်း သိရသည်။

Apple Original Films သည် The Family Plan ဇာတ်ကား၏ ဇာတ်လမ်း၊ ဇာတ်အိမ်အသေးစိတ်ကိုလည်း လျှို့ဝှက်ထားဆဲဖြစ်သည်။

အဆိုပါ ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဒေးဗစ်ကော့ဂျီဆဲက ရေးသားပေးထားပြီး ဒါရိုက်တာ ဆိုင်းမွန်ဆယ်လန်ဂျူးက တာဝန်ယူရိုက်ကူးမည်ဖြစ်သည်။

လက်ရှိတွင် The Family Plan ဇာတ်ကားရုံတင်ပြသမည့်ရက်ကို Apple Original Films ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

KKO



# ဆင်မကြီး မိုမို၏ အသက် ၆၉ နှစ်ပြည့်မွေးနေ့ပွဲကို အောက်တိုဘာ ၂၈ ရက်မှ ၃၀ ရက်ထိ ကျင်းပသွားမည်

**ရန်ကုန် အောက်တိုဘာ ၂၂**

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ရှိ ဆင်မကြီးမိုမို၏ အသက် ၆၉ နှစ်ပြည့်မွေးနေ့ပွဲကို အောက်တိုဘာ ၂၈ ရက်မှ အောက်တိုဘာ ၃၀ ရက်ထိ ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးကျော်ရဲသီဟဖေက ပြောပြ၍ သိရသည်။



နှစ်စဉ် ဆင်မကြီးမိုမို၏မွေးနေ့ပွဲကို ကျင်းပခဲ့ခြင်းဖြစ်ရာ ပြီးခဲ့သည့်နှစ်မွေးနေ့ပွဲမှာ ကိုဗစ်ကာလဖြစ်နေသည့်အတွက် တိရစ္ဆာန်ဥယျာဉ်အတွင်း ဝန်ထမ်းများဖြင့်သာ မွေးနေ့ပြုလုပ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ယခုနှစ်တွင် ဈေးရောင်းပွဲတော်များ၊ ပျော်ပွဲရွှင်ပွဲများဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ဆင်လိမ္မာမိုမိုလို့ လူသိများခဲ့တဲ့ ဆင်မကြီးမိုမိုရဲ့ အသက် ၆၉ နှစ်ပြည့် အထိမ်းအမှတ်မွေးနေ့ပွဲကို အခုလမှာ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အတွင်း ကျင်းပသွားမှာဖြစ်ပါတယ်။ ဆင်မကြီးမိုမိုရဲ့ မွေးနေ့ပွဲကို အောက်တိုဘာ ၂၈ ရက်ကနေ ၃၀ ရက်ထိ သုံးရက်ကြာ ပျော်ပွဲရွှင်ပွဲတွေနဲ့ ကျင်းပသွားဖို့ရှိပါတယ်။ မိုမိုရဲ့ မွေးနေ့အထိမ်းအမှတ်အနေနဲ့ ကိတ်မုန့်ခွဲတာ၊ မိုမိုဓာတ်ပုံပြပွဲပြုလုပ်တာ၊ မျက်လှည့်ပွဲတွေ ပြုလုပ်တာ၊ Photo Booth လေးတွေ၊ တိရစ္ဆာန်လေးတွေနဲ့ အမှတ်တရဓာတ်ပုံ ရိုက်ကူးတာနဲ့ ကလေးတွေအတွက် ပျော်ရွှင်စရာ Game အစီအစဉ်တွေ ပါဝင်မှာဖြစ်ပါတယ်။ ဈေးရောင်းပွဲတော်ကိုလဲ ထည့်သွင်းကျင်းပသွားမှာဖြစ်ပါတယ်"ဟု ရန်ကုန်တိရစ္ဆာန်ဥယျာဉ်အုပ်ချုပ်ရေးမှူး ဦးကျော်ရဲသီဟဖေက ပြောပြသည်။ ASH

# Nationwide support required for production business based on local goods




Senior General Min Aung Hlaing meets MSME entrepreneurs of Nay Pyi Taw Council Area.

**Nay Pyi Taw October 22**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing met MSME entrepreneurs of Nay Pyi Taw Council Area at Zabuthiri Hall, Nay Pyi Taw Council Office compound, this afternoon and discussed region development.

Present together with the Senior General were SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, SAC members, the Secretary and the Joint Secretary, Union ministers, the Nay Pyi Taw Council chairman, the chief of General Staff (Army, Navy and Air), senior military officers from Office of Commander-in-Chief, the Nay Pyi Taw Command commander, Nay Pyi Taw Council members, departmental officials.

**Requirements for MSME development**

Nay PYi Taw Council Chairman U Tin Oo Lwin reported on points of the Nay Pyi Taw Council Area, agriculture undertakings, industrial zones and value-added goods production, financial and technical aid for MSME development and future programs, rice-husk-fired power generation, support for development of industrial productions.

Chairman of Nay Pyi Taw MSME Association U Kyaw Swa Win and MSME entrepreneurs presented a report on undertakings for MSME development and agriculture development, provision of knowledge, technology and techniques for MSMEs, land and building needs of local MSMEs, dried bamboo shoots exports and land requirement for extending bamboo sown acreage and exports, export of value-added noni fruit products and State's support for the development of the business, soft loans for businesses, marketing difficulties MSME are facing in distributing value-added goods, production difficulties arising out of a surge in the prices of raw materials and transport charges, installation payment system for purchasing required machines, land, capital, technology, machines and human resources for MSME development, extension of payment period for loans taken during Covid-19 infection was high, Nay Pyi Taw industrial association and land for office, farm machinery requirement.

**Discussions in response to the presentations**

In response, the Senior General said soft loan arrangements for MSMEs are underway. Land and building for Nay Pyi Taw MSME association and commerce and industry association will be allowed at a suitable place. The State never allows use of farmland for other purposes to prevent a drop in the sown acreage. Hence, allocation of land will be according to the prescriptions and there will be a proper scrutiny process. Once, Pyinmana area produced bamboo-based goods as it had an abundant supply for bamboo. But overused led to the depletion of bamboo forests. Hence, bamboo conservation is required. It will be more beneficial for the area if bamboo can be turned into pulp and other advanced consumer goods, instead of using it only as food. If compared with that of the regional countries, Myanmar's tax rate is fair. So, entrepreneurs should be dutiful in paying taxes.

**Union ministers and responsible officials report on respective sectors**

Then union ministers responded to the reports of individual entrepreneurs and reported on implementation of task by respective ministries, establishing MSME as well as industrial zones, smooth flow of commodities due to facilitation of transportation in the Nay Pyi Taw Council Area, tasks for economic development, offering loans at cheaper interest rates for MSMEs and agricultural farms, the expansion of repayment terms on COVID-19 loans, measures taken for technologies and land for cotton plantations, the needs to carry out locally suitable livestock breeding tasks to boost the production, offering assistance for manufacturing value-added products from raw materials available locally and other assistance to benefit respective regions, offering technologies and assistance as well as other necessary assistance by respective ministries for the development of MSMEs, increasing the earning of local people in respective areas, offering assistance by cooperative societies for regional development, resupplying inputs for agriculture, the endeavours of the SAC to offer assistance to MSME for the development of the economy as the development of it is essential in other countries, exhibition of Myanmar products at local and foreign trade fairs, measures taken for availability of raw material and market penetration and others.

Then, the vice governor of the central bank of Myanmar reported on offering capital loans for MSME business and respective businesses, repayment of them and arrears, measures taken for extension of payment terms and granting further loans in accordance with the rules and regulations and the vice chairman of the Nay Pyi Taw Council reported on measures that can be taken by the council based on reports of the entrepreneurs.



Senior General Min Aung Hlaing views MSME products.

**State responsibilities had to be assumed as required by the needs of the country and strives for economic development of the country despite challenges**

Then, the Senior General delivered a speech saying, The SAC had to assume the responsibilities of the country while it was facing a COVID-19 crisis and protests caused by political differences. The economy of the country was deteriorating due to the pandemic. The economic slowdown was faced not only by Myanmar but also by other countries. According to the economic slowdown in Myanmar, the economy had slumped since the 2018-2019 fiscal year. The economic slump must be attributed to lack of encouragement to local businesses and manufacturing businesses. As the import is larger than the export, there were trade deficits, according to records.

*See Page 13*

# Central Bank of Myanmar releases statement in connection with the points issued by FATF president issued on Myanmar

1. Plenary session of Financial Action Task Force-FATF was held on 20 and 21 October at FATF headquarters in Paris, France. A Myanmar delegation took part in the plenary sessions which were also attended Delegates representing 106 members of the Global Network and observer organizations, including the International Monetary Fund, the United Nations, the World Bank, INTERPOL and the Egmont Group of Financial Intelligence Units. FATF President T. Raja Kumar released points in connection with Myanmar.
2. Myanmar was put into High-Risk Jurisdictions subject to a Call for Action from Jurisdictions under increased monitoring list. However, Myanmar was not added to the same level with Black List countries, North Korea and Iran, which are in the group of Jurisdictions subject to a FATF call on its members and other jurisdictions to apply countermeasure.
3. All global countries including Myanmar have to observe the 40 Recommendations, which include Targeted Financial Sanction of Proliferation in connection with Anti Money Laundering-AML and Countering the Financing of Terrorism-CFT. Although Myanmar is not an FATF member, it is a member of Asia Pacific Group on Money Laundering-APG, a FATF-type organization.
4. Myanmar could not meet over 20 points in observing the 40 Recommendations during the targeted period, but it has now met 24 out of the 40 Recommendations.
5. Myanmar was in the similar category during the period from June 2011 to February 2016. As the country already has the experience of getting off the list, it has already adopted one-year action plans to free itself from the list soonest.
6. Myanmar will face only the Enhance Due Diligence-EDD of the banks (foreign contacts) in conducting external money transfers. The said banks may continue the former procedures including asking for information and transfer evidence. People should not be over nervous as moving Myanmar into the High-Risk Jurisdictions subject to a Call for Action is not a worrisome situation for the country. People should stay away from committing fraudulent acts in the financial market and necessary action will be taken against any acts that are against the rules of Central Bank of Myanmar.

---

*From Page 12*

It was found that the economic downturn was caused by lack of encouragement to local businesses. Due to importing more goods than the exports, there were trade deficits, according to statistics. During the terms of the first and second democratic governments, trade deficits stood at more than US$ 24 billion. The deficits were settled by foreign loans, grants and other payments. When the country is able to reduce the deficits, the economy of the country will recover.

As a developing country, Myanmar has to rely not only on trade but also on investment. The government has been repaying not only development loans but also all foreign loans as much as possible. Some countries received foreign loans but encountered economic downturns.

During our tenure, measures are being taken to seek least foreign loans. Manufacturing goods from our agriculture and livestock breeding as well as aboveground and underground natural resources for export purposes will generate foreign exchange income. In extracting and selling such resources, illegal trading in some places cause great impact on the State. Extraction and sale of natural resources can also cause difficulties in future. With the 70% of population in rural areas, our country has to run businesses based on agriculture and livestock breeding. As agriculture and livestock breeding are most fundamental to our economy, encouragement is being given to produce goods based on them.

**Development of Nay Pyi Taw Council Area**

Nay Pyi Taw is our capital while Yangon is an old capital city and a commercial capital. Nay Pyi Taw has been founded for about 16 years, construction tasks faced difficulties. Since the founding of the council area, agricultural and livestock zones and industrial zones have been designated for development efforts. Residential areas are found in the industrial zones and agricultural and livestock zones of some towns, which is not in conformity with the prescribed rules and disciplines. And this causes difficulties making efforts for production for economic progress. We are taking measures for the development of the Nay Pyi Taw Council Area. There will be benefits from producing goods from raw materials in Nay Pyi Taw. It is a region that can grow paddy, beans and peas and oil crops and engage in agricultural and livestock breeding activities. Efforts for economic growth can be made by successfully manufacturing agriculture and livestock-based goods.

**Try to boost production by effectively using agricultural and livestock products and natural resources**

MSME involves production, trade, service and others. Trading comes only after manufacturing. High prices result from high production cost and imbalanced supply and demand. Commodity price hikes can cause insecurity and instability of the State. Rice scarcity and price hikes led to political chaos in our country in the past. The country must have an enough supply of goods, so manufacturing must be prioritized. Our country exports rice yearly. Monsoon paddy, summer paddy, various kinds of beans and peas and oil crops are grown in the form of double and mixed cropping. No farming is found in some cultivable land plots. Doubling cropping in seasonal crops growing seasons will boost the production of agricultural goods. That will ensure domestic sufficiency as well as surpluses for export purposes. So, farmlands must be effectively used and quality strains needs to be grown. With boosting agricultural production, MSMEs will get raw agricultural materials.

Quality production and modern packaging will attract both local and international markets. It is necessary to boost manufacturing by using raw materials regionally and domestically produced. If consumer goods that has a high demand in the country can be sufficiently manufactured inside the country, imports can be reduced.

Our country has enough animal feedstuffs. Production of value-added goods through systematic livestock breeding and their exports will earn foreign exchange income. Leather production can be engaged in from meat production in the livestock sector. Therefore, Nay Pyi Taw Council Area should implement livestock breeding tasks successfully.

It is also necessary to effectively use forest products, an aboveground resource. Much income can be earned from such resources. When it comes to bamboo, some countries are manufacturing value-added consumer goods based on bamboo technology. We need to maintain the already existing bamboo plantations and establish more. Land plots will be allotted in accord with the requirements for growing bamboo and wood. But, real operation is necessary.

**Collective efforts to be made for adequate main inputs**

The inputs that are raw materials, water, electricity, fuel oil, insecticide and fertilizer are required to carry out agricultural, livestock farming and commodity production tasks. Some inputs are imported. The State is making efforts to have enough chemical fertilizer domestically and on the other hand, it is necessary to use natural fertilizer. Tasks of generating solar power are to be carried out for electricity to be used in operating factories and workshops. The State is implementing tasks of generating solar and hydroelectric power to ensure adequate electricity. Water is to be used beneficially. It is necessary to use it beneficially not only in personal consumption but in the tasks of agriculture and livestock farming. If water and land is used beneficially, successes will be definitely achieved.

Regarding the capital investment, loans were disbursed to businesses battered by the COVID-19 to ensure economic recovery of the State. Entrepreneurs are to make efforts to be successful in their businesses. It is necessary for them to repay the loans that are due for repayment to the State. The term to repay the loans under COVID-19 Fund will be extended to a certain period. Capital loans will be disbursed in accordance with the rules and regulations for development of MSMEs. All are to be in cooperation for economic development of the nation and it is necessary to be strong in monetary flow within the country.

**Government and entire people must encourage development of good human resources, future of the nation**

Regarding the need of human resources, it is necessary to have basic human resources and the resources of skillfulness in technology as well. According to the census, it is learned that our nation has a weakness in education. Therefore, tasks are being taken to open agricultural, livestock farming and technical high schools in all districts of regions and states. In Nay Pyi Taw, Naypyitaw State Academy will be launched soon. It is for enabling students in Nay Pyi Taw including the children of civil servants to attend.

Despite reopening schools last year, there were a small number of school enrolments. All need to work together for education. Entrepreneurs are to conduct on-job training courses for improvement of job skills of employees. Within the Nay Pyi Taw Territory, private schools are allowed to open and all are to work together for the capital to become a city of education.

There are many places to visit in the tourism industry in the Nay Pyi Taw Territory. Hotel business will become more developed in the future. It is necessary to make preparations for selling local souvenirs. It is to give encouragement to manufacturing electronics and the State will help provide the needs for it. Plans have been made for the development of trade. Only if there is a large volume of products in quantity, will the trade be operated. Therefore, priority is to be given to industries based on local enterprises of agriculture and livestock farming.

Afterwards, the Senior General and attendees took a tour of the exhibits on products of the MSMEs in the Nay Pyi Taw Territory. 100

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## အမေရိကန်ရှိ အိမ်ဖြူတော်က အမျိုးသားလုံခြုံရေးမဟာဗျူဟာသစ်ထုတ်ပြန်ခဲ့




အမေရိကန်ရှိ အိမ်ဖြူတော်က အမျိုးသားလုံခြုံရေးမဟာဗျူဟာသစ်ကို ထုတ်ပြန်လိုက်သည်။ အမေရိကန်၏အဆိုအရ တရုတ်နိုင်ငံသည် ကမ္ဘာ့အစီအစဉ်ကို ပြောင်းလဲနိုင်သည့် ဆန္ဒတစ်ခုတည်းသာမက စွမ်းဆောင်ရည်ပါရှိသည့်နိုင်ငံဖြစ်သည်ဟု ဝါရှင်တန်ပို့စ်၏ ရေးသားချက်ကိုကိုးကား၍ Nezavisimaya Gazeta သတင်းစာက အောက်တိုဘာ ၁၂ ရက်တွင် ထပ်ဆင့်ဖော်ပြခဲ့သည်။

တစ်ချိန်တည်းမှာပင် အဆိုပါမဟာဗျူဟာသည် ဝါရှင်တန်၏ စစ်မှန်သောနိုင်ငံခြားရေးမူဝါဒလမ်းစဉ်နှင့် လုံးဝမကိုက်ညီသည့် ကွဲလွဲမှုများလည်းရှိနေကြောင်း သတင်းစာက မှတ်ချက်ပြုထားခဲ့သည်။

စာမျက်နှာ ၄၈ မျက်နှာပါစာတမ်းတွင် တရုတ်နိုင်ငံသည် ရုရှားနိုင်ငံထက် အင်အားကြီးမားသော နိုင်ငံဖြစ်သည်ဟု ယူဆထားသည်။ စီးပွားရေးနှင့် နည်းပညာဆိုင်ရာစွမ်းအားများဖြင့်သာမက အရည်အချင်းရှိသော သံတမန်ရေးရာခြေလှမ်းများဖြင့် ကမ္ဘာ့အစီအစဉ်ကို ပြောင်းလဲပစ်ရန် ၎င်း၏ရည်မှန်းချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်စွမ်းရှိသည်ဟုဆိုထားသည်။ သို့သော်လည်း ရုရှားနိုင်ငံကို ၎င်း၏ရည်မှန်းချက်များ အောင်မြင်စေရန် မည်သည့်လုပ်ဆောင်ချက်ကိုမျှ အရိပ်အယောင်မျှမဖော်ပြဘဲ ချူကလီးယားခြိမ်းခြောက်မှု ပြုလုပ်ရန် ခွင့်ပြုလိမ့်မည်မဟုတ်ကြောင်း အိမ်ဖြူတော်က ပြောကြားခဲ့သည်။

ရုရှားတက္ကသိုလ် အမေရိကန်ပြည်ထောင်စု Franklin Roosevelt လေ့လာရေးဖောင်ဒေးရှင်း၏ ဒါရိုက်တာ Yuri Rogulev က မဟာဗျူဟာသည် တိကျသေချာမှုမရှိသော ပန်းတိုင်များကိုသာ ညွှန်ပြနေပြီး အဖြစ်မှန်ကွဲလွဲမှုများစွာ ပါဝင်နေသေးသည်ဟု သတင်းဌာနသို့ ပြောကြားခဲ့သည်။

အမေရိကန်နိုင်ငံက တင်းမာမှုတွေကို လျှော့ချဖို့ထောက်ခံပေမဲ့ မကြာခဏ သွေးထိုးလှုံ့ဆော်တတ်တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ ပဋိပက္ခများကို ငြိမ်းချမ်းသောနည်းဖြင့်ဖြေရှင်းရန် ထောက်ခံထားပြီး အစုအဖွဲ့များဖွဲ့စည်းခြင်းကို ဆန့်ကျင်ကြောင်း အဆိုပါစာတမ်းတွင် ဖော်ပြထားသည်။

"အမေရိကန်တွေဟာ အကျပ်အတည်း၊ အခက်အခဲများကို သူတို့ရဲ့အခွင့်အရေးအတွက် အမြဲတမ်းကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချတတ်ကြတယ်"ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အမေရိကန်သည် ၎င်းတို့၏ ယခင်ပြောနေကျစကားများနှင့်ယှဉ်လျှင် အနည်းငယ်ပျော့ပျောင်းလာကြောင်း၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးသည် ဖြစ်နိုင်သေးကြောင်း၊ အိမ်ဖြူတော်က မှတ်ချက်ပြုထားပြီး အင်အားကြီးနှစ်နိုင်ငံကို ချည်နှောင်ထားသည့် စီးပွားရေးဆိုင်ရာဆက်ဆံမှုများကို အနှောင့်အယှက်ဖြစ်စေမည်မဟုတ်ကြောင်း အမျိုးသားမဟာဗျူဟာသစ်စာတမ်းတွင် ပြောကြားခဲ့သည်။

**White House's new 'National Security Strategy' sees China as chief threat ကို ဘာသာပြန်ဆိုပါသည်။**

## ရုရှားစစ်ဘက်က S-300V4 လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ် ယူကရိန်းတွင် တပ်ဖြန့်အသုံးပြုခဲ့

ရုရှားစစ်ဘက်သည် နောက်ဆုံးထုတ်ချိန်းတပ် S-300V4 လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ကို ယူကရိန်းတွင် တပ်ဖြန့်အသုံးပြုခဲ့ကြောင်း ယခုနှစ်အောက်တိုဘာ ၁၅ ရက်ထုတ် ရုရှားနိုင်ငံဝဘ်ဆိုက် "Military Watch Magazine" တွင် ဖော်ပြချက်အရ သိရသည်။

NATO ကုဒ်အမည် SA-12 Gladiator ဟုခေါ်ဝေါ်လေ့ရှိသည့် S-300V4 လေကြောင်းရန်ကာကွယ်ရေးစနစ်သည် ၁၉၈၈ ခုနှစ်တွင် ရုရှားတပ်မတော်တွင် စတင်အသုံးပြုခဲ့သော ချိန်းတပ်သံချပ်ကာယာဉ်များကို အခြေခံတည်ဆောက်ထားသည့် လေကြောင်းရန်ကာကွယ်ရေးလက်နက်စနစ်အမျိုးအစားလည်းဖြစ်သည်။

အဆိုပါစနစ်တွင် 9M82 နှင့် 9M83 ဒုံးကျည်အမျိုးအစားနှစ်မျိုးကို အသုံးပြုနိုင်သည်။ ၎င်းသည် အများဆုံးတိုက်ပွဲဝင်နိုင်သောအကွာအဝေး ကီလိုမီတာ ၁၀၀၊ အမြင့် ကီလိုမီတာ ၃၀ ထိ လေကြောင်းပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်သည်။ အများဆုံးအမြင့်ပေ ၂၅ ကီလိုမီတာတွင် ပျံသန်းနေသော ပဲ့ထိန်းဒုံးကျည်များကို တိုက်ခိုက်နိုင်စွမ်းရှိသည်။

ဒုံးကျည်ကွန်တိန်နာ-ဒုံးပစ်လောင်ချာ ပြွန်လေးခုပါသည့် 9A83 (SA-12a Gladiator) နှင့် 9A82 (SA-12b Giant) ဟူ၍ ဒုံးပစ်လောင်ချာအမျိုးအစားနှစ်မျိုးရှိသည်။ အဆိုပါဒုံးပြွန်များကို ပစ်လွှတ်ရန်အတွက် ဒေါင်လိုက်အနေအထားသို့ မြှင့်တင်ပစ်လွှတ်နိုင်ပြီး ခရီးသွားရွှေ့ပြောင်းရာတွင် အလျားလိုက်သယ်ဆောင်သွားနိုင်သည့် S-300V4 သည် S-300V3 အုပ်စုတွင် နောက်ဆုံးမျိုးဆက်သစ်လေကြောင်းရန်ကာကွယ်ရေးဒုံးစနစ်ဖြစ်သည်။ ယခင်စားရှင်းနှင့်နှိုင်းယှဉ်ပါက S-300V4 တွင် တိုက်လေယာဉ်များကို တိုက်ပွဲဝင်နိုင်စွမ်းအဆင့်မြှင့်တင်ထားသည့်အပြင် ခရုဇ်ဒုံးကျည်နှင့် ပဲ့ထိန်းဒုံးကျည်တန်ပြန်ကာကွယ်နိုင်စွမ်းများ ပိုင်ဆိုင်လာခဲ့သည်။

S-300V4 လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ကို မြေပြင်အခြေအနေအားလုံးတွင် ရွှေ့ပြောင်းတပ်ဖြန့်၊ သွားလာနိုင်စေရန် ချိန်းတပ်သံချပ်ကာယာဉ်ပေါ်တွင်တပ်ဆင်ထားသည်။ ၎င်းသည် အမျိုးမျိုးသောပေါင်းစပ်တိုက်ပွဲဝင်မှုတွင် ဝေဟင်ပစ်မှတ် ၂၄ ခု ထိ တစ်ပြိုင်တည်းတိုက်ပွဲဝင်နိုင်ပြီး သို့မဟုတ် ပဲ့ထိန်းပစ်မှတ် ၁၆ ခုထိ တိုက်ပွဲဝင်နိုင်သည်။ S-300V4 လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်သည် ကီလိုမီတာ ၄၀၀ အကွာအဝေးအတွင်း ပဲ့ထိန်းဒုံးကျည်များနှင့် လေကြောင်းခြိမ်းခြောက်မှုများကို တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။



**Russia deploys in Ukraine S-300V4 air defense missile system able to destroy aircraft at 400 km ကို ဘာသာပြန်ဆိုပါသည်။**

## ယူကရိန်းတွင် အသုံးပြုနေသည့် UAVဒရုန်းများကို ရုရှားတွင် ထုတ်လုပ်ထားခြင်းဖြစ်

ယူကရိန်းတွင် ရုရှားစစ်ဘက်က အသုံးပြုနေသော UAV ဒရုန်းများသည် ရုရှားနိုင်ငံတွင် ရာနှုန်းပြည့်ထုတ်လုပ်ခြင်းဖြစ်ကြောင်း ကုလသမဂ္ဂအမြဲတမ်းကိုယ်စားလှယ် Dmitry Polyanskiy က သတင်းထောက်များကို အောက်တိုဘာ ၁၉ ရက်တွင် ပြောကြားခဲ့သည်။




"ယူကရိန်းမှာ ရုရှားစစ်ဘက်ကအသုံးပြုတဲ့ UAV ဒရုန်းတွေဟာ ရုရှားမှာထုတ်လုပ်တာပါ"ဟု Polyanskiy က အောက်တိုဘာ ၁၉ ရက်တွင်ပြောကြားပြီး အနောက်နိုင်ငံမှ အရာရှိများသည် အတုအယောင်များဖြစ်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

ယူကရိန်းတွင် အီရန်ထုတ်ဒရုန်းများ အသုံးပြုမှုစွပ်စွဲချက်ဖြင့် စုံစမ်းစစ်ဆေးရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံးတွင် တရားဝင်လုပ်ပိုင်ခွင့်မရှိကြောင်း အီရန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂသံတမန် Saeed Iravani က ပြောကြားခဲ့သည်။

"ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရုံးသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်အမှတ် ၂၂၃၁ နှင့်ပတ်သက်၍ မည်သည့်အရာမှ စုံစမ်းစစ်ဆေးရန် လုပ်ပိုင်ခွင့်မရှိ"ဟု Polyanskiy က ပြောကြားခဲ့သည်။

"လုံခြုံရေးကောင်စီဥက္ကဋ္ဌ ၂၀၁၆ ခုနှစ် ဇန်နဝါရီ၁၆ ရက် ရက်စွဲပါ ၂၀၁၆/၄၄၏ မှတ်စုတွင်ထည့်သွင်းထားသည့် ၎င်း၏အခန်းကဏ္ဍသည် "အစည်းအဝေးခန်းများပြင်ဆင်ခြင်း၊ ဖြန့်ကြက်ဆက်သွယ်မှုများပြုလုပ်ရန် နည်းပညာပိုင်းဆိုင်ရာ သက်သက်ဖြစ်သည်"ဟု ၎င်းကဆိုသည်။

ဥရောပသမဂ္ဂသည် အီရန်နိုင်ငံက ယူကရိန်းအထူးစစ်ဆင်ရေးအတွက် ရုရှားကို ဒရုန်းများပံ့ပိုးပေးခဲ့ကြောင်း သက်သေအထောက်အထားများ စုဆောင်းထားကြောင်း EU ပြောရေးဆိုခွင့်ရှိသူ Nabila Massrali က ထုတ်ဖော်ပြောဆိုပြီးနောက် ယခုကဲ့သို့ မှတ်ချက်ပြုခဲ့ခြင်းဖြစ်သည်။

အီရန်သည် အဆိုပါစွပ်စွဲချက်များကို အကြိမ်ကြိမ်ပယ်ချခဲ့ကြောင်း၊ အဆိုပါစွပ်စွဲချက်များကို နိုင်ငံရေးဖိအားပေးမှုတစ်စိတ်တစ်ပိုင်းအဖြစ်လုပ်ဆောင်နေခြင်းဖြစ်ကြောင်း အီရန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂသံတမန် Saeed Iravani က ဆိုသည်။

"ယူကရိန်းပဋိပက္ခမှာ အသုံးပြုဖို့အတွက် အီရန်က UAV တွေကိုလွှဲပြောင်းပေးတယ်ဆိုတဲ့ အခြေအမြစ်မရှိ၊ ခိုင်လုံမှုမရှိတဲ့ပြောဆိုနေမှုတွေအပေါ် ကျွန်တော်တို့ ပြတ်ပြတ်သားသားငြင်းဆိုခဲ့ပါတယ်"ဟု Iravani က အောက်တိုဘာ ၁၉ ရက်တွင် ပြောကြားခဲ့သည်။

အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေး Jake Sullivan ၏ UAV ဒရုန်းများနှင့်ပတ်သက်သည့် စွပ်စွဲချက်များကို ဇူလိုင်လတွင် ပထမဆုံးထွက်ပေါ်လာခဲ့သည်။ ထိုကဲ့သို့သော အန္တရာယ်ရှိသောလက်နက်များ လွှဲပြောင်းခြင်းကို တားဆီးရန် ဒဏ်ခတ်ပိတ်ဆို့မှုများကို အသုံးပြုရန် ရည်ရွယ်ထားကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားထားသည်။

**UAVs Used in Ukraine Are Manufactured in Russia, West Inventing Fake Pretext –Polyanskiy ကို ဘာသာပြန်ဆိုပါသည်။**

မင်းမျိုး

# လပွတ္တာမြို့နယ်တွင် ယခုနှစ် နေလှန်းဆားလုပ်ငန်းရာသီ၌ တန်ချိန် ၃၂ သိန်းထိ ထုတ်လုပ်သွားမည်



**လပွတ္တာ အောက်တိုဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်တွင် ယခုနှစ် နေလှန်းဆားလုပ်ငန်းရာသီ၌ နေလှန်းဆားတန်ချိန် ၃၂ သိန်းထိ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း လပွတ္တာမြို့နယ်ရှိ နေလှန်းဆားထုတ်လုပ်သည့် လုပ်ငန်းရှင် ဒေါ်မြတ်မွန်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် ယခင်နှစ်က နေလှန်းဆားတန်ချိန် ၂၈ သိန်း ထုတ်လုပ်ခဲ့ပြီး ယခုနှစ်နေလှန်းဆားထုတ်လုပ်သည့်ရာသီတွင် ဒေသထွက်နေလှန်းဆားများ လိုအပ်ချက်ရှိနေခြင်းကြောင့် နေလှန်းဆားတန်ချိန် လေးသိန်း တိုးချဲ့ကာ တန်ချိန် ၃၂ သိန်းထိ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဧရာဝတီတိုင်းဒေသကြီးမှာက နေလှန်းဆားထုတ်လုပ်တဲ့ လုပ်ငန်းကို အောက်တိုဘာလမှာ စတင်လုပ်ကိုင်ကြပါတယ်။ ဒေသထွက် ဆားတွေ လိုအပ်ချက်များနေပါတယ်။ ဒါကြောင့် အခုနှစ် နေလှန်းဆား တန်ချိန် လေးသိန်းတိုးချဲ့ထုတ်လုပ်သွားဖို့ရှိပါတယ်။ လက်ရှိ ဆားဈေးကတော့ အကောင်းကြီးမဟုတ်ပါဘူး။ ရာသီဥတုကြောင့် ဆားကွင်းတွေ ထိခိုက်ပျက်စီးတာမရှိဖို့ အရေးကြီးတယ်။ ဒါကြောင့် လိုအပ်တာတွေကို ကြိုတင်ပြင်ဆင်နေပါတယ်။ ဒေသထွက်ဆားတွေက အရည်အသွေးကောင်းတော့ ဝယ်လက်ကြိုက်တယ်။ ဒေသထွက်နေလှန်းဆားတွေကို သဘာဝနည်းနဲ့ထုတ်လုပ်တာပါ။ နေလှန်းဆားလုပ်ငန်းက ကျယ်ပြန့်ပါတယ်။ အခြေခံအားဖြင့်တော့ ပင်လယ်ရေတွေကို မြှုပြင်ထားတဲ့ မြေသားကွင်းတွေအတွင်းထည့်သွင်းပြီး အဆင့်ဆင့်ချက်လုပ်တဲ့နည်းလမ်းကို အသုံးပြုပြီးလုပ်တာပါ"ဟု လပွတ္တာမြို့နယ်ရှိ နေလှန်းဆားထုတ်လုပ်သည့် လုပ်ငန်းရှင် ဒေါ်မြတ်မွန်က ပြောပြသည်။

ဧရာဝတီတိုင်းဒေသကြီးတွင် နေလှန်းဆားများကို ဖျာပုံမြို့နယ်၊ လပွတ္တာမြို့နယ်၊ ငပုတောမြို့နယ်တို့တွင် အဓိကထုတ်လုပ်ကြောင်း၊ အဆိုပါဒေသများမှ ထွက်ရှိသည့် နေလှန်းဆားများကို ဒေသ ဆားစက်များတွင် စနစ်တကျ သန့်စင်ထုတ်လုပ်ပြီး ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေး ဈေးကွက်တို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါဒေသထွက် နေလှန်းဆားပိဿာ ၁၀၀ လျှင် ငွေကျပ် ၄၅၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိုင်းဖြတ်မြို့နယ် နမ့်ယောင်းကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှု စစ်ဆေး

**မိုင်းဖြတ် အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုင်းဖြတ်မြို့နယ် နမ့်ယောင်းကျေးရွာတွင် ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရဲခေါင်နှင့် တာဝန်ရှိသူများက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ဆောင်ရွက်သည့် မိုင်းဖြတ်မြို့နယ် နမ့်ယောင်းကျေးရွာ ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးရဲခေါင်က ရေရှည်အသုံးပြုနိုင်စေရေးအတွက် စနစ်တကျပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ကျေးရွာမှ တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။



မိုင်းဖြတ်မြို့နယ် နမ့်ယောင်းကျေးရွာတွင် အလျား ပေ ၃၀၊ အနံ ပေ ၂၀၊ အမြင့် ၁၂ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံ ငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် သုံးသန်း စုစုပေါင်းငွေကျပ် ၁၃ သန်း အသုံးပြုကာ မိုင်းဖြတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာကော်မတီက ဦးဆောင်၍ ယခုနှစ် ဩဂုတ် ၇ ရက်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ဘက်စုံသုံးခန်းမ တည်ဆောက်ပြီးစီးသွားသဖြင့် ကျေးရွာ၏လူမှုရေး၊ ပညာရေးနှင့် အခြားကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဆင်ပြေစွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**

# ကြို့ပင်ကောက်မြို့နယ် အောင်ချမ်းသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကြို့ပင်ကောက် အောက်တိုဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောင်ချမ်းသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ) လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကြို့ပင်ကောက်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်မင်းဌေးက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် နေကြာအပါအဝင်အခြား ဆီထွက်သီးနှံများ စိုက်ပျိုးနိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက နေကြာသီးသန့်စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်မည့်တောင်သူ ၃၁ ဦးကို ငွေကျပ် သန်း ၃၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်၊ ကြို့ပင်ကောက်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်မင်းဌေး၊ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဗညားနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အေးမြတ်**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၂-၁၀-၂၀၂၂

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၄၀၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၄၃၉၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်းကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၈၃၅/၅၈၅၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၃၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၇၁၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၀၃၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၁၂၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ကလောပင်မဓာတ်အားခွဲရုံမှ လျှပ်စစ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၂၂**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ရှမ်းပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်အတွင်းရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန ကလောပင်မဓာတ်အားခွဲရုံ၏လျှပ်စစ်ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရအောင်ဘိုနှင့် တာဝန်ရှိသူတို့က ဓာတ်အားခွဲရုံဆိုင်ရာအချက်အလက်များနှင့် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးထားမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အန္တရာယ်ကင်းရှင်းစွာဖြင့် ဓာတ်အားစဉ်ဆက်မပြတ် ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေးပို့အားပြည့်ပြည့်ဝဝဖြင့် ပြည်သူလူထုအသုံးပြုနိုင်ရေး၊ ဓာတ်အားခွဲရုံသုံး လျှပ်စစ်ပစ္စည်းများ၊ ထရန်စဖော်မာများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်စေရေး ပုံမှန်ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို စနစ်တကျစစ်ဆေးဆောင်ရွက်သွားရန်နှင့် ဓာတ်အားပျောက်ဆုံးမှု၊ ဓာတ်အားပြတ်တောက်မှုလျော့နည်းကျဆင်းစေရေး၊ ဓာတ်အားခွဲရုံအတွင်းအပြင် သန့်ရှင်းသာယာလှပရေးနှင့် လုံခြုံရေးအသိ၊ လုံခြုံရေးသတိအမြဲရှိစေရေး အလေးထားဆောင်ရွက်သွားရန်မှာကြားခဲ့ပြီး ဓာတ်အားထိန်းချုပ်ခန်းနှင့် Switchyard အတွင်း လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ဖြန့်ဖြူးပေးနေမှုနှင့် လက်ရှိဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများ၏ ဝန်အားထိန်းညှိဖြန့်ဖြူးထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး မန္တလေးမြို့ မြန်မာ့စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်၏ စက်သုံးဆီသိုလှောင်ရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၂**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ မြန်မာ့စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်မှ ဆောင်ရွက်လျက်ရှိသော စက်သုံးဆီသိုလှောင်ရုံနေရာများသို့ရောက်ရှိကာ စီမံကိန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုသည်။

ဦးစွာ ရှင်းလင်းဆောင်တွင် စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရွှေမောင်နှင့် မြန်မာ့စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒေါက်တာဝင်းမြင့်တို့က မြန်မာနိုင်ငံအထက်ပိုင်းသို့ စက်သုံးဆီ ဖြန့်ဖြူးရေး၊ သိုလှောင်ရေးနှင့် စီမံကိန်းတည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြည်ပမှ တင်သွင်းလာသည့် စက်သုံးဆီများကို မြန်မာနိုင်ငံ အထက်ပိုင်းရှိ မြို့များသို့ ဖြန့်ဖြူးနိုင်ရေးအတွက် သယ်ယူမှု၊ လုံလောက်စွာသိုလှောင်ထားရှိမှု၊ ဖြန့်ဖြူးမှုနှင့် မြန်မာနိုင်ငံအထက်ပိုင်းရှိ မြို့ကြီးများတွင် စက်သုံးဆီလုံလောက်စွာနှင့် ဈေးနှုန်းတည်ငြိမ်စွာဖြင့် ပုံမှန်ဖြန့်ဖြူးပေးနိုင်ရေး စီစဉ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**






**PDF အမည်ခံ အကြမ်းဖက်သမားများ၏ Drone ယာဉ်များအသုံးပြု၍ Drop Bomb များဖြင့် ဖောက်ခွဲတိုက်ခိုက်မှုကြောင့် ပင်မကျောင်းဆောင်၏ အမိုးသွပ် ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။**

## ❖ Drop Bomb များဖြင့် တိုက်ခိုက်မှု

အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်၍ အဖျက်အမှောင့်လုပ်ရပ်များကို ရည်ရွယ်ချက်ရှိရှိဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင်လည်း PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် မကျီးတုံ ကျေးရွာအတွင်းသို့ Drone ယာဉ်များ အသုံးပြု၍ Drop Bomb များဖြင့်ဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ မကျီးတုံကျေးရွာအတွင်းသို့ ယနေ့ မွန်းလွဲ ၁ နာရီခွဲခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက Drone ယာဉ်နှစ်စီးအသုံးပြု၍ Drop Bomb ခြောက်လုံးအားဖြုတ်ချဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်း၊ ထိုသို့တိုက်ခိုက်ခြင်းကြောင့် ကျေးရွာအခြေခံပညာအလယ်တန်းကျောင်းခွဲအတွင်းရှိ စာသင်ကျောင်းပေါ်သို့ လက်လုပ်ဗုံး တစ်လုံး၊ စာသင်ကျောင်းဆောင်၏ အရှေ့တန်းစီကွင်းနှင့် စာသင်ကျောင်း၏ မြောက်ဘက် မီတာ ၁၀၀ ခန့်အကွာ လယ်ကွင်းအတွင်းတို့သို့ Drop Bomb များ ကျရောက်ပေါက်ကွဲခဲ့ပြီး အဆိုပါပတ်ဝန်းကျင်တစ်ဝိုက်တွင် လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပြန်လည်ပစ်ခတ်မှုကြောင့် Drone ယာဉ်နှစ်စီးသည် အနောက်ဘက်သို့ ဆုတ်ခွာပျံသန်းသွားခဲ့သည်။

ဖြစ်စဉ်တွင် လူ့တိရစ္ဆာန်ထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ပင်မကျောင်းဆောင်၏ အမိုးသွပ်များ၊ မျက်နှာကြက်နှင့် ကျောင်းသုံးဗီရိုတို့ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သည်။

ထိုသို့ကျေးရွာအတွင်း Drop Bomb များဖြင့် ရမ်းသန်းဖြုတ်ချတိုက်ခိုက်ခဲ့သော PDF အမည်ခံ အကြမ်းဖက်သမားများကို အမြန်ဆုံးဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝိုင်းဆို စစ်ဆေးရှာဖွေလျက်ရှိကြောင်း သတင်းရရှိသည်။

## အောက်တိုဘာ ၂၂ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၂၆၂ ဦးတွေ့ရှိပြီး ယနေ့ နှစ်ဦးသေဆုံး

### ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၀၄၄၅ ဦး |
| သေဆုံးသူ | ၁၉၄၇၅ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၄၀၆၇ ဦး |

**နေပြည်တော် အောက်တိုဘာ ၂၂**

အောက်တိုဘာ ၂၁ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၁၁၂၁၇ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၆၂ ဦး တွေ့ရှိပြီး ယနေ့တွင် နှစ်ဦးသေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင် ဆေးရုံတက်ရောက်ကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

# လှိုင်ကော်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၂၂**

ကယားပြည်နယ် လှိုင်ကော်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့ နေ့လယ်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုးနှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆေးရုံအတွင်းလိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# မှော်ဘီမြို့နယ် ညောင်ဝိုင်းကျေးရွာရှိ သံဃာတော်များနှင့်ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ရွှေလှေကြီးကျေးရွာအုပ်စု ညောင်ဝိုင်းကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် မှော်ဘီတပ်နယ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် တစ်ပါးနှင့် ဒေသခံပြည်သူ ၁၀၂ ဦးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးပြီး ထိုသို့ဆောင်ရွက်ပေးနေမှုများကို မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။



မှော်ဘီမြို့နယ် ညောင်ဝိုင်းကျေးရွာရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# သန့်ရှင်းသာယာသောမြို့ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက အားတက်သရောဆောင်ရွက်



မော်လမြိုင်မြို့ အစိုးရနည်းပညာအထက်တန်းကျောင်းအား သန့်ရှင်းရေးမဆောင်ရွက်မီ(ဝဲပုံ)နှင့် ဆောင်ရွက်ပြီးစီးမှု (ယာပုံ)ကို တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၂**

မိမိတို့၏ နေ့စဉ်လူမှုဘဝနေထိုင်ဖြတ်သန်းရာတွင် ကျန်းမာရွှင်လန်းသော လူမှုပတ်ဝန်းကျင်ကို ပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ မျက်စိပသာဒဖြစ်ပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် ပတ်ဝန်းကျင်တစ်ခုရှိရန် အလွန်လိုအပ်အရေးကြီးလှသည်။ မိမိတို့တစ်ဦးချင်း နေထိုင်ကြသည့် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်နေမှသာလျှင် သန့်ရှင်းသာယာလှပသော မြို့ရွာClean city၊Clean Village များဖြစ်လာမည်ဖြစ်ပြီး ကျန်းမာရေးနှင့် ညီညွတ်မှုတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာသန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင်တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေး တာဝန်ရှိသူများက မပြတ်မနေ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ်စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့ရွာဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရောဆောင်ရွက်လျက်ရှိကြသည်။


ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အပါအဝင် မြို့နယ်ခြောက်မြို့နယ်တို့၌လည်းကောင်း၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့အပါအဝင် မြို့နယ် လေးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် အပါအဝင် မြို့နယ် ၁၀မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းနောင်မြို့အပါအဝင် မြို့နယ်သုံးမြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့အပါအဝင် မြို့နယ် လေးမြို့နယ်တို့၌လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့အပါအဝင် မြို့နယ် ခုနစ်မြို့နယ်တို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့အပါအဝင် မြို့နယ် ၁၀မြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့အပါအဝင် မြို့နယ် ၁၁ မြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အပါအဝင် မြို့နယ် ၁၇ မြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် အပါအဝင် မြို့နယ် ၁၁မြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်းတံတားများ၌ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေး အဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ခြင်ဆေးဖျန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီး၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကိုတွေ့ရစဉ်။

# အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပ




**နေပြည်တော် အောက်တိုဘာ ၂၂**

(၄၁)ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး၊ (၁၀)ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အောက်တိုဘာ ၁၇ ရက်မှ ၂၀ ရက်ထိ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ အလှည့်ကျဥက္ကဋ္ဌဖြစ်သည့် ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည်။

အောက်တိုဘာ ၂၀ ရက်တွင် ကျင်းပသည့် (၁၀)ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာဝန်ကြီးများအဆင့်အစည်းအဝေးသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ အမြဲတမ်းအတွင်းဝန် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်နှင့်ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ခဲ့ကြသည်။

အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းတွင် အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုနေ့ကို "Stronger Together in Balancing Action to Enhance Localisation for Disaster Resilience" ခေါင်းစဉ်ဖြင့် ကျင်းပဆောင်ရွက်ခဲ့ပြီး (၁၀)ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ဆက်လက်ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီးသည် အာဆီယံသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများ အာဆီယံနိုင်ငံအသီးသီးမှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ပြီး နိုင်ငံအလိုက် ရှင်းလင်းဆွေးနွေးသည့် အစီအစဉ်တွင် ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် အာဆီယံ ၁၀ နိုင်ငံမှ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများနှင့် တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံတို့မှ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးများကို သီးခြားစီကျင်းပခဲ့ရာ အာဆီယံနှင့် ပူးပေါင်းဆောင်ရွက်မည့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းအစီအစဉ်များ၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ ပူးတွဲကြေညာချက်များနှင့်စပ်လျဉ်း၍ အပိုင်းအလိုက်၊ အခန်းကဏ္ဍအလိုက် ဆွေးနွေးအတည်ပြုခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က ဖြည့်စွက်ဆွေးနွေးခဲ့ကြသည်။

အဆိုပါအစည်းအဝေး၏ ဆက်စပ်အစည်းအဝေးများဖြစ်သော အာဆီယံသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ (၄၁)ကြိမ်မြောက် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အောက်တိုဘာ ၁၇ ရက်မှ ၁၉ ရက်ထိ ကျင်းပခဲ့ရာ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်နှင့် ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများ အကောင်အထည်ဖော်နေမှု၊ သဘာဝဘေး၊ လူကြောင့်ဖြစ်သောဘေးများကြောင့် ဘေးသင့်သူများကို နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ပံ့ပိုးကူညီထောက်ပံ့မှု၊ အာဆီယံနှင့်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုကို ပွင့်ပွင့်လင်းလင်း ညှိနှိုင်းဆွေးနွေးကာ ရှေ့ဆက်ပူးပေါင်းအကောင်အထည်ဖော် မည့်လုပ်ငန်းများကို သဘောတူညီမှုများရယူခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၂၂**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေးထိုးနှံခြင်းကို အင်တိုက် အားတိုက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၂၆၅၃ ဦး၊ ရခိုင်ပြည်နယ် ကျောက်ဖြူနှင့် ရမ်းဗြဲမြို့နယ်တို့၌ ဒေသခံ ပြည်သူ ၃၆၈ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ဒေသခံပြည်သူ ၇၅၆၅ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့အတူ ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ကျောင်းသား၊ ကျောင်းသူ ၁၇၉ ဦးတို့ကို တပ်မတော်မှဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Mask များကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်တို့မှ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့်ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေးအတွက် အသိပညာပေးဆောင်ရွက်ခြင်း၊ Mask များ တပ်ဆင်ပြီးသွားလာကြရန် လှုံ့ဆော်ခြင်းနှင့် Mask များကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။




**ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ်ရှိ ဒေသခံပြည်သူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးစဉ်။**

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင် နှစ်ဦးကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်



**ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရွာငံမြို့မှ PDF အဖွဲ့ဝင်နှစ်ဦးကို တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံစဉ်။**

**နေပြည်တော် အောက်တိုဘာ ၂၂**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းတွင်လည်း ရှမ်းပြည်နယ်(တောင်ပိုင်း) မနေကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်ရှိ စီမံအုပ်ချုပ်ရေးအဖွဲ့ အစည်းအဝေးခန်းမ (၁)၌ ပြန်လည်ကြိုဆိုလက်ခံခြင်း အခမ်းအနားကိုပြုလုပ်ခဲ့ပြီး မနေကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဥက္ကဋ္ဌ ဦးအာကာလင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တောင်ကြီးတပ်နယ်မှ တာဝန်ရှိသူများ၊ ပင်းတယ၊ ရွာငံတို့မှ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရွာငံမြို့မှ PDF အဖွဲ့ဝင် အမျိုးသားနှစ်ဦးကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သက်မှတ် စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက် ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

# ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်မြတ်ကြီး ကင်မွန်းချောင်းတောင်တက်ကားဂိတ်ကို KNLA တပ်မဟာ(၁)နှင့် NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ရက်စက်မိုက်မဲစွာ လာရောက်ပစ်ခတ်မှုနှင့်ပတ်သက်၍ မော်လမြိုင်မြို့၌ ပြင်းထန်စွာ ဆန့်ကျင်ရှုတ်ချကြောင်း ဆန္ဒထုတ်ဖော်




**နေပြည်တော် အောက်တိုဘာ ၂၂**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင် စေတီတော်မြတ်ကြီး ကင်မွန်းချောင်းတောင်တက်ကားဂိတ်ကို KNLA တပ်မဟာ(၁)နှင့် NUG ၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ရက်စက်မိုက်မဲစွာ လာရောက်ပစ်ခတ်ခဲ့သဖြင့် ဘုရားဖူးပြည်သူ သုံးဦးသေဆုံးခဲ့ပြီး ၁၉ ဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ပြင်းထန်စွာရှုတ်ချကြောင်းကို ယနေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သံဃာတော်များနှင့် မော်လမြိုင်မြို့နေ အကြမ်းဖက်မှုများကို မလိုလားသောဒေသခံပြည်သူများ စုပေါင်း၍ မော်လမြိုင်မြို့ ဘိုကုန်းရပ်ကွက် အထက်လမ်းမကြီးရှိ သံလွင်ဥယျာဉ်ပန်းခြံအတွင်း "KNU ၊ NUG၊ PDF တို့ ဗုဒ္ဓဘာသာကို အကြမ်းဖက်သောနေ့၊ ဘုရားဖူးပြည်သူများ အကြမ်းဖက်မှုကို ဆန့်ကျင်ကြ၊ KNLA တပ်မဟာ(၁) အကြမ်းဖက်အဖွဲ့ကို အလိုမရှိ၊ တရားမဝင် NUG ၊CRPH အလိုမရှိ၊NUG၊ CRPH လက်ဝေခံ PDF အဖွဲ့ကို အလိုမရှိ" စသည့် ပိုစတာများ၊ ဆိုင်းဘုတ်များ ကိုင်ဆောင်ကာ ကြွေးကြော်သံများဖြင့် ကြွေးကြော်၍ အေးချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သတင်းရရှိသည်။

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သံဃာတော်များနှင့် မော်လမြိုင်မြို့နေ အကြမ်းဖက်မှုများကို မလိုလားသော ဒေသခံပြည်သူများစုပေါင်း၍ အေးချမ်းစွာ ဆန္ဒထုတ်ဖော်ကြစဉ်။

# ပုလောမြို့နယ် မဒေါင်ကျေးရွာနှင့်ပိတတ်ကျေးရွာကြားရှိ ကျေးရွာချင်းဆက် သံပေါင်ဘေလီတံတားကို PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းခွဲဖျက်ဆီး

**နေပြည်တော် အောက်တိုဘာ ၂၂**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်အတွင်း နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များကို ယနေ့နံနက် ၁ နာရီခွဲခန့်တွင် တိုကျေးရွာအုပ်စု ပိတတ်ကျေးရွာအနီး တစ်ဝိုက်တွင် ပေါက်ကွဲသံ တစ်ချက်ကြားရကြောင်း တာဝန်သိပြည်သူတစ်ဦးက သတင်းပေးပို့လာခဲ့သည်။

အဆိုပါ တာဝန်သိပြည်သူ တစ်ဦး၏ သတင်းပေးပို့မှုကြောင့် ယနေ့နံနက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပုလောမြို့နယ်၏ တောင်ဘက် မိုင် ၁၂၀၀၀ ခန့်အကွာ မဒေါင်ကျေးရွာနှင့် ပိတတ်ကျေးရွာကြားရှိ ကဒဲချောင်းကူး (ဒေသအခေါ်ပိတတ်ချောင်း)ကျေးရွာချင်းဆက် သံပေါင်ဘေလီ အမျိုးအစား (တံတားအကျယ် ၁၂ပေ၊ အရှည်ပေ ၄၂၀) အား PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းခွဲဖျက်ဆီးထားမှုကို တွေ့ရှိရပြီး တံတားကြမ်းခင်းသံပြား လေးချပ် ပြုတ်ထွက်ပျက်စီးခဲ့ကြောင်း တွေ့ရှိရသည်။

အကြမ်းဖက်သမားများ အနေဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကို သွားလာမှုခက်ခဲစေရန်နှင့်အထိတ်တလန့်ဖြစ်ပြီး ကြောက်ရွံ့လာစေရန်ရည်ရွယ်၍ ယခုကဲ့သို့ ဖောက်ခွဲဖျက်ဆီးခြင်းဖြစ်ကြောင်း၊ အဆိုပါ မိုင်းခွဲဖျက်ဆီးမှုကြောင့် လက်ရှိတွင် မော်တော်ယာဉ်များ သွားလာ၍မရဘဲ မော်တော်ဆိုင်ကယ်များသာ သွားလာနိုင်ကြောင်းနှင့် တံတားပျက်စီးမှုအား ပုလောမြို့နယ်ကျေးလက်လမ်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက အမြန်ဆုံး ပြင်ဆင်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။





ပုလောမြို့နယ် မဒေါင်ကျေးရွာနှင့်ပိတတ်ကျေးရွာကြားရှိ ကျေးရွာချင်းဆက် သံပေါင်ဘေလီတံတားကို PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းခွဲဖျက်ဆီးထားမှုကို တွေ့ရစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင်နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် မြစဉ်ကိုင်းကျေးရွာနေ ရာဇဂ(ခ) သူရိန်ဝင်းသည် ၎င်းအသုံးပြုသည့် "Yar Zar" Faceboook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် မြို့မတောင်ရပ်ကွက် နေသူများဖြစ်သည့် သူရိန်(ခ) သူရိန်စိုး(ခ) ဒီနေစပ်နှင့် ကျော်သူဟိန်း(ခ) ထွန်းဖေတို့ နှစ်ဦးသည် ၎င်းတို့အသုံးပြုသည့် "Thu Rein Soe" Facebook Pageနှင့် "Thi Ha Zaw" Facebook အကောင့်၊ရောဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့ အမှတ်(၁၀) ရပ်ကွက်နေ ခိုင်သဇင်(ခ) ဝိုင်းသည် ၎င်းအသုံးပြုသည့် "Wine" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့် လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUGနှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ယူကရိန်းအရေးနှင့် ဆော်ဒီအာရေဗျ၏ ရပ်တည်ချက်

**မောင်သောင်းဝင်း(တမန်ဟောင်း)**




ရေနံထုတ်လုပ်တင်ပို့ရောင်းချသူများအဖွဲ့(OPEC+)က ရေနံလျှော့ချထုတ်လုပ်ရန် ဆုံးဖြတ်ပြီးနောက် အမေရိကန်နှင့် ဆော်ဒီအာရေဗျတို့ကြား ဆက်ဆံရေးသည် တဖြည်းဖြည်းတင်းမာလာခဲ့သည်။ ဝေဖန်သုံးသပ်သူများက ဆော်ဒီအာရေဗျသည် ရုရှားကိုထောက်ခံပြီး အမေရိကန်ကိုအဖက်မတန်သလို ဆက်ဆံလာပြီဖြစ်ကြောင်း ပြောဆိုလျက်ရှိကြသည်။

ယခုနှစ် အောက်တိုဘာ ၅ ရက်တွင် OPEC+ က ရေနံလျှော့ချထုတ်လုပ်သွားရန် ဆုံးဖြတ်ခဲ့ခြင်းသည် စိတ်ပျက်ဖွယ်ရာကောင်းသည့် လုပ်ရပ်ဖြစ်ကြောင်း အိမ်ဖြူတော်က ပြတ်သားစွာတုံ့ပြန်ပြောဆိုခဲ့သည်။ OPEC+ သည် နိုဝင်ဘာလတွင် နေ့စဉ် ရေနံထုတ်လုပ်မှုစည်နှစ်သန်းထိ လျှော့ချသွားမည်ဖြစ်ပြီး ၎င်းပမာဏသည် ကမ္ဘာ့ရေနံထုတ်လုပ်မှုစုစုပေါင်း၏ နှစ်ရာခိုင်နှုန်းနှင့်ညီမျှလျက်ရှိသည်။

ဆော်ဒီအာရေဗျနှင့် အီရတ်နိုင်ငံတို့ပါဝင်သည့် အဖွဲ့ဝင် ၂၂ နိုင်ငံရှိသော OPEC+ သည် အမေရိကန်နှင့် ဆက်ဆံရေးတင်းမာလာခဲ့သည်။ အထူးသဖြင့် အစဉ်အလာအရ မိတ်ဖက်နိုင်ငံများဖြစ်သော အမေရိကန်နှင့် ဆော်ဒီအာရေဗျတို့ကြား ဆက်ဆံရေးတဖြည်းဖြည်း ဆုတ်ယုတ်လာသည်ကို ဖော်ပြလျက်ရှိသည်။

**ဒေါသူပုန်ထလာခြင်း**

အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနက OPEC+ ၏ ဆုံးဖြတ်ချက်သည် ရန်လိုသောလုပ်ဆောင်ချက်ဖြစ်ပြီး OPEC+ သည် ရုရှားနှင့် ပိုမိုနီးကပ်လာကြောင်း၊ အထူးသဖြင့် အတ္တဆန်သောဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းစာရှင်းလင်းပွဲတစ်ခု၌ ပြောကြားသွားခဲ့သည်။

**❖ ဆော်ဒီအာရေဗျ၏ဆုံးဖြတ်ချက်သည် ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်း နှစ်ခြမ်းကွဲနေပြီဖြစ်ကြောင်းကို ထင်ဟပ်စေလျက်ရှိသည်။ ဆိုရလျှင် ယူကရိန်းအရေးနှင့်စပ်လျဉ်း၍ ဆော်ဒီအာရေဗျနှင့် ပင်လယ်ကွေ့နိုင်ငံများသည် ဥရောပနှင့် အမေရိကန်၏ လုပ်ဆောင်မှုတို့အပေါ် ထောက်ခံမှု တဖြည်းဖြည်းကျဆင်းလာပြီဖြစ်သည်။ OPEC+ ၏ ဆုံးဖြတ်ချက်သည် ရုရှားနိုင်ငံကို ဘဏ္ဍာငွေပိုမိုရှာဖွေလာနိုင်မည့်အပြင် ယူကရိန်းနိုင်ငံအတွင်း ထိုးစစ်ကိုလည်း အရှိန်မြှင့်တင်နိုင်စေမည်ဖြစ်သည်။ ❖**

သမ္မတဂျိုးဘိုင်ဒင်က ထိုသို့ဆုံးဖြတ်ခြင်းသည် အမေရိကန်နှင့် ဆော်ဒီအာရေဗျတို့ကြား ဆက်ဆံရေးအပေါ် နောက်ဆက်တွဲဆိုးကျိုးများရှိလာမည်ဟု သတိပေးပြောကြားခဲ့သည်။ အထူးသဖြင့် အမေရိကန်သမ္မတဂျိုးဘိုင်ဒင်သည် ယခုနှစ် ဇူလိုင်လအတွင်းက ကမ္ဘာ့ရေနံထုတ်လုပ်မှု ဒုတိယအများဆုံးနိုင်ငံဖြစ်သည့် ဆော်ဒီအာရေဗျနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့သည့်အတွက် အမေရိကန်က ဆော်ဒီအာရေဗျ၏ လုပ်ရပ်ကို သစ္စာဖောက်မှုအဖြစ် ရှုမြင်လျက်ရှိသည်။ ၂၀၁၈ ခုနှစ်တွင် ဆော်ဒီဂျာနယ်လစ်ခါရှော့ဂီ လုပ်ကြံခံရပြီးနောက် အမေရိကန်နှင့် ဆော်ဒီအာရေဗျတို့ကြား ဆက်ဆံရေးတင်းမာလာခဲ့သည်။ ထိုအချိန်မှစ၍ အမေရိကန်သည် ဆော်ဒီအာရေဗျနိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် တစိုက်မတ်မတ် ပြစ်တင်ဝေဖန်လျက်ရှိသည်။

ဂျိုးဘိုင်ဒင်သည် ရေနံထုတ်လုပ်မှုနှင့်စပ်လျဉ်း၍ ဆွေးနွေးနိုင်ရန် ဇူလိုင်လအတွင်းက ဆော်ဒီသို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။ လက်ရှိအချိန်တွင် ယူကရိန်းအရေးကိုအကြောင်းပြု၍ ရေနံဈေးနှုန်းများ မြင့်တက်လျက်ရှိရာ ဆော်ဒီအာရေဗျအနေဖြင့် ရေနံတိုးမြှင့်ထုတ်လုပ်သွားမည်ဆိုလျှင် ရေနံဈေးနှုန်းကျဆင်းသွားမည့်အလားအလာရှိနေသည်။ အမေရိကန်တွင် စက်သုံးဆီဈေးနှုန်းများ ကျဆင်းလာခြင်းသည် နိုဝင်ဘာလအတွင်း နှစ်လယ်ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ဘိုင်ဒင်၏ ဒီမိုကရက်တစ်ပါတီ အနိုင်ရရှိရေးအတွက် များစွာအရေးပါလျက်ရှိသည်။

OPEC+ က ရေနံထုတ်လုပ်မှုလျှော့ချသွားမည့် ကြေညာချက်သည် ဒီမိုကရက်တစ်၏မျှော်လင့်ချက်နှင့်ဆန့်ကျင်လျက်ရှိသည်။ လက်ရှိအချိန်တွင် အမေရိကန် မဲဆန္ဒရှင်များအတွက် စက်သုံးဆီဈေးနှုန်းများ မြင့်တက်လာခြင်းသည် နိုင်ငံရေးအရထိုးနှက်မှုကြီးပင်ဖြစ်သည်။ OPEC+ အနေဖြင့် အမေရိကန်နှစ်လယ်ရွေးကောက်ပွဲရည်ရွယ်ကာ ရည်ရွယ်ချက်ရှိရှိဖြင့်လုပ်ဆောင်နေသလားဆိုသော မေးမြန်းချက်များလည်း ထွက်ပေါ်လာခဲ့သည်။

**မည်သူ့ဘက်တွင် ရပ်တည်မှာလဲ**

အမေရိကန်အနေဖြင့် အဆိုပါဆုံးဖြတ်ချက်ကို ဆော်ဒီအာရေဗျ၏ ခပ်ဆတ်ဆတ်ရိုက်ချက်အဖြစ် ရှုမြင်နိုင်ပေသည်။ ထို့ပြင် ဆော်ဒီအာရေဗျနှင့် ပင်လယ်ကွေ့နိုင်ငံများသည် ရုရှားနိုင်ငံမှ ရပ်တည်ထောက်ခံနေသည်ဟုလည်း ရှုမြင်နိုင်ပေသည်။ OPEC+၏ဆုံးဖြတ်ချက်သည် အနောက်အုပ်စုက ရုရှားနိုင်ငံအပေါ် ချမှတ်ထားသော စီးပွားရေးပိတ်ဆို့မှုများကို အချည်းနှီးဖြစ်စေမည်ဖြစ်သည်။ အနောက်အုပ်စုသည် ရုရှား၏ ဘဏ္ဍာငွေအရင်းအမြစ်ကိုဖြတ်တောက်လျှော့ချနိုင်ရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်။ သို့သော် OPEC+၏ ဆုံးဖြတ်ချက်သည် လောင်စာဆီဈေးနှုန်း ထပ်မံမြင့်တက်လာမည်ဖြစ်ပြီး ရုရှားနိုင်ငံသည် ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်လုပ်ရောင်းချမှုမှ ဘဏ္ဍာငွေပိုမိုရှာဖွေနိုင်မည်ဖြစ်သည်။

ဆော်ဒီအာရေဗျ၏ဆုံးဖြတ်ချက်သည် ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်း နှစ်ခြမ်းကွဲနေပြီဖြစ်ကြောင်းကို ထင်ဟပ်စေလျက်ရှိသည်။ ဆိုရလျှင် ယူကရိန်းအရေးနှင့်စပ်လျဉ်း၍ ဆော်ဒီအာရေဗျနှင့် ပင်လယ်ကွေ့နိုင်ငံများသည် ဥရောပနှင့် အမေရိကန်၏ လုပ်ဆောင်မှုတို့အပေါ် ထောက်ခံမှုတဖြည်းဖြည်း ကျဆင်းလာပြီဖြစ်သည်။ OPEC+ ၏ဆုံးဖြတ်ချက်သည် ရုရှားနိုင်ငံကို ဘဏ္ဍာငွေပိုမိုရှာဖွေလာနိုင်မည့်အပြင် ယူကရိန်းနိုင်ငံအတွင်း ထိုးစစ်ကိုလည်း အရှိန်




မြှင့်တင်နိုင်စေမည်ဖြစ်သည်။

**စီးပွားရေးလုပ်ငန်း**

ဆော်ဒီအာရေဗျ နိုင်ငံခြားရေးဝန်ကြီးက OPEC+၏ဆုံးဖြတ်ချက်သည် စီးပွားရေးသဘောသဘာဝအရသာ လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးရည်မှန်းချက်ပါရှိခြင်းမရှိကြောင်း၊ ရေနံသည် လက်နက်မဟုတ်ကြောင်း၊ တိုက်လေယာဉ်မဟုတ်သလို တင့်ကားလည်းမဟုတ်ကြောင်း၊ ရေနံဖြင့်ပစ်ခတ်၍ မရကြောင်း၊ ရေနံကို လူသုံးကုန်ပစ္စည်းအဖြစ်သဘောထားကြောင်း၊ ရေနံဖြင့်ငွေစုထားကြောင်း၊ ကိုယ်ပိုင်အကျိုးစီးပွားကို တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ တိုင်းပြည်၏ရည်မှန်းချက်သည် နိုင်ငံရေးတည်ငြိမ်မှုရှိရေးဖြစ်ကြောင်း၊ ရေနံဈေးနှုန်း မြင့်တက်လာခြင်းသည် တိုင်းပြည်၏အမျိုးသားဘတ်ဂျက်ကို အထောက်အကူဖြစ်စေလျက်ရှိကြောင်း ပြောကြားသွားသည်။

**ကာလရှည်ကြာဆက်ဆံရေး**

ဆော်ဒီအာရေဗျနှင့် အမေရိကန်ကြား ကာလရှည်ကြာဆက်ဆံရေး တည်ဆောက်ထားသော်လည်း မကြာသေးမီနှစ်များအတွင်း ဆက်ဆံရေးအေးခဲလာခဲ့သည်။ ဆော်ဒီအာရေဗျ ရေနံချက်စက်ရုံများကို အီရန်နှင့် ယီမင်တို့က တိုက်ခိုက်ခဲ့သည့်အချိန်တွင် အမေရိကန်နိုင်ငံက အကာအကွယ်ပေးနိုင်ခြင်းမရှိကြောင်း၊ အမေရိကန်အနေဖြင့် ယခင်က ဆော်ဒီအာရေဗျကို အကာအကွယ်ပေးခဲ့သော်လည်း လက်ရှိအချိန်တွင် အကာအကွယ်ပေးနိုင်စွမ်းမရှိတော့ကြောင်း ဆော်ဒီက ယုံကြည်ယူဆလာခဲ့သည်။

အမေရိကန်က ၂၀၁၈ ခုနှစ်အတွင်း ဆော်ဒီဂျာနယ်လစ် ခါရှော့ဂီကို လုပ်ကြံသတ်ဖြတ်ခံရမှုတွင် ဆော်ဒီအိမ်ရှေ့စံပါဝင်ပတ်သက်ခဲ့ကြောင်း၊ ယီမင်နိုင်ငံတွင်လည်း ဆော်ဒီ၏လေကြောင်းတိုက်ခိုက်မှုများသည် အရပ်သားပြည်သူများကို ထိခိုက်နစ်နာစေလျက်ရှိကြောင်း၊ ဆော်ဒီအာရေဗျသည် လူ့အခွင့်အရေးချိုးဖောက်မှုများရှိနေကြောင်း ယူဆထားသည်။

ထို့ပြင် နှစ်နိုင်ငံစလုံးသည် အီရန်နိုင်ငံအန္တရာယ်မှ ကာကွယ်သွားရေးနှင့်စပ်လျဉ်း၍ အမြင်သဘောထား ကွဲလွဲလျက်ရှိသည်။ အီရန်နိုင်ငံသည် နျူကလီးယားလက်နက်ပိုင်ဆိုင်ရေးအတွက် တစိုက်မတ်မတ် ကြိုးပမ်းလျက်ရှိရာ ဆော်ဒီ၏ကာလရှည်ကြာ ရန်သူနိုင်ငံအဖြစ်ရပ်တည်လျက်ရှိသည်။ သမ္မတ ဂျိုးဘိုင်ဒင်က အီရန်အပေါ် ပိတ်ဆို့မှုများ ပြန်လည်ရုပ်သိမ်းပေးခြင်းသည် နျူကလီးယားထုတ်လုပ်မှုကိုတားဆီးနိုင်မည်ဟုယူဆထားသော်လည်း ဆော်ဒီအာရေဗျကမူ ထိုသို့စီးပွားရေးပိတ်ဆို့မှုရုပ်သိမ်းပေးရုံမျှဖြင့် အီရန်၏ နျူကလီးယားလက်နက်ပိုင်ဆိုင်ရေး ကြိုးပမ်းနေမှုများကို တားဆီးသွားနိုင်လိမ့်မည်မဟုတ်ဟု ယူဆထားရှိသည်။ ထို့ကြောင့် အမေရိကန်နှင့် ဆော်ဒီတို့သည် တစ်ဦးကိုတစ်ဦး အကာအကွယ်ပေးနိုင်မည့်အလားအလာ နည်းပါးလာခဲ့သည်။

**အနာဂတ်အလားအလာ**

OPEC+ ၏ ဆုံးဖြတ်ချက်မှတစ်ဆင့် အနာဂတ်တွင် အမေရိကန်နှင့် ဆော်ဒီတို့ကြား စစ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများပေါ်တွင် သက်ရောက်မှုများ ရှိလာနိုင်ပေသည်။ လက်ရှိအချိန်ထိ စစ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများရှိနေဆဲပင်ဖြစ်သည်။ သို့သော် နိုင်ငံရေးဆိုင်ရာမူဝါဒများကြောင့် စစ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆုတ်ယုတ်လာနိုင်ပေသည်။ ယခုရက်သတ္တပတ်အတွင်း အမေရိကန်နိုင်ငံရေးသမားများက ဆော်ဒီအာရေဗျကို လက်နက်ထောက်ပံ့နေမှု ရပ်ဆိုင်းသွားရန် တောင်းဆိုလာခဲ့သည်။

လက်ရှိအချိန်တွင် အမေရိကန်-ဆော်ဒီအာရေဗျ ဆက်ဆံရေးသည် တဖြည်းဖြည်း အေးခဲလာပြီဖြစ်သည်။ ဆော်ဒီအနေဖြင့် အမေရိကန်နှင့် ဆက်ဆံရေး ခိုင်မာအောင် ဆောင်ရွက်သွားလိုသည့် မျှော်လင့်ချက် မရှိကြောင်း လှစ်ဟပြသလာပြီဖြစ်သည်။ ထို့ကြောင့် ဂျိုးဘိုင်ဒင်အစိုးရအဖွဲ့၏ လုပ်ဆောင်ချက်ကိုကြည့်ကာ ဆော်ဒီအာရေဗျသည် ရုရှားနိုင်ငံနှင့် ဆက်ဆံရေးတူထောင်ရန် ခြေလှမ်းပြင်လာနေပြီဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**ကိုးကား**

- Oil, the US or Russia : Whose side is Saudi Arbia really on? by DW.

# နယူးဆောက်ဝေးပြည်နယ်တွင် ရေကြီးရေလျှံမှုကြောင့် ဒေသခံများဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြား



**ကင်ဘာရာ အောက်တိုဘာ ၂၂**

သြစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်တွင် အောက်တိုဘာ ၂၁ ရက်မှစ၍ ဒေသခံထောင်နှင့်ချီကာ ဘေးလွတ်ရာရွှေ့ပြောင်းရန် နယူးဆောက်ဝေး အာဏာပိုင်အဖွဲ့အစည်းက ညွှန်ကြားခဲ့သည်ဟု ABC News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

သြစတြေးလျနိုင်ငံတွင် ပြီးခဲ့သော ရက်သတ္တပတ်က စတင်၍ ဗစ်တိုးရီးယားပြည်နယ်တွင် ရေကြီးရေလျှံမှုစတင်ခဲ့ခြင်းဖြစ်ပြီး မြစ်ရေလျှံတက်မှုကြောင့် နယူးဆောက်ဝေးပြည်နယ်၌ပါ အောက်တိုဘာ ၂၀ ရက်မှစတင်၍ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

"နယူးဆောက်ဝေးပြည်နယ်တစ်ဝန်း ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ ရေကြီးရေလျှံမှုဖြစ်ပွားနေတဲ့ဧရိယာပေါင်း ၁၀၀ ကျော်ရှိနေပါတယ်။ မိုအာမာမြို့နဲ့ မိုရီမြို့တွေမှာ ရေကြီးရေလျှံမှုအခြေအနေဆိုးရွားပါတယ်။ မိုရီမြို့မှာ ဒေသခံ ၄၀၀၀ ကျော်ကို ဘေးလွတ်ရာရွှေ့ပြောင်းဖို့ ညွှန်ကြားထားပါတယ်"ဟု နယူးဆောက်ဝေးပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ပြောကြားခဲ့ကြောင်း သိရသည်။

နယူးဆောက်ဝေးပြည်နယ်၌ မိုအာမာမြို့၊ မိုရီမြို့တို့တွင် ရေကြီးရေလျှံမှုစတင်ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဘေးလွတ်ရာရွှေ့ပြောင်းနေကြရသည့် ဒေသခံများမှာလည်း မိုအာမာမြို့နှင့် မိုရီမြို့မှ ဒေသခံများဖြစ်ကြောင်း သိရသည်။

အသက်အန္တရာယ်ရှိသည့်အခြေအနေမှ အရေးပေါ်ကယ်ထုတ်ပေးခဲ့ရသည့် ဒေသခံ ၁၇ ဦးရှိခဲ့ပြီး အရေးပေါ် ကယ်ဆယ်ရေးအဖွဲ့အစည်းထံ ဖုန်းဆက်အကူအညီတောင်းခံခဲ့သည့် ဖုန်းခေါ်ဆိုမှုပေါင်း ၃၅၀ ထိရှိခဲ့ကြောင်း သိရသည်။

ရေကြီးရေလျှံမှုကြောင့် မိုရီမြို့မှ ကုန်းနိမ့်ပိုင်းတွင်နေထိုင်သည့် ဒေသခံ ၄၀၀၀ ကျော်ကို ဘေးလွတ်ရာရွှေ့ပြောင်းရန် နယူးဆောက်ဝေးပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ညွှန်ကြားခဲ့ကြောင်း သိရသည်။

မိုရီမြို့အနီးရှိ မီဟိုင်မြစ်နှင့် ဂွီဒီရ်မြစ်ရေလျှံတက်မှုကြောင့်လည်း ရေကြီးရေလျှံမှုမှာ အချိန်တိုအတွင်း အန္တရာယ်ရှိသည့် အဆင့်သို့ရောက်ရှိခဲ့ကြောင်း သိရသည်။

**ခိုင်းဆက်**

# စီးပွားရေးထင်းရှူးစိုက်ခင်းများမှ ထင်းရှူးပင်ကျပ်တိုင်များကို လေလံတင်ရောင်းချမည်

**နေပြည်တော် အောက်တိုဘာ ၂၂**

စီးပွားရေးထင်းရှူး စိုက်ခင်းများမှ ပင်ကျပ်နုတ်ခြင်းလုပ်ငန်းဆောင်ရွက်ရာမှ ထွက်ရှိလာသည့် ထင်းရှူးပင်ကျပ်တိုင်များကို လေလံတင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနက မြန်မာ့သစ်တောများ ပြန်လည်ရှင်သန်စိမ်းလန်းစိုပြည်လာစေရေးအတွက် သစ်တောစိုက်ခင်းများကို ဘဏ္ဍာနှစ်အလိုက် စိုက်ပျိုးပေးလျက်ရှိကြောင်း၊ ထိုသို့စိုက်ပျိုးရာတွင် စိုက်ပျိုးခဲ့သည့်အပင်များ ကြီးထွားလာချိန်၌ အချို့သောသစ်တောစိုက်ခင်းများတွင် စိုက်ပျိုးပင်များမှာ အပင်ကျပ်တည်းလာမှုများ ဖြစ်လာလေ့ရှိကြောင်း၊ စိုက်ပျိုးပင်များ ရှင်သန်ကြီးထွားလာစေရေးအတွက် အဆိုပါသစ်တောစိုက်ခင်းများတွင် အပင်ကျပ်များကို နုတ်ပေးရကြောင်း သိရသည်။

အဆိုပါ ဆောင်ရွက်ပေးနေမှုများအရ သစ်တောဦးစီးဌာန လှိုင်လင်ခရိုင် လှိုင်လင်မြို့နယ် ဟိုင်းနန်း၊ နန့်ပွန်ကြီးပြင်ကာကွယ်တော (၁/၁၉၉၇)စီးပွားရေးထင်းရှူးစိုက်ခင်းများမှ ထင်းရှူးပင်၊ အပင်ကျပ်များကို နုတ်ယူခဲ့သည်။ အဆိုပါ နုတ်ယူခဲ့သည့်ထင်းရှူးပင်၊ ပင်ကျပ်တိုင်များကို လှိုင်လင်ခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး၌ လေလံတင် ရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ရောင်းချပေးရာတွင် ပြည်နယ်အတွင်းသာသုံးစွဲရန်နှင့် ပြည်နယ်ကျော်သယ်ဆောင်ခွင့်မပြုကြောင်း စည်းကမ်းသတ်မှတ်ထား၍ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချပေးသွားမည်ဖြစ်သည်။

ရောင်းချပေးသွားမည့် ထင်းရှူးပင်ကျပ်တိုင်များမှာ လုံးပတ်သုံးပေအောက် ထင်းရှူးပင်ကျပ်တိုင်များဖြစ်ပြီး ထင်ရှူးပင်ကျပ်တိုင် ၃၆၈၅ လုံး တန်ချိန်အားဖြင့် ၁၂၄ ဒသမ ၁၈၂ တန်ဖြစ်ပြီး အဆိုပါ ထင်းရှူးပင်ကျပ်များကို လှိုင်လင်ခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး၌ နိုဝင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီတွင် ဈေးပြိုင်စနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။ ဝယ်ယူလိုသူများအနေဖြင့် လေလံလျှောက်လွှာနှင့် စည်းကမ်းချက်များကို လှိုင်လင်ခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံးတွင် တစ်စောင်လျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၈ ရက်ထိ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

SKL

# အိုင်အိုးဝါးပြည်နယ်တွင် ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်သည့်ပြဿနာဖြင့် ရင်ဆိုင်နေရ

**ဝါရှင်တန် အောက်တိုဘာ ၂၂**

အမေရိကန်နိုင်ငံ အိုင်အိုးဝါးပြည်နယ်တွင် ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်သည့်ပြဿနာဖြင့် ရင်ဆိုင်နေရပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအထိနာနေကြောင်း သိရသည်။

အမေရိကန် မိုးလေဝသစင်တာ၏ ထုတ်ပြန်ချက်အရ အိုင်အိုးဝါးပြည်နယ်တွင် ရင်ဆိုင်နေရသော မိုးခေါင်သည့်ပြဿနာသည် ကိုးနှစ်တာကာလအတွင်း အဆိုးရွားဆုံးသော မိုးခေါင်မှုပြဿနာဖြစ်ကြောင်း အတည်ပြုခဲ့သည်ဟု ICD သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

"အိုင်အိုးဝါးပြည်နယ်ဟာ ကိုးနှစ်တာကာလအတွင်း အဆိုးရွားဆုံး မိုးခေါင်တဲ့ပြဿနာနဲ့ ရင်ဆိုင်နေရပါတယ်။ မိုးခေါင်တဲ့ပြဿနာကြောင့် နောက်ဆက်တွဲသောက်သုံးရေရှားပါးတဲ့ပြဿနာနဲ့ ရင်ဆိုင်လာရနိုင်ပါတယ်။ လက်ရှိ ရက်ကွန်မြစ်ဝှမ်းမှာ ရေပမာဏဟာ သိသိသာသာကို ကျဆင်းလာတယ်။ ရက်ကွန်မြစ်ဝှမ်းရေပမာဏကျဆင်းလာတဲ့အတွက် စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေလဲ အခက်တွေ့လာနိုင်တယ်"ဟု အမေရိကန် မိုးလေဝသစင်တာမှ ပြောရေးဆိုခွင့်ရှိသူ ဂျက်ဖ်ဗိုဂ်က ပြောကြားခဲ့သည်။

အိုင်အိုးဝါးပြည်နယ်တွင် ၂၀၂၁ ခုနှစ်တွင်လည်း မိုးရွာသွန်းမှုနည်းပါးခဲ့ပြီး ယခုနှစ်တွင် မိုးခေါင်သည့်အဆင့်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



အမေရိကန် မိုးခေါင်မှုစောင့်ကြည့်ရေးအဖွဲ့အစည်းကလည်း အိုင်အိုးဝါးပြည်နယ် မိုးခေါင်မှုပြဿနာသည် ဒေသခံများအတွက် အခက်အခဲ ဖြစ်လာနိုင်ဖွယ်ရှိနေသည့်အတွက် သောက်သုံးရေမပြတ်လပ်ရေး အာဏာပိုင်အဖွဲ့အစည်းကို ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် အသိပေးခဲ့ကြောင်း သိရသည်။

အမေရိကန် မိုးခေါင်မှုစောင့်ကြည့်ရေးအဖွဲ့အစည်း၏ ထုတ်ပြန်ချက်အရ လက်ရှိ အိုင်အိုးဝါးပြည်နယ်၏ ၈၅ ရာခိုင်နှုန်းခန့်သည် မိုးခေါင်သည့်ပြဿနာဖြင့် ရင်ဆိုင်နေရကြောင်း၊ ပြီးခဲ့သော ရက်သတ္တပတ်ထိ အိုင်အိုးဝါးပြည်နယ်၏ ၅၇ ရာခိုင်နှုန်းခန့်ထိသာ မိုးခေါင်သည့်ပြဿနာဖြင့် ရင်ဆိုင်နေရခြင်းဖြစ်ပြီး ယခုတစ်ပတ်တွင်း မိုးခေါင်သည့်ဧရိယာပိုမိုမြင့်တက်လာခဲ့ကြောင်း သိရသည်။**ခိုင်းဆက်**

## ရေကြီးပြီးနောက် ပြုလုပ်ရန်အချက်များ



၁။ မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။

၂။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။

၃။ အမှိုက်များအား စနစ်တကျ ရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း(သို့) မြေမြှုပ်ခြင်းများပြုလုပ်ပါ။

၄။ အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင် သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့အကြောင်းကြားပြီး ကူညီရှင်းလင်းပါ။

၅။ ရေကြီးခြင်း၏နောက်ဆက်တွဲအနေဖြင့်ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကို ဂရုပြုပါ။

၆။ ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။



# စွမ်းအင်ပဋိညာဉ်စာချုပ်မှ ပြင်သစ်နိုင်ငံနုတ်ထွက်

**ဘရပ်ဆဲလ် အောက်တိုဘာ ၂၂**

ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် အောက်တိုဘာ ၂၁ ရက်က ကျင်းပခဲ့သည့် ဥရောပသမဂ္ဂအစည်းအဝေးပွဲသို့ တက်ရောက်ခဲ့သည့် ပြင်သစ်သမ္မတ မာခရွန်သည် အစည်းအဝေးပွဲတွင် ပြင်သစ်နိုင်ငံအနေဖြင့် စွမ်းအင်ပဋိညာဉ်စာချုပ်မှနုတ်ထွက်ရန် ဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း တရားဝင်ထုတ်ပြန်ကြေညာခဲ့သည်ဟု France 24 သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ပြီးခဲ့သော ရက်သတ္တပတ်က နယ်သာလန်နိုင်ငံ၊ စပိန်နိုင်ငံတို့ကလည်း စွမ်းအင်ပဋိညာဉ်စာချုပ်မှနုတ်ထွက်ကြောင်း တရားဝင်ထုတ်ပြန်ခဲ့ပြီး ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေး စီမံချက်ကို အောင်မြင်အောင် အကောင်အထည် ဖော်လိုသည့်အတွက် စွမ်းအင်ပဋိညာဉ်စာချုပ်မှ နုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပြင်သစ်သမ္မတ မာခရွန်က ပြောကြားခဲ့သည်။

"ပြင်သစ်နိုင်ငံအနေနဲ့ စွမ်းအင်ပဋိညာဉ်စာချုပ်ကနေ နုတ်ထွက်ဖို့ ဆုံးဖြတ်လိုက်ပြီဖြစ်ပါတယ်"ဟု ပြင်သစ်သမ္မတ မာခရွန်က ပြောကြားခဲ့သည်။

စွမ်းအင်ပဋိညာဉ်စာချုပ်တွင် လက်မှတ်ရေးထိုးထားသည့် ဥရောပနိုင်ငံပေါင်း ၅၀ ထိရှိနေပြီး စာချုပ်ပါသဘောတူညီချက်အရ ရုပ်ကြွင်းလောင်စာကုန်သွယ်မှုကို အကာအကွယ်ပေးနေသည့် စာချုပ်ဖြစ်သည့်အတွက် ပြင်သစ်နိုင်ငံ၏ ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးလုပ်ငန်းများကို အဟန့်အတားဖြစ်သောကြောင့် နုတ်ထွက်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း မာခရွန်က ရှင်းလင်းပြခဲ့သည်။

ပြင်သစ်ရာသီဥတုဖောက်ပြန်မှုဆိုင်ရာအမြင့်ဆုံးကော်မတီက ပြင်သစ်အစိုးရအဖွဲ့ကို စွမ်းအင်ပဋိညာဉ်စာချုပ်မှ နုတ်ထွက်သင့်ကြောင်း အကြံပြုခဲ့ပြီး ၂၄ နာရီအတွင်း ပြင်သစ်သမ္မတ မာခရွန်က စွမ်းအင်ပဋိညာဉ်စာချုပ်မှ တရားဝင်နုတ်ထွက်ခဲ့ခြင်းဖြစ်သည်။

ပြင်သစ်သမ္မတ၏ ဆုံးဖြတ်ချက်ကို ပြင်သစ်ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးဆိုင်ရာ တက်ကြွလှုပ်ရှားသူများက ထောက်ခံကြိုဆိုခဲ့ကြကြောင်း သိရသည်။

**ခိုင်းဆက်**

# ရေစက်ဝန်းကို အနှောင့်အယှက်ဖြစ်စေသော ရာသီဥတုပြောင်းလဲမှု

မေဇင်ထွန်း

ပြင်းထန်သောမုတ်သုံရာသီနှင့် မိုးခေါင်မှုသည် ရေစက်ဝန်းကိုအနှောင့်အယှက်ဖြစ်စေသည်ကို တွေ့ရသည်။ ထို့ပြင် ရာသီဥတုပြောင်းလဲမှုနှင့် လူတို့၏ အခြားသောလုပ်ဆောင်မှုများသည်လည်း ကမ္ဘာပေါ်ရှိ သက်ရှိအားလုံးအတွက် အရေးကြီးသောရေပေးဝေမှု စနစ်ကို အနှောင့်အယှက်ဖြစ်စေသည်ကို တွေ့ရသည်။

**ရေစက်ဝန်းဟူသည်**

ရေစက်ဝန်းကို အရိုးရှင်းဆုံးဆိုရမည်ဆိုလျှင် သောက်သုံးရေ၊ မိုးရေ စသောရေ၏လည်ပတ်မှုကို ဆိုရမည်ဖြစ်သည်။ ရေစက်ဝန်း၏လုပ်ငန်းစဉ်များသည် ကမ္ဘာမြေ၊ ပင်လယ်နှင့် လေထုအတွင်း ဖြတ်သန်းသွားသည့် ရေ၏လုပ်ငန်းစဉ်များပင်ဖြစ်သည်။ ရေတွင် သဘာဝအဆင့်သုံးဆင့်ရှိပြီး ရေကို ဓာတ်ငွေ့၊ အရည် သို့မဟုတ် အစိုင်အခဲအဖြစ်တွေ့မြင်နိုင်သည်။ မည်သို့ပင်ဆိုစေကာမူ လူသားတို့နှင့် သက်ရှိအားလုံး အသက်ရှင်နေထိုင်ရာတွင် လိုအပ်သည့်ရေကိုစဉ်ဆက်မပြတ် ဖြည့်ဆည်းပေးနေသည်မှာ ရေ၏သဘာဝစက်ဝန်းပင်ဖြစ်သည်။

ကမ္ဘာကြီးကိုလွှမ်းခြုံထားသောရေ၏ ၉၇ ရာခိုင်နှုန်းခန့်သည် ရေငန်များဖြစ်ပြီး ကမ္ဘာ့ရေ၏ သုံးရာခိုင်နှုန်းသော ရေသည်သာလျှင် ရေချိုဖြစ်သည့်အတွက် သောက်သုံးခြင်းနှင့် ကောက်ပဲသီးနှံများ စိုက်ပျိုးခြင်းများအတွက် အသုံးပြုနိုင်သည်။ သို့သော်လည်း သုံးရာခိုင်နှုန်းသောရေချိုများထဲမှ အများစုသည် လူသားတို့အလွယ်တကူ လက်လှမ်းမမီသော ရေခဲပြင် သို့မဟုတ် နက်ရှိုင်းသော မြေအောက်ရေလွှာများတွင် ပိတ်မိနေသည့်အတွက် တစ်ရာခိုင်နှုန်းခန့်ရှိသော ရေချိုရေကိုသာလျှင် အလွယ်တကူရရှိနိုင်သည်။ ထိုရရှိသောရေချိုများမှ သက်ရှိများ ရှင်သန်ရပ်တည်နိုင်ရေးအတွက် ကမ္ဘာ့ရေပေးဝေမှုကို ပြုလုပ်ရသည်။

**ရေစက်ဝန်း၏ လုပ်ဆောင်ပုံ**

အင်းအိုင်များ၊ မြစ်များ၊ သမုဒ္ဒရာများနှင့်ပင်လယ်များတွင်တည်ရှိနေသော ရေများသည် နေ၏အဆက်မပြတ်ပူပြင်းသည့်ဒဏ်ကိုခံရသည်။ ထိုသို့နေ၏အပူဒဏ်ခံရသော ရေ၏မျက်နှာပြင်များသည် ပူနွေးလာသည်နှင့်အမျှ ရေများသည် ရေငွေ့ပြန်ကာ လေထုထဲသို့ လွင့်ပျံ့ဝင်နိုင်သည့်ရေငွေ့ဖြစ်လာသည်။ လေတိုက်ခတ်ခြင်းက ၎င်းရေငွေ့ပြန်မှုဖြစ်စဉ်ကို အရှိန်မြှင့်ပေးနိုင်သည်။ ထို့ပြင် အပင်များသည်လည်း အရွက်များ၊ ပင်စည်များမှတစ်ဆင့် ရေခိုးရေငွေ့များကို ထုတ်လွှတ်လေ့ရှိသည်။

လေထုထဲတွင်ရှိသော ရေခိုးရေငွေ့များသည် အေးမြလာပြီး သေးငယ်သောအမှုန်အမွှားများ၊ မီးခိုးများ၊ ဖုန်မှုန့်များ သို့မဟုတ် အခြားညစ်ညမ်းစေသော အမှုန်အမွှားများနှင့်ပေါင်းစပ်မိပြီးနောက် တိမ်များဖြစ်လာသည်။ ၎င်းတိမ်တိုက်များကို ရာသီဥတုစနစ်များ၏ လည်ပတ်မှုကိုဖြစ်စေသော ကမ္ဘာ့စက်ဝန်း၏ အဓိကအင်္ဂါရပ်ဖြစ်သည့် လေထုမြစ်များအဖြစ် လူသိများပြီး ၎င်းတို့သည် အလျားလိုက်လှိုင်းများအနေဖြင့် ကမ္ဘာကိုလှည့်ပတ်နိုင်သည်။

၎င်းတိမ်တိုက်များအတွင်း၌ လုံလောက်သော ရေခိုးရေငွေ့များကို စုဆောင်းမိပြီးနောက် ၎င်းတိမ်တိုက်များသည် နောက်ထပ်အမှုန်အမွှားများနှင့် ပေါင်းစည်းပြီး ပိုကြီးသောတိမ်တိုက်များဖြစ်လာသည်။ ထိုသို့ကြီးမားလာသောတိမ်တိုက်များသည် နောက်ဆုံးတွင် အလွန်လေးလံလာပြီး လေထု၏အပူချိန်ပေါ်မူတည်၍ မြေပြင်ပေါ်သို့ မိုးအဖြစ်ရွာသွန်းခြင်း၊ နှင်းများအဖြစ်ကျခြင်းနှင့် မိုးသီးများအဖြစ်ကြွေကျခြင်းများဖြစ်လာသည်။ ဤသို့ မြေပြင်ပေါ်သို့ မိုးအဖြစ်ရွာသွန်းမှုကြောင့် မြစ်များ၊ ရေကန်များနှင့် အခြားသောမြေအောက်ရေများကို ပြန်လည်အားဖြည့်ပေးခြင်းဖြင့် ရေစက်ဝန်းသည် လည်ပတ်လျက်ရှိသည်။

ရေသည် မြေဆွဲအားနှင့် ဖိအားလွှမ်းမိုးမှုများကြောင့် မြေဆီလွှာမှတစ်ဆင့် စိမ့်ဝင်ခြင်းဖြင့် မြေအောက်ရေလှောင်ကန်များနှင့် ရေအောက်ရေလှောင်ကန်များတွင်ရေကိုစုစည်းသည်။ ၎င်းသည် တစ်ခါတစ်ရံတွင် မြေအောက်ရေစီးကြောင်းဟုခေါ်သော ရေစီးကြောင်းသို့ ရေများမရောက်မချင်း ဆက်လက်ရွေ့လျားနေမှုသည် နှစ်ထောင်ပေါင်းများစွာကြာမြင့်ပြီး နောက်ဆုံးတွင် မြေအောက်ရေစီးကြောင်းထဲသို့ ရေများရောက်ရှိသွားကာ ရေစက်ဝန်း၏သံသရာလည်မှုကိုဖြစ်စေသည်။



**ရေစက်ဝန်းကို အနှောင့်အယှက်ဖြစ်စေသောရာသီဥတုပြောင်းလဲမှု**

ကမ္ဘာ၏အချို့နေရာများတွင် ရေစက်ဝန်းသည် လူသားများ၏လုပ်ဆောင်မှုကြောင့် ဖြစ်ပေါ်လာသည့် ရာသီဥတုပြောင်းလဲမှုကြောင့် အနှောင့်အယှက်များ ဖြစ်ပေါ်လျက်ရှိသည်ကို သုတေသနပြုချက်များအရ သိရသည်။ တဖြည်းဖြည်း မြင့်တက်လာသောအပူချိန်များသည် မြေပြင်အနီးတွင် တည်ရှိသောလေထုကို အပူပေးနေသကဲ့သို့ဖြစ်ကာ အငွေ့ပြန်မှုကိုတိုးလာစေပြီး လေထုထဲတွင်ရှိသည့် ရေခိုးရေငွေ့ကို ပိုမိုများပြားလာစေသည်။ လေထုထဲတွင်ရှိသည့် ရေခိုးရေငွေ့များ ပိုမိုများလာခြင်းကြောင့် မကြာခဏဆိုသလို ပြင်းထန်သော၊ ခန့်မှန်းမရသောမုန်တိုင်းများအသွင်ကိုဖြစ်ပေါ်စေပြီး မိုးရွာသွန်းနိုင်ခြေပိုများလာစေသည်။ ထို့ကြောင့် အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်းခြင်းများကိုဖြစ်စေသည်။ အပြန်အလှန်အားဖြင့် ပြင်းထန်သော အပူချိန်ကြောင့် မြေပြင်တွင် ရေငွေ့ပြန်မှုများလာသည့်အတွက် မိုးခေါင်ရေရှားမှုများကို ဖြစ်စေနိုင်သည်။ မြေကြီးပေါ်တွင် ရှိနေမည့်အစား ရေများသည် ပြင်းထန်သောအပူချိန်ကြောင့် လေထုထဲသို့ အငွေ့ပြန်ထွက်သွားခြင်းသည် ခြောက်သွေ့သောအခြေအနေများကို ပြင်းထန်လာစေနိုင်သည်။ စပိန်နိုင်ငံ ဘာစီလိုနာမြို့ရှိ အဏ္ဏဝါသိပ္ပံတက္ကသိုလ်မှ သုတေသီများ၏ မကြာသေးမီက လေ့လာမှုတစ်ခုတွင် ရာသီဥတုပြောင်းလဲမှုသည် ရေသံသရာလည်ပတ်မှုအရှိန်မြင့်လာပုံကို သမုဒ္ဒရာမျက်နှာပြင် ဆားငန်ဓာတ်ကို ခွဲခြမ်းစိတ်ဖြာခြင်းဖြင့် သရုပ်ဖော်ထားသည်။

ရေသံသရာလည်မှု အရှိန်မြင့်တက်လာခြင်းသည် သမုဒ္ဒရာများနှင့် တိုက်ကြီးများတွင် အရှိန်အဟုန်ဖြင့် မုန်တိုင်းများတိုက်ခတ်မှုကို ပိုမိုပြင်းထန်လာနိုင်သည့် သက်ရောက်မှုများရှိကြောင်း လေ့လာမှုများတွင် ဖော်ပြထားသည်။ လေထုထဲ၌ ပျံ့နှံ့နေသော ရေငွေ့ပမာဏ ပိုမိုများပြားလာခြင်းသည် ဝင်ရိုးစွန်းဒေသများတွင် မိုးရွာသွန်းမှုကို ပိုမိုဖြစ်လာစေပြီး နှင်းကျမည့်အစား မိုးရွာသွန်းမှုများလာခြင်းသည် ရေစက်ဝန်း၏သဘာဝလည်ပတ်မှုများ ပုံမှန်မဟုတ်ခြင်းပင်ဖြစ်သည်။

**လူသားတို့လုပ်ဆောင်နိုင်သော နည်းလမ်းများ**

ရုပ်ကြွင်းလောင်စာများမှ ဓာတ်ငွေ့ထုတ်လွှတ်ခြင်းများကို လုံးဝဖြတ်တောက်ရန်မှာ မလွယ်ကူနိုင်ပေ။ ထိုသို့ရုပ်ကြွင်းလောင်စာများကို ဖြတ်တောက်ခြင်းမှ သိသာထင်ရှားသောတိုးတက်မှုများ ဖြစ်ပေါ်လာမှုသည်လည်း မြန်ဆန်မည်မဟုတ်ပေ။ သို့သော် ရေစက်ဝန်းကိုတည်ငြိမ်စေရန် လူသားများအနေဖြင့် ပြုပြင်ပြောင်းလဲမှုများကို စဉ်ဆက်မပြတ် ကြိုးစားဆောင်ရွက်နိုင်သည်။ စိုစွတ်သောမြေများကို ပြန်လည်ထူထောင်ခြင်းနှင့် စိုက်ပျိုးရေးနည်းစနစ်များကို ပြန်လည်စဉ်းစားသုံးသပ်ခြင်း၊ ရေကိုထိန်းသိမ်းခြင်း၊ မြေဆီလွှာထိန်းသိမ်းခြင်းနှင့် စိုက်ပျိုးနည်းစနစ်များ ပေါင်းစပ်ခြင်း စသည်တို့ကိုပြုလုပ်ခြင်းဖြင့် ရေကို စုပ်ယူနိုင်မှု၊ ရေ၏သန့်စင်မှုနှင့် မြေအောက်အတွင်း ရေသိုလှောင်နိုင်မှုစွမ်းရည်ကို ပြန်လည်ထိန်းသိမ်းရာတွင် အထောက်အကူဖြစ်စေနိုင်သည်။

စိမ့်ဝင်နိုင်သောမျက်နှာပြင်ကို အသုံးပြုထားသည့် ရေမြုပ်မြို့များသည် ၎င်းတို့၏စိမ့်ဝင်နိုင်သော မျက်နှာပြင်များကိုအသုံးပြု၍ ရေကိုစုပ်ယူခြင်းဖြင့် မြစ်များနှင့် ရေလမ်းကြောင်းများကို သဘာဝအတိုင်း ပြန်လည်ရောက်ရှိစေခြင်းသည်လည်း ပျက်စီးမှုတချို့ကို ပြန်လည်ပြင်ဆင်ရာတွင် အထောက်အကူဖြစ်စေသည်။ ဥရောပနှင့် အခြားနိုင်ငံများရှိ အသုံးမပြုတော့သည့်ဆည်များကိုဖယ်ရှားရန် စီမံကိန်းများလုပ်ဆောင်နေပြီး ရေစုပ်ယူနိုင်မှုအားကောင်းသည့်မြေအောက်ရေသိုလှောင်မှုကို ဖြည့်ဆည်းပေးခြင်းသည် ရေလွှမ်းမိုးမြေပြန့်များ ပြန်လည်ထူထောင်ရေးတွင် အဓိကခြေလှမ်းတစ်ခုဖြစ်သည်။

မြို့ပြများ၏ ရေလည်ပတ်မှုကို ပံ့ပိုးပေးရန်အတွက် သဘာဝအခြေခံဖြေရှင်းနည်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြရှိမြေမျက်နှာပြင်များကို ရေပိုမိုစိမ့်ဝင်အောင်ပြုလုပ်ခြင်းသည် မြို့အတွင်း ရေလွှမ်းမိုးမှုကို ဖြေရှင်းပေးနိုင်သည်။ ထိုနည်းလမ်းသည် မိုးခေါင်သည့်ကာလတွင်အသုံးပြုရန် ရေကိုသိုလှောင်ထားနိုင်သလို ရေကြီးမှုကို တိုက်ဖျက်ရန်လည်း အကူအညီပေးနိုင်သည်။

အာရှအလယ်ပိုင်းရှိ ဟိန္ဒူကုရှ်နှင့် ဟိမဝန္တာတောင်တန်းများ၏ ရေဝေရေလဲအတွင်းရှိ မြို့များနှင့်ဒေသများသည် လာမည့်နှစ်များတွင် ထိုကဲ့သို့သော ဖြေရှင်းနည်းများကို စတင်ပြောင်းလဲရန် လိုအပ်ပေလိမ့်မည်။ ထိုနေရာများတွင်နေထိုင်ကြသော လူသန်းပေါင်းများစွာသည် ၎င်းတို့၏ရေချိုအတွက် တောင်တန်းများနှင့် ရေခဲမြစ်များအတွင်း သဘာဝအတိုင်းသိုလှောင်သိမ်းဆည်းထားသော ဆီးနှင်းများနှင့် ရေခဲများကို အားကိုးနေကြရသည်။

သို့သော် နီပေါနိုင်ငံ ပေါင်းစည်းတောင်တန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတကာစင်တာ၏ ၂၀၁၉ ခုနှစ်ဆိုင်ရာလေ့လာမှုအရ အဆိုပါဒေသများရှိ အဓိကရေခဲပြင်များ၏ သုံးပုံတစ်ပုံသည် ဤရာစုနှစ်အကုန်တွင် ပျောက်ကွယ်သွားဖွယ်ရှိကြောင်း သိရသည်။ ၎င်းရေခဲပြင်များကိုထိန်းသိမ်းရန် ကမ္ဘာကြီးပူနွေးမှုသည် ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်မှ ထပ်ပြီးမတက်အောင် ထိန်းထားရမည်ဖြစ်သည်။ အာရှအလယ်ပိုင်းရှိ ဟိန္ဒူကုရှ်နှင့် ဟိမဝန္တာတောင်တန်းများသည် ကမ္ဘာပေါ်တွင် ဝင်ရိုးစွန်းများပြီးလျှင် ရေခဲပြင် အများဆုံးပိုင်ဆိုင်ထားသည့်နေရာများဖြစ်ကြသည်။ ရေခဲပြင်အရည်ပျော်ကျရာမှ ထွက်ရှိလာသော ရေများသည် တစ်သမတ်တည်းစီးဆင်းမှုမရှိပါက သန်းပေါင်းများစွာသော ပြည်သူများအတွက် ရေရှားပါးမှုကပ်ဘေးသည် တိုးလာမည်ဖြစ်သည်။ ရာသီဥတုပြောင်းလဲမှုကြောင့် လာမည့်ဆယ်စုနှစ်များအတွင်း မြေအောက်ရေများလျော့နည်းသွားနိုင်သည်။ ထို့ပြင် လွန်ခဲ့သောဆယ်စုနှစ်အနည်းငယ်အတွင်း နှင်းကျဆင်းမှုနှင့် ရေခဲမြစ်များ အရည်ပျော်ကျမှု တိုးလာသည့်အတွက် အိန္ဒိယနိုင်ငံ အုပ်ချုပ်ခွင့်ရဒေသ Ladakh ကဲ့သို့သော နေရာများတွင် စိုက်ပျိုးရေးသည် ပိုမိုခက်ခဲလာနေပြီဖြစ်ကြောင်း သိပ္ပံပညာရှင်များက ခန့်မှန်းထားခြင်းဖြစ်သည်။ ထိုအရာများသည် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသော ရာသီဥတုအကျပ်အတည်းပင်ဖြစ်သည်ဟု နီပေါနိုင်ငံ ပေါင်းစည်းတောင်တန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတကာစင်တာမှ Philippus Wester က ပြောကြားခဲ့သည်။


တောရိုင်းများကို ဂေဟစနစ်မြှင့်တင်ရေးဆိုင်ရာ လှုပ်ရှားမှုများကို ကမ္ဘာတစ်ဝန်းရှိ လူသားများအနေဖြင့် ဆောင်ရွက်လာကြသည်။ သဘာဝကို ပြန်လည်ထူထောင်ရန်၊ ကာကွယ်ရန်၊ ကုသရန်နှင့် တည်ငြိမ်စေရန် ကူညီပေးသည်ကို တွေ့မြင်ခဲ့ရသည်။ ကျိုးပဲ့ပျက်စီးနေသော ဂေဟစနစ်များကို ပြန်လည်ပြုပြင်ရန်နှင့် ပြန်လည်ထိန်းသိမ်းရန် သဘာဝနေရာကို တန်ဖိုးထားခြင်းဖြင့် မျိုးစိတ်များရှင်သန်မှုကို မြှင့်တင်ပေးခြင်းဖြစ်သည့်အတွက် လူသားများအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဥရောပရှိ ဂေဟဗေဒပညာရှင်များက ယိုယွင်းပျက်စီးနေသောဇရိယာများ၏ ၂၀ ရာခိုင်နှုန်းကို ၂၀၃၀ ပြည့်နှစ်တွင် အပြီးပြန်လည်ပြုပြင်ရန် တောင်းဆိုခဲ့ကြကြောင်း သိရသည်။

**How climate change is shifting the water cycle ကို ဘာသာပြန်ဆိုပါသည်။**

0w Kv d @

# ဂျင်ပေါ်က ထိုး

လင်းယုန်ဇော်



> ❖ ဟိုင်းဝေးလမ်းပေါ်မှာ ကားကြီးက တငြိမ့်ငြိမ့်ပြေးနေသည်။ ခင်သူဇာတစ်ယောက် ချစ်သူညိုမောင်၏ပခုံးပေါ်မှီပြီး သူ့လုပ်ရပ်များကို တွေးကာ တစိမ့်စိမ့်ပြုံးနေမိသည်။ တကယ်တော့ ခင်သူဇာဆိုသည်မှာ အိမ်ဖော်အဖြစ်ဟန်ဆောင်လုပ်ရင်း ခွင်ကြီးကြီးတွေ့ရလျှင် ဖန်တီးတတ်သူဖြစ်သည်။ ယောကျ်ားလေးများအကြိုက် ရုပ်ရည်နှင့် ခန္ဓာကိုယ်ကိုပိုင်ဆိုင်ထားသူမို့ တော်ရုံယောကျ်ားကတော့ သူ့မာယာထဲတွင် မလှုပ်နိုင်အောင် ချုပ်ကိုင်နိုင်တတ်သူဖြစ်သည်။ ယခုလည်း ညိုမောင့်ကို နှစ်ခါမသိမ်းသွင်းလိုက်ရ။ သူ့စီမံမှုထဲပါဝင်လာခဲ့သည်။ ❖

(၁)

ကြီးမားသည့်တိုက်အိမ်ကြီး၏ အဆောင်အယောင်များကြောင့် ခင်သူဇာ ပျော်သလိုခံစားလိုက်ရသည်။ "သတိ ခွေးကိုက်တတ်သည်" ခြံရှေ့တံခါးမှာ ချိတ်ထားသည့်ဆိုင်းဘုတ်ကြောင့် ခင်သူဇာ တွန့်သွားမိသည်။

"ဒါ နင့်ရဲ့အလုပ်အိမ်ပဲ"ဟု ပွဲစား ဒေါ်ငွေခင်ပြောတုန်းက ပျော်လိုက်သည်မှာမပြောပါနှင့်။ အဆောင်အယောင်များက ခင်သူဇာ့အတွက် အရှင်လတ်လတ် နတ်ပြည်ခြောက်ထပ်ရောက်နေသလိုပင်။ အိမ်ကြီးရှင်လင်မယားကလည်း ရွာကနေအလုပ်လုပ်ရင်း ကြီးပွားသွားသည်ဆိုလား။ ရွာကလူတွေပြောနေသည်ကို ကြားဖူးသည်။ ဒေါ်ငွေခင်ဆိုသည်က ရွာနှင့်မြို့ကို ကူးချည်သန်းချည်နှင့် အလုပ်သမားပွဲစားလိုလို ငွေတိုးချပေးသူလိုလိုနှင့် အတော်အရာရောက်သည်တော့ ခင်သူဇာသိထားသည်။ ဒေါ်ငွေခင်နှင့် အိမ်ကြီးရှင်လင်မယား အပေးအယူကိစ္စများအပြီးတွင်-

"သမီး ဒီအိမ်မှာလိမ်လိမ်မာမာနေနော်။ ကိုယ့်အလုပ်ကိုကြိုးစားပြီးလုပ်"ဆိုသည့် လိုက်နာရန်စကားများပြောပြီး ဒေါ်ငွေခင်ပြန်သွားသည်။

(၂)

ခင်သူဇာလည်း အလုပ်များကြိုးစားပါသည်။ ခင်သူဇာရောက်လာမှပဲ အိမ်လေးက သက်ဝင်လှုပ်ရှားလာသလိုပင်။ အိမ်အလုပ်များကူစရာမလိုအောင်ပင် ပြီးစီးနေတာရယ်၊ အချက်အပြုတ်ကလည်း အရသာရှိအောင်ချက်တတ်တာရယ်ကြောင့် အိမ်ကြီးရှင်အစ်မကြီး ဒေါ်စိုးစိုးက ခင်သူဇာ့ကို အရေးပေးလာတတ်ပြီ။ အိမ်ရှင် ဦးကျော်စိုးပင် အရက်သောက်တိုင်း အမြည်းများကို ဖွယ်ဖွယ်ရာရာလုပ်ပေးတတ်သည့် ခင်သူဇာ့ကို လူမသိသူမသိ ဘောက်ဆူးလေးများပင်ပေးတတ်နေသည်။ ထိုသည်ပင် ခင်သူဇာ့အတွက် ဘယ်သူမှမသင်ပေးဘဲ တတ်ထားသည့်အကွက်များကို ထုတ်သုံးခွင့်ရခဲ့လေသည်။ ခြံထဲက ကိုက်တတ်သည်ဆိုသော ခွေးကလေးပင် ခင်သူဇာ့အနံ့ရသည်နှင့် အမြီးနန့်နန့်ဖြင့် အစာတောင်းရသည့်ဘဝပင် ရောက်ရှိခဲ့လေသည်။ ထိုအတူ ခြံထဲရှိ ကားသမားလေး ညိုမောင်သည်ပင် ခင်သူဇာ၏ဘက်တော်သားပင်ဖြစ်အောင် စည်းရုံးနိုင်ခဲ့လေသည်။

(၃)

ညက တိတ်ဆိတ်ငြိမ်သက်နေသည်။ ခင်သူဇာ ညဝတ်အင်္ကျီလေးကို သပ်ရပ်စွာပြင်ဆင်လိုက်ပြီး မီးဖိုချောင်နောက်ဖေးပေါက်တံခါးကို ညင်သာစွာဖွင့်တထားလိုက်သည်။ မကြာမီ တစ်စုံတစ်ဦးဝင်ရောက်လာမည်ဖြစ်သည်။ ကားဆရာညိုမောင်။ အစီအစဉ်ဆွဲထားပြီး အကွက်ချပြီးသားမို့ သူတိတ်တဆိတ်လှုပ်ရှားလိုက်သည်။ အိမ်ကြီးရှင်ဒေါ်စိုးစိုး၏အခန်းတံခါးကို ညိုမောင်ခေါက်လိုက်ပြီး လှစ်ခနဲ အမှောင်ထဲကို ပုန်းခိုနေလိုက်သည်။ ဒေါ်စိုးစိုးထွက်ကြည့်တော့ ဘယ်သူမှမတွေ့ရ။ ထိုအချိန်မှာပင် ထမင်းစားခန်းထဲတွင် ဦးကျော်စိုးတစ်ယောက် ခင်သူဇာ၏ ဖွယ်ဖွယ်ရာရာအမြည်းများနှင့်စားသောက်ရင်း ရေချိန်လွန်နေပြီဖြစ်သည်။ ဒေါ်စိုးစိုး အခန်းထဲပြန်ဝင်မည်အလုပ် ထမင်းစားခန်းမှ ဝုန်းခနဲအသံကြားလိုက်ရလေသည်။ ဒေါ်စိုးစိုး အောက်ထပ်ကို အပြေးတစ်ပိုင်းသွားကြည့်လိုက်မိသည်။

"ဟင်"

မထင်မှတ်ထားသည့်မြင်ကွင်းကြောင့် ဒေါ်စိုးစိုး မှင်တက်အံ့ဩသွားရသည်။ ခင်သူဇာ့အပေါ် မှောက်လျက်ကြီးဖြင့် ဦးကျော်စိုးမှာ အဝတ်အစားကင်းမဲ့နေသည်။ ခင်သူဇာမှာလည်း အဝတ်အစားများဖရိုဖရဲဖြင့် သူ့ကိုမြင်တော့ ဦးကျော်စိုးခန္ဓာကိုယ်ကြီးကို တွန်းလွှတ်လိုက်ပြီး-

"ကယ်ပါအုံး မမရယ်။ အဟင့် အဟင့် ဦးက သမီးကို သမီးကို ဟင့်"

ဦးကျော်စိုးမှာ အမူးလွန်နေပြီး "ငါမဟုတ်ဘူး"ဟု အရက်မူးသံကြီးဖြင့် ငြင်းနေလေသည်။ ထိုစဉ်တိုင်ပင်ထားသည့်အတိုင်း ညိုမောင်ရောက်လာပြီး-

"သူဇာ ဘာဖြစ်တာလဲ ဘယ်လိုဖြစ်တာလဲ"

ညိုမောင်ရောက်လာတော့ ခင်သူဇာ ညိုမောင်ကိုပြေးဖက်လိုက်ပြီး ငိုချလိုက်တော့သည်။

"ကိုညို သူဇာ ရှက်တယ် ရှက်တယ်။ သူဇာအပျိုရည်ပျက်ပါပြီ ကိုညိုရယ် ဟီး"

ညိုမောင့်ဒေါသသံများက ကျယ်လောင်လှစွာဖြင့်-

"ခင်ဗျား လူယုတ်မာ ခင်ဗျားဗျာ"

အကယ်ဒမီရှုံးသည့်မျက်နှာပေးများနှင့် အမူအရာကောင်းများကြောင့် အရင်းစစ်လိုက်တော့ အမှုမဖြစ်ရန် ခင်သူဇာ့ကို ငွေသိန်းနှင့်ချီ ပေးလျော်လိုက်ရတော့သည်။

(၄)

ဟိုင်းဝေးလမ်းပေါ်မှာ ကားကြီးက တငြိမ့်ငြိမ့်ပြေးနေသည်။ ခင်သူဇာတစ်ယောက် ချစ်သူညိုမောင်၏ ပခုံးပေါ်မှီပြီး သူ့လုပ်ရပ်များကိုတွေးကာ တစိမ့်စိမ့်ပြုံးနေမိသည်။ တကယ်တော့ ခင်သူဇာဆိုသည်မှာ အိမ်ဖော်အဖြစ်ဟန်ဆောင်လုပ်ရင်း ခွင်ကြီးကြီးတွေ့ရလျှင် ဖန်တီးတတ်သူဖြစ်သည်။ ယောကျ်ားလေးများအကြိုက် ရုပ်ရည်နှင့် ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားသူမို့ တော်ရုံယောကျ်ားကတော့ သူ့မာယာထဲတွင် မလှုပ်နိုင်အောင်ချုပ်ကိုင်နိုင်တတ်သူဖြစ်သည်။ ယခုလည်း ညိုမောင့်ကို နှစ်ခါမသိမ်းသွင်းလိုက်ရ။ သူ့စီမံမှုထဲပါဝင်လာခဲ့သည်။ ညိုမောင့်ကိုတော့ သူလည်း စွဲလမ်းခင်တွယ်ခဲ့မိသည်မှာ အမှန်ပင်။ ငယ်ရွယ်ပြီး သွက်လက်ဖျတ်လတ်သော ညိုမောင်သည် သူထင်ထားသည်ထက်ပို၍ သူ့အပေါ်စိုးမိုးနိုင်သလိုပင်။ ယခုလည်း အသက်အရွယ်အရ ခင်သူဇာ့အနေဖြင့် နောက်ဆုံးအကြိမ်အဖြစ် လှုပ်ရှားခြင်းဖြစ်သည်။ သူ့အနေဖြင့် ဒီအခွင့်အရေးရဖို့အတွက် ပွဲစားကို အကြိမ်ကြိမ်အခါခါစည်းရုံးခဲ့သည်။ သူများထက် ပွဲစားခများပိုပေးခဲ့ရသည်လေ။ ညိုမောင်ကတော့ အခြေအနေအရ ဆွဲခန့်မင်းသားဖြစ်သည်။

ယခု သူ့နောက်ဆုံးလုပ်ငန်းအောင်မြင်ခဲ့ရသလို ဘဝအတွက်လည်း လက်တွဲဖော်တစ်ယောက်ရခဲ့ပြီမို့ အတွေးများနှင့် ရွာကိုပြန်လာခဲ့ခြင်းဖြစ်လေသည်။

(၅)

"အစ်မ အစ်မ ခရီးသည်တွေအကုန်ဆင်းကုန်ပြီ။ အစ်မတစ်ယောက်ပဲကျန်တော့တယ်"

ကားသမားအကူကောင်လေးနှိုးမှ ခင်သူဇာ လန့်နိုးသွားရသည်။ ဒါတောင် လူကသိပ်မလန်းချင်။ ညိုမောင် ဘယ်ရောက်သွားတာလဲ သူ့စိတ်ထဲထင့်သွားသည်။ ကမန်းကတန်း ငွေထည့်ထားသည့်အိတ်ကိုကြည့်လိုက်တော့ ငွေထုပ်မရှိတော့။ ညိုမောင် သူ့ကို အလိမ္မာနှင့် သိမ်းသွင်းသွားခဲ့သည်ပင်။ ညက လမ်းမှာတစ်ထောက်နားတော့ ဘီယာသောက်ရင်း အောင်ပွဲခံပျော်ခဲ့ကြသည်။ သူ သန့်စင်ခန်းဝင်နေတုန်း ညိုမောင်က သူသောက်မည့် ဘီယာထဲ ဘာတွေထည့်လိုက်သလဲ သူမသိတော့။ ကားမထွက်ခင် ခဏနားနေတုန်း သူ့အနာဂတ် အစီအစဉ်များကို ပြောပြခဲ့မိသည်။ သာယာသည့်အချစ်အိမ်ကလေးတစ်ခုထူထောင်ပြီး ရွာမှာအခြေချကာ လုပ်ကိုင်စားသောက်မည့်အကြောင်းများကို တဖွဖွပြောနေမိသေးသည်။ ချစ်သည့်စိတ်များနှင့် ယုံကြည်ပေးခဲ့မှုကို အလွဲသုံးစားပြုရက်လေခဲ့သူမို့ ဒေါသများ အလိပ်လိုက်ထွက်ခဲ့မိသည်။ တစ်ချိန်ထဲမှာပင် သူ့ကို ယုံကြည်စွာအလုပ်များပေးပြီး သူကလိမ်ကျသမျှ လူများ၏ မျက်နှာများကို ပြန်မြင်ယောင်လာမိသည်။ တစ်ချိန်လုံး သူများတွေကို လူလည်လုပ်လာသမျှ ညိုမောင်နှင့်မှ ခံရတော့မလား။ အတွေးများနှင့် ကားပေါ်ကသာ ဆင်းလာရသည် ဘယ်ဆီကိုဦးတည်ရမှန်း မသိနိုင်တော့။

(၆)

ညိုမောင် ငွေအိတ်ကြီးကို စားပွဲပေါ်ရှိသေစွာတင်လိုက်သည်။

"မင်းတော်တယ်သား။ မင်းကို မွေးစားရကြိုးနပ်ပါပေတယ်။ ကျေးဇူးလဲအများကြီးတင်ပါတယ်"

"ရပါတယ် ဖေကြီးရယ်။ ဖေကြီးကျေးဇူးတွေက သားအပေါ်မှာအများကြီးပါ"

ဦးကျော်စိုး သူ့ရှေ့တွင် ရိုကျိုးစွာရပ်နေသည့် ညိုမောင့်ကို တစိမ့်စိမ့်ကြည့်ပြီး ကျေနပ်စွာပြုံးနေသည်။ တကယ်တော့ ညိုမောင်ဆိုသည်မှာ ဦးကျော်စိုး၏ မွေးစားသားဖြစ်ပြီး သူငယ်စဉ်ကတည်းက ဦးကျော်စိုးအိမ်မှာနေခဲ့ရ၏။ ဦးကျော်စိုး၏ကားကိုမောင်းသည့် ဖခင်နှင့် မိခင်ဆုံးသွားသောအခါ ဦးကျော်စိုးကမွေးစားထားပြီး ပညာတတ်ဖြစ်အောင် ကျောင်းထားပေးခဲ့သူဖြစ်သည်။ ကျေးဇူးတရားများကို သိတတ်နားလည်သူမို့ ဦးကျော်စိုးတို့မိသားစုအတွက်ဆို အသက်ပင်အသေခံဖို့ ဆုံးဖြတ်ထားသူတစ်ယောက်ဖြစ်သည်။ အိမ်ဖော်အဖြစ်ရောက်လာသည့် ခင်သူဇာ့အခြေအနေက သာမန်မဟုတ်ဘူးဆိုသည်ကို သူသိထားပြီးမို့ အခြေအနေများကို စောင့်ကြည့်ရင်း သူ့အစီအစဉ်များကို ဆွဲထားခြင်းဖြစ်သည်။ ခင်သူဇာမသိထားသည့်အကြောင်းတစ်ခုက ဦးကျော်စိုးသည် ယောကျ်ားတစ်ယောက်၏စွမ်းဆောင်မှုများမရသူဆိုသည့် အချက်ပင်ဖြစ်သည်။ သူ့ကိုယ်သူ မိန်းမလည်သိန်းကြွယ်ဟုထင်နေသော မခင်သူဇာသာ ထိုအကြောင်းများကို သိခဲ့မည်ဆိုပါလျှင်။

# မြန်မာအမျိုးသားလေကြောင်းလိုင်းက နိုဝင်ဘာလအတွင်းပြေးဆွဲပေးမည့် ရန်ကုန်-ဗုဒ္ဓဂယာခရီးစဉ် လေယာဉ်လက်မှတ်ကြိုတင်ဝယ်ယူသူ များပြားနေ



**ရန်ကုန် အောက်တိုဘာ ၂၂**

မြန်မာအမျိုးသားလေကြောင်းလိုင်းက နိုဝင်ဘာလအတွင်း ပြေးဆွဲပေးမည့် ရန်ကုန်-ဗုဒ္ဓဂယာခရီးစဉ်အတွက် လေယာဉ်လက်မှတ်ကြိုတင်ဝယ်ယူသူ များပြားနေကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၏ သတင်းများအရ သိရသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းက ရန်ကုန်-ဗုဒ္ဓဂယာခရီးစဉ်ကို ယခုနှစ် နိုဝင်ဘာ ၄ ရက်မှ စတင်ကာ အပတ်စဉ် အင်္ဂါ၊ သောကြာ၊ စနေ၊ တနင်္ဂနွေနေ့တို့တွင် ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ပြီး ယခုအခါ နိုဝင်ဘာလအတွင်း ပျံသန်းပြေးဆွဲပေးမည့်ခရီးစဉ်များအတွက် ကြိုတင်လက်မှတ်ဝယ်ယူသူများပြားနေကြောင်း သိရသည်။

အဆိုပါ လေယာဉ်လက်မှတ်ဝယ်ယူနေမှုများအရ လာမည့်နိုဝင်ဘာလအတွင်း ပျံသန်းပြေးဆွဲပေးမည့် ရန်ကုန်-ဗုဒ္ဓဂယာခရီးစဉ်တွင် တစ်ပတ်လျှင် ခရီးသည်ဦးရေ ၅၀၀ မှ ၇၀၀ ထိရှိလာနိုင်ကြောင်း၊ ယခုအခါ ရန်ကုန်မြို့အခြေစိုက် ဗုဒ္ဓဂယာဘုရားဖူးခရီးသွားလုပ်ငန်း ဈေးကွက်သွက်လက်လှုပ်ရှားလာခဲ့ပြီး ဗုဒ္ဓဂယာဘုရားဖူးခရီးသွားလုပ်ငန်း နှစ်ရာခန့်ရှိနေကြောင်း သိရသည်။

ရန်ကုန်မြို့အခြေစိုက် ဗုဒ္ဓဂယာဘုရားဖူး ခရီးသွားလုပ်ငန်းများအနေဖြင့် ရဟန်းသံဃာတော်များနှင့် သီလရှင်များအတွက် ငွေကျပ်တစ်သိန်း၊ နိုင်ငံကူးလက်မှတ်သက်တမ်းရှိသူများအတွက် ငွေကျပ်ငါးသောင်း လျှော့ပေးမည်ဖြစ်ကြောင်း၊ အဆိုပါ ဗုဒ္ဓဂယာခရီးစဉ်တွင် လေးညအိပ် ငါးရက်ခရီးစဉ်၊ ၁၁ ညအိပ် ၁၂ ရက်ခရီးစဉ်နှင့် ၁၄ ညအိပ် ၁၅ ရက်ခရီးစဉ် စသည်ဖြင့် ခရီးစဉ်အမျိုးမျိုးရှိကြောင်း သိရသည်။

ခရီးစဉ်အတွက် ကျသင့်သည့်နှုန်းထားများမှာ ဗုဒ္ဓဂယာဘုရားဖူးခရီးသွားလုပ်ငန်း တစ်ခုနှင့်တစ်ခု ကွာဟမှုရှိနေသော်လည်း လေးညအိပ်ငါးရက်ခရီးစဉ်အတွက် အမေရိကန်ဒေါ်လာ ၅၅၀ နှင့် မြန်မာငွေကျပ်နှစ်သိန်း၊ ၁၁ ည အိပ် ၁၂ ရက်ခရီးစဉ်အတွက် အမေရိကန်ဒေါ်လာ ၈၀၀ နှင့် မြန်မာငွေကျပ်သုံးသိန်း၊ ၁၄ ညအိပ် ၁၅ ရက်ခရီးစဉ်အတွက် အမေရိကန်ဒေါ်လာ ၈၅၀ နှင့် မြန်မာငွေကျပ် သုံးသိန်းပတ်ဝန်းကျင် ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

(၃၃၆)

# ရေဦးခရိုင်တွင် မိုးစပါး ၂၉၃၈၇၄ ဧက စိုက်ပျိုးပြီးစီး

**ရေဦး အောက်တိုဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၂၉၃၈၇၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြ၍ သိရသည်။

ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ၂၉၅၃၅၉ ဧကစိုက်ပျိုးရန် လျာထားပြီး မိုးစပါးများကို ယခုနှစ် ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၉၃၈၇၄ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ရေဦးခရိုင်မှာ မိုးစပါး ၂၉၅၃၅၉ ဧကစိုက်ဖို့ လျာထားပါတယ်။ ဒါပေမဲ့ အခုလက်ရှိမှာတော့ မိုးစပါး ၂၉၃၈၇၄ ဧကစိုက်ပြီးပြီ။ မိုးစပါးစိုက်ပျိုးမှုကတော့ တစ်နှစ်နဲ့တစ်နှစ် တိုးစိုက်နိုင်တဲ့အနေအထားမှာရှိတယ်။ ဒီနှစ်ဆိုရင် ရာသီဥတုကောင်းမွန်တော့ မိုးစပါးလျာထားချက်ပြည့်မီအောင်စိုက်နိုင်တဲ့အနေအထားမှာ ရှိပါတယ်"ဟု တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

ယခုနှစ် ရေဦးခရိုင် မိုးစပါးဧကစိုက်ပျိုးပြီးစီးမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၈၁၆၀၁ ဧက၊ တန့်ဆည်မြို့နယ်တွင် ၉၀၇၁၅ ဧက၊ ဒီပဲယင်းမြို့နယ်တွင် ၁၂၁၅၅၈ ဧကတို့ဖြစ်ကြောင်း၊ လျာထားချက်အနေဖြင့် ရေဦးမြို့နယ်တွင် ဧက ၈၂၀၀၀၊ တန့်ဆည်မြို့နယ်တွင် ၉၁၃၅၉ ဧက၊ ဒီပဲယင်းမြို့နယ်တွင် ဧက ၁၂၂၀၀၀ တို့လျာထားကြောင်း သိရသည်။

ယခုနှစ် ရေဦးခရိုင်တွင် မိုးစပါးစိုက်ပျိုးတောင်သူများအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်း၊ မျိုးသန့်များ စိုက်ပျိုးရန်အတွက် အသိပညာပေးခြင်း၊ သဘာဝမြေသြဇာပြုလုပ်သုံးစွဲမှုပညာပေးခြင်း၊ မိုးသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်နှင့် စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)



# လှိုင်းဘွဲ့မြို့နယ် စိန်မြရုံကျေးရွာ၌ ကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**လှိုင်းဘွဲ့ အောက်တိုဘာ ၂၂**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် စိန်မြရုံကျေးရွာ၌ ကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်နှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ စိန်မြရုံကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (VDP) ဖြင့် ဆောင်ရွက်သည့် ကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ အရှည်ပေ ၂၄၀၀၊ အကျယ် ၁၆ ပေ၊ အမြင့် တစ်ပေရှိ ကျောက်ရောမြေလမ်းခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ ဒသမ ၃ သိန်းတို့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ပြီး ယခုအခါ လုပ်ငန်းအားလုံး ၆၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ကျော်ခိုး**

## နှလုံးသားလှပါစေ

- လောကကို အမုန်းမပွားနဲ့
  နှလုံးသား လှပါစေ၊
  ဒေါသမာန် အမျက်မထား
  ရှောင်ရှားကာလေ၊
  ဖြူစင်ခြင်း ချစ်သဒ္ဒါဝေ
  မေတ္တာတွေ ဖြန့်ကြက်မိုး၊
  အများကျိုးကို ရည်ရွယ်လျက်
  ဆတက်ထမ်းပိုး။

- ကတိသစ္စာ ချစ်မြတ်နိုးလို့
  ကိုယ့်တန်ဖိုး ကိုယ်မြှင့်တင်၊
  စေတနာ အပြုံးပန်းနဲ့
  လန်းဆန်းကြည်လင်၊
  မြတ်ကောင်းမှု အတူယှဉ်
  ဖြူစင်ဖွယ် စိတ်နှလုံး၊
  မုဒိတာ ရင်မှာလွှမ်း၍
  ဝမ်းမြောက်ရွှင်ပြုံး။

- မြတ်ခန္တီ လက်ကိုင်သုံးလို့
  သူတော်ထုံး ပွားကျင့်ကြံ၊
  ရည်မှန်းရာ အနာဂတ်
  ဖြောင့်မတ်ကေန်၊
  အကောင်းအဆိုး အမှားအမှန်
  ဝေဖန်ကာ သုံးသပ်ရင်း၊
  လောကဘုံ ခရီးလမ်းကို
  လှမ်းလျှောက်ပါမင်း။ ။

**ရဲသွေးနီ(တက်ဝန်)**

# ညောင်လေးပင်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ညောင်လေးပင် အောက်တိုဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချုံအင်းကျေးရွာနှင့် ကောက်မယ်သူကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ချုံအင်းကျေးရွာနှင့် ကောက်မယ်သူကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်းရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ချုံအင်းကျေးရွာနှင့် ကောက်မယ်သူကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ပဥ္စမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၃ ဦးကို ငွေကျပ် ၂၈၂ ဒသမ ၅သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင် သူ ၉၅ ဦးအတွက် ငွေကျပ် ၁၅၈ ဒသမ၉ သိန်း စုစုပေါင်းအသင်းသား၂၀၈ ဦးကို ငွေကျပ်သိန်း ၄၄၁ ဒသမ ၄ သိန်း ထုတ်ချေးပေးထားကြောင်း ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်က ပြောပြ၍ သိရသည်။

**သန်းလွင်(မကွေး)**

# ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၁၄ ရက်ထိ သတ္တုတွင်းထွက်ပစ္စည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၁၇၇ သန်းကျော် ဝင်ငွေရရှိထား



နမ္မတူဘော်တွင်း သတ္တုတွင်းကို တွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၂**

ယခု ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၁၄ ရက်ထိ မြန်မာနိုင်ငံမှ သတ္တုတွင်းထွက်ပစ္စည်း တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၇၇ သန်းကျော် ပို့ကုန်ဝင်ငွေရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးနန္ဒက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံမှ စက်မှုကုန်ချော ပစ္စည်းများ နိုင်ငံတကာသို့တင်ပို့နိုင်မှုမှာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၁၄ ရက်ထိ နိုင်ငံပိုင်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ကိုးသန်းကျော်ရရှိထားပြီး ပုဂ္ဂလိကပိုင်တင်ပို့မှုမှအမေရိကန်ဒေါ်လာ ၁၆၈ သန်းကျော် စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၇၇ သန်းကျော် ပို့ကုန်ဝင်ငွေရရှိထားခြင်းဖြစ်ကြောင်း သိရသည်။

"သတ္တုတွင်းထွက်ပစ္စည်းကဏ္ဍ အနေနဲ့ နိုင်ငံတကာတင်ပို့မှုကနေ ပို့ကုန်ဝင်ငွေရရှိမှုကတော့ အခု ဘဏ္ဍာနှစ် ဧပြီ ၁ ရက်ကနေ အောက်တိုဘာ ၁၄ ရက်ထိ နိုင်ငံပိုင်တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ကိုးသန်းကျော် ရရှိထားပြီး ပုဂ္ဂလိကပိုင်တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၁၆၈ သန်းကျော် စုစုပေါင်း အမေရိကန်ဒေါ်လာ၁၇၇ သန်းကျော် ရရှိထားပါတယ်"ဟု ဦးနန္ဒက ပြောပြသည်။

ပြည်ပနိုင်ငံများသို့ မြန်မာနိုင်ငံမှ သတ္တုတွင်းထွက်ပစ္စည်း တင်ပို့ရာတွင် ရွှေ၊ ကျောက်စိမ်း၊ ကျောက်မျက်ရတနာ၊ ပုလဲ၊ စိန်၊ ခဲ၊ ခဲမဖြူ၊ အဖြိုက်နက်၊ ငွေ၊ ကြေးနီ၊ သွပ်၊ ကျောက်မီးသွေးနှင့် အခြားတွင်းထွက် ပစ္စည်းအမျိုးမျိုးကို တင်ပို့လျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနမှ သိရသည်။

ASH

# သဲကုန်းမြို့နယ် ကြို့ရပ်သာကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**သဲကုန်း အောက်တိုဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကြို့ရပ်သာကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလင်းစိုး၊ သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာအေးနှင့် ဝန်ထမ်းများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ကြို့ရပ်သာကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်း၊ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို မှာကြားခဲ့သည်။

ကြို့ရပ်သာကျေးရွာ၌ သောက်သုံးရေရရှိရေးအတွက် စက်ရေတွင်း တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်းကို တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၃၃ ဒသမ ၄၇၂ သန်းဖြင့် ငွေသွန်းသျှံကုမ္ပဏီက ဇွန်လ တတိယပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

သုတ

# သရက်မြို့နယ် သီးကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သရက် အောက်တိုဘာ ၂၂**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၌ စတင် အကောင်အထည်ဖော် ဆောင်ရွက်သည့် သီးကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းကြီးကျောင်းအတွင်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုနှင့် စိုက်ပျိုးစရိတ်များဝယ်ယူ သုံးစွဲနိုင်ရေး အတိုးနှုန်းသက်သာစွာဖြင့် ပံ့ပိုးပေးရန် အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းစဉ်များ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေများကို နေ့ချင်းပြီးထုတ်ချေးပေးနိုင်ရေး ကျေးရွာအရောက် ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေ ပထမအကြိမ်အဖြစ် သရက်မြို့နယ် သီးကုန်းကျေးရွာရှိ နေကြာစိုက်ပျိုးမည့် တောင်သူ ၂၃ ဦးအား ငွေကျပ် ၃၉၁၀၀၀၀၊ နှမ်းစိုက်မည့် တောင်သူ ၁၈ ဦးအား ငွေကျပ် ၁၈၀၀၀၀၀၊ ပဲတီစိမ်းစိုက် တောင်သူ ၂၅ ဦးအား ငွေကျပ်၂၅၀၀၀၀၀ နှင့် မွေးမြူရေးလုပ်ငန်းအတွက် ချေးယူသူ ၁၅ ဦးအား ငွေကျပ် ၁၅၉၀၀၀၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေ ကြီးကြပ်မှု ကော်မတီဝင်များက ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်ထံမှ သိရသည်။

မြို့လေး

# ငရုတ်သီးစိမ်းများဝယ်ယူရန် ပြည်ပက ကမ်းလှမ်းလာသဖြင့် စမ်းသပ်တင်ပို့ရန် စီစဉ်နေ

**ရန်ကုန် အောက်တိုဘာ ၂၂**

ပြည်ပနိုင်ငံ တစ်နိုင်ငံဖြစ်သော စင်ကာပူနိုင်ငံက ငရုတ်သီးစိမ်းများ ဝယ်ယူရန် ကမ်းလှမ်းလာသဖြင့် စမ်းသပ်တင်ပို့ရန် စီစဉ်ဆောင်ရွက်နေကြောင်း မြန်မာ့ငရုတ်သီးဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း၏ သတင်းများအရ သိရသည်။

ငရုတ်ကို ပြည်ပသို့တင်ပို့ရောင်းချပေးရာတွင် နှစ်စဉ် ငရုတ်သီးအခြောက်များကိုသာ တင်ပို့ရောင်းချပေးခဲ့ပြီး ယခုဘဏ္ဍာနှစ်တွင် ပြည်ပဖောက်သည်ဈေးကွက်နိုင်ငံများက ငရုတ်သီးစိမ်းများကိုပါ ဝယ်ယူရန် ကမ်းလှမ်းလာသဖြင့် စမ်းသပ်တင်ပို့ရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ အနှံ့အပြားတွင် ငရုတ်စိုက်ပျိုးပြီး တစ်နှစ်ပတ်လုံး ထွက်ရှိနေသည့် သီးနှံတစ်ခုဖြစ်ကြောင်း၊ သို့သော် ဒေသအလိုက် ငရုတ်သီးပေါ်ချိန် ကွာခြားသကဲ့သို့ ဈေးကွက်နှင့် ဈေးနှုန်း အတက်၊ အကျမှာလည်း ငရုတ်သီးထွက်ရှိချိန် ကာလအလိုက် ဖြစ်ပေါ်နေကြောင်း သိရသည်။



ငရုတ်သီးစိမ်းများကို ပြည်ပနိုင်ငံသို့ အောက်တိုဘာလဆန်းမှ စ၍ မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်မှ တစ်ပတ်လျှင် ၁၂ ဘီးကား သုံးစီးခန့် တင်ပို့ရောင်းချပေးနေရကြောင်း၊ ပြည်တွင်း ငရုတ်သီးစိမ်းဈေးနှုန်းများမှာ ဇွန်လမှစ၍ ဈေးကောင်းရရှိလာပြီး ငရုတ်သီးစိမ်း တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀ မှ ၁၅၀၀ သာ ပေါက်ဈေးရှိခဲ့ရာမှ ဇူလိုင်လတွင် ငရုတ်သီးစိမ်း တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀၊ ဩဂုတ်လဆန်းတွင် တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ထိ ဈေးကောင်းရရှိခဲ့ပြီး ဩဂုတ်လစတုတ္ထပတ်တွင် ငရုတ်သီးစိမ်းတစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ ထိ ဈေးကောင်းရရှိခဲ့ကြောင်း၊ သို့သော် စက်တင်ဘာလ စတုတ္ထပတ်မှစ၍ ဈေးနှုန်းများ ပြန်လည်ကျဆင်းခဲ့ရာ လက်ရှိတွင် ငရုတ်သီးစိမ်း တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ သာ ပေါက်ဈေးရှိနေကြောင်း၊ ငရုတ်သီးစိမ်းဈေးကွက်မှာ ဈေးနှုန်းများ ကျဆင်းလာသော်လည်း စင်ကာပူနိုင်ငံကဝယ်ယူရန် ကမ်းလှမ်းလာသောကြောင့် စမ်းသပ်တင်ပို့ရောင်းချပေးနိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။(၃၃၆)

# လားရှိုးမြို့နယ် စင့်အင့်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**လားရှိုး အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လားရှိုးမြို့နယ် စင့်အင့်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၂၁ ရက် နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်း၊ မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံ၍ စင့်အင့်ကျေးရွာ၌ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးကြည့်ရှုပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

စင့်အင့်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အစေ့ထုတ်ပြောင်း စိုက်ပျိုးသည့် အသင်းသားဦးရေ ၄၀ ကို ငွေကျပ် ၃၆၃ သိန်းထုတ်ချေးပေးထားကြောင်း၊ စီမံကိန်းချေးငွေများကို ကျေးရွာရှိ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အငယ်စား၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများ ရရှိစေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မော်သန်းထံမှ သိရသည်။

နီလာ



# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

## စည်းလုံးညီညာ အောင်ကြောင်းဖြာ


ဟိုးရှေးရှေးတုန်းက တောအုပ်ကြီးတစ်ခုမှာ သမင်၊ ယုန်နဲ့ လိပ်တို့ဟာ အဆွေခင်ပွန်းဖွဲ့ပြီးနေကြသတဲ့ကွယ်။

ဒီလိုနဲ့ တစ်နေ့မှာတော့ သမင်၊ ယုန်နဲ့ လိပ်တို့ နေထိုင်တဲ့ တောအုပ်ကလေးကို ခွေးတစ်ကောင် ရောက်လာသတဲ့ကွယ်။ အစွယ်ဖားဖား၊ ခန္ဓာကိုယ် တောင့်တင်းတဲ့ ခွေးကြီးကိုမြင်တော့ သမင်နဲ့ ယုန်က အလွန်ကြောက်လန့်သတဲ့ကွယ်။ ခွေးကြီးဟာ နေ့တိုင်းလိုလို မိတ်ဆွေသုံးဦးရှိတဲ့အရပ်ကို လာလာပြီး အစာရှာသလို လုပ်နေသတဲ့ကွယ်။ ခွေးကြီးလာတိုင်း အမြဲပုန်းနေရတာနဲ့ သမင်၊ ယုန်နဲ့ လိပ်တို့ မိတ်ဆွေသုံးဦးဟာ ရှာဖွေစားသောက်ရတာ အလွန်ခက်ခဲလာသတဲ့ကွယ်။ ဒီလိုနဲ့ တစ်နေ့မှာတော့ သန်မာထွားကြိုင်းတဲ့ ခွေးကြီးဟာ မိတ်ဆွေသုံးဦးဖြစ်ကြတဲ့ သမင်၊ ယုန်နဲ့ လိပ်တို့ကို မိတ်ဆွေဖွဲ့သတဲ့ကွယ်။ သူလာတာ ရန်ပြုဖို့မဟုတ်ကြောင်း၊ သင်တို့နဲ့ အဆွေခင်ပွန်းဖွဲ့ချင်လို့လာကြောင်းနဲ့ သူ့ကိုလဲ အခြားသူတွေလို အဆွေခင်ပွန်းအဖြစ် လက်ခံဖို့ပြောဆိုပြီး မိတ်ဆွေဖွဲ့သတဲ့ကွယ်။

ဒီတော့ သမင်၊ ယုန်နဲ့ လိပ်တို့ မိတ်ဆွေသုံးဦးဟာ ခွေးကြီးကို မိတ်ဆွေအဖြစ် အသိအမှတ်ပြုလိုက်သတဲ့ကွယ်။ ဒီလိုနဲ့ မိတ်ဆွေလေးဦးအဖြစ် နေလာလိုက်ကြတာ လအတန်တောင် ကြာသွားသတဲ့ကွယ်။

တစ်နေ့မှာ ခွေးကြီးက မိတ်ဆွေသုံးဦးကို သူနေထိုင်တဲ့အရပ်ဒေသဆီ အလည်လိုက်ဖို့ခေါ်သတဲ့ကွယ်။ နောက်ဆုံးတော့ အဆွေခင်ပွန်းသုံးဦးလဲ တိုင်ပင်ပြီး သမင်နဲ့ ယုန်ဟာ ကုန်းနေသတ္တဝါဖြစ်တဲ့အတွက် ခွေးကြီးအလည်ခေါ်တဲ့နောက်ကို လိုက်ဖို့ ဆုံးဖြတ်လိုက်ကြသတဲ့ကွယ်။ လိပ်ကလေးမှာတော့ ရေနေသတ္တဝါကလေးဖြစ်ပြီး ရေလမ်းခရီးမဟုတ်တာကြောင့် လမ်းလျှောက်ပြီးလိုက်ရင် အလွန်နှေးကွေးတဲ့အတွက် သူ့အဆွေခင်ပွန်းတွေ ခရီးကြန့်ကြာမှာစိုးလို့ မလိုက်ဘဲနေခဲ့သတဲ့ကွယ်။

ဒီလိုနဲ့ သမင်ကလေးနဲ့ ယုန်ကလေးဟာ ခွေးကြီးခေါ်တဲ့နောက်ကိုလိုက်သွားကြသတဲ့ကွယ်။ တစ်နေရာရောက်တော့ ခွေးကြီးက "ဘယ်မှမသွားကြနဲ့။ ငါအစာသွားရှာအုံးမယ်"လို့ ပြောပြီး ထွက်သွားသတဲ့ကွယ်။ အချိန်အတော်ကြာလာတော့ သမင်ကလေးနဲ့ ယုန်ကလေးရှိတဲ့နေရာကို ခွေးကြီးပြန်ရောက်လာသတဲ့ကွယ်။ ပါးစပ်ကလဲ တရစပ်ဟောင်ပြီး အချက်ပြသလို လုပ်သတဲ့ကွယ်။ နောက်တော့ ခွေးကြီးရဲ့နောက်က မုဆိုးကြီးတစ်ယောက် ပိုက်ကွန်နဲ့ဒူးလေးကြီး ထမ်းပြီး လိုက်လာတာကို သမင်နဲ့ ယုန်ကလေး တွေ့သတဲ့



ကွယ်။ မုဆိုးကြီးဟာ သမင်ကလေးနဲ့ ယုန်ကလေးကို တွေ့တယ်ဆိုရင်ပဲ သူ့မှာပါလာတဲ့ ပိုက်ကွန်ကြီးနဲ့အုပ်ဖမ်းလိုက်သတဲ့ကွယ်။

မိတ်ဆွေနှစ်ဦးဖြစ်တဲ့ ယုန်နဲ့သမင် ပြန်မလာတော့ လိပ်ကလေးလဲ စိုးရိမ်လာသတဲ့ကွယ်။ နောက်တော့ မနေနိုင်တော့ဘဲ နောက်ကနေတရွှေ့ရွှေ့နဲ့ လိုက်လာသတဲ့ကွယ်။ တောစပ်တစ်နေရာရောက်တော့ သူ့မိတ်ဆွေနှစ်ဦးကို ကြိုးနဲ့တုပ်ထားတာမြင်သတဲ့ကွယ်။ အကြောင်းအရာကို မေးကြည့်တော့ မုဆိုးကြီးမွေးထားတဲ့ခွေးကြီးက သူတို့ကိုလိမ်ခေါ်လာကြောင်း ရှင်းပြသတဲ့ကွယ်။ လိပ်ကလေးလဲ သူ့မိတ်ဆွေတွေ လွတ်မြောက်ဖို့အတွက် ကြိုးတွေကို သူ့သွားကလေးနဲ့ ကိုက်ဖြတ်သတဲ့ကွယ်။ ကြိုးလုံးကြီးတွေကို ကိုက်ဖြတ်ရတဲ့ဒဏ်ကြောင့် လိပ်ကလေးရဲ့ပါးစပ်မှာ သွေးတွေယိုစီးကျလာတာပေါ့ကွယ်။ အဲဒီလိုနဲ့ကြိုးတွေပြတ်သွားတော့ သမင်ကလေးဟာ ပါးစပ်မှာဒဏ်ရာရနေတဲ့ လိပ်ကလေးကို ကိုက်ချီပြီး သုံးဦးသားထွက်ပြေးကြသတဲ့ကွယ်။ သူတို့မိတ်ဆွေသုံးဦး ထွက်ပြေးသွားတာကို မြင်လိုက်တဲ့ခွေးကြီးကလဲ နောက်ကနေဟောင်ပြီး တစ်ဟုန်ထိုးပြေးလိုက်လာသတဲ့ကွယ်။ နောက်ဆုံးတော့ လိပ်ကလေးက သူတို့သုံးဦး ဒီလိုပြေးနေလို့ မလွတ်နိုင်ဘူး။ ပရိယာယ်သုံးမှဖြစ်မယ်လို့ တိုင်ပင်ကြသတဲ့ကွယ်။

အဲဒီလိုနဲ့ ပြေးလာလိုက်တာ ရေတံခွန်ကြီးနားကို ရောက်လာသတဲ့ကွယ်။ လိပ်ကလေးက ရေတံခွန်နဲ့ မလှမ်းမကမ်းမှာ သူ့ကိုချထားပြီး ကျန်တဲ့မိတ်ဆွေနှစ်ဦးကိုလဲ မြက်ပင်ပေါတဲ့နေရာမှာ ကိုယ်ထင်ပြနေဖို့ ပြောသတဲ့ကွယ်။ သမင်နဲ့ယုန်လဲ လိပ်ကလေးပြောတဲ့အတိုင်း နေကြသတဲ့ကွယ်။ နောက်တော့ ခွေးကြီးရောက်လာပြီး သူတို့သုံးဦးကို ကိုက်ဖမ်းဖို့ မာန်ဖီနေသတဲ့ကွယ်။ ဒီတော့ လိပ်ကလေးက ခွေးကြီးကို စကားစပြောလိုက်သတဲ့ကွယ်။ "သင်ဟာ အစွယ်ဖားဖားနဲ့ ခွန်အားသာကြီးတာပါ။ ကျုပ်လို အကောင်သေးသေးလေးကိုတော့ မယှဉ်ပြိုင်နိုင်ပါဘူး။ သင့်မှာအစွမ်းရှိရင် ငါ့ကိုလာဖမ်းလှည့်"လို့ စိန်ခေါ်လိုက်သတဲ့ကွယ်။

ဒီတော့ ခွေးကြီးလဲ ဘာမဟုတ်တဲ့အကောင်ကလေးက ငါ့ကိုစိန်ခေါ်ဝံ့သလားဆိုပြီး စိတ်ဆိုးသွားကာ တစ်ဟုန်ထိုး ပြေးကိုက်လိုက်သတဲ့ကွယ်။ ခွေးကြီး ဒေါသထွက်ပြီး ပြေးကိုက်လိုက်တဲ့အချိန်မှာ ယုန်ကလေးက ပြေးထွက်လာပြီး ခွေးကြီးရဲ့ခြေထောက်ကို ပြေးကိုက်လိုက်သတဲ့ကွယ်။ ဒေါသမာန်ထွက်နေတဲ့ ခွေးကြီးဟာ ယုန်ကလေးပြေးလာတာကိုမမြင်လိုက်ဘဲ ယုန်ကလေးကိုက်လိုက်တဲ့ဒဏ်ရာကြောင့် ခြေခေါက်ပြီးခန္ဓာကိုယ်ယိုင်သွားသတဲ့ကွယ်။ ဒီလိုအချိန်ကို စောင့်ဆိုင်းနေတဲ့ သမင်ကလေးဟာ သူ့ရဲ့ဦးချိုနဲ့ ခွေးကြီးကို အားကုန်သုံးပြီး ဝှေ့ချလိုက်တာ ခွေးကြီးလဲ ရေတံခွန်ထဲ အရှိန်ပြင်းပြင်းနဲ့ ပြုတ်ကျသွားသတဲ့ကွယ်။ ဒီတော့မှ မိတ်ဆွေသုံးဦးလဲ ခွေးကြီးရဲ့အန္တရာယ်ဘေးက လွတ်ကင်းသွားသတဲ့ကွယ်။

ကလေးတို့ရေ. . . လောကကြီးမှာ အဆွေခင်ပွန်းကောင်းဆိုတာ အခက်အခဲဖြစ်တဲ့အခါ ဝိုင်းဝန်းကူညီဖြေရှင်းတတ်ရမယ်တဲ့ကွယ်။ တစ်ဦးနဲ့တစ်ဦးလဲ ရိုင်းပင်းကူညီဖေးမတတ်ရမယ်ပေါ့။ ကိုယ့်အပေါ်ကို ကောင်းကွက်ကလေးပြပြီး ကောက်ကျစ်တတ်တဲ့သူတွေ ရှိခဲ့ရင်လဲ မိတ်ဆွေကောင်းတွေနဲ့စုပေါင်းပြီး တွန်းလှန်နိုင်တယ်ဆိုတာ မှတ်ထားရမယ်နော်။

**မောင်သိန်းနိုင်(လက်ဖက်ရည်)**

## တို့များအသိကောင်း

- သန့်ရှင်းမှုနှင့် ဂုဏ်ယူမယ်
  တို့များဝန်းကျင်ဝယ်၊
  အမှိုက်တွေရယ် လှည်းကြရင်း
  စုပေါင်းလုပ်ဆောင်ခြင်း။

- အမှိုက်ရှင်းတော့ ပြည်ရွာသာ
  မီးဘေးကာကွယ်တာ၊
  ဖြတ်သွားလာလျှင် ရနံ့ကောင်း
  ရှူရှိုက်ကျန်းမာကြောင်း
  တို့များအသိကောင်း။ ။

**ငြိမ်းချမ်းအောင်(နေခင်ကြီး)**




## မီးပွိုင့်

- ယာဉ်အန္တရာယ် ကင်းဝေးရေး
  မီးပွိုင့်တာဝန်ပေး။

- ဘေးရန်ကင်းဖို့ ညွှန်ပြသည်
  စည်းကမ်းရှိဖို့ရည်။

- ဝါစိမ်းနီနဲ့ မမောပန်း
  နေ့ညတာဝန်ထမ်း။

**လှလှချို(ရှာမ)**



# လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းက အောက်တိုဘာ ၈ ရက်မှ ၁၄ ရက်ထိ ကုန်သွယ်ရေးပိုငွေ အမေရိကန်ဒေါ်လာ ၂၃၂၄၁၀ ဒသမ ၈၉ ဒေါ်လာရရှိခဲ့



ကချင်ပြည်နယ်ရှိ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းကိုတွေ့ရစဉ်။

**မြစ်ကြီးနား အောက်တိုဘာ ၂၂**

ကချင်ပြည်နယ်ရှိ လွယ်ဂျယ်နယ်စပ် ကုန်သွယ်ရေးစခန်းက အောက်တိုဘာ ၈ ရက်မှ ၁၄ ရက်ထိ ကုန်သွယ်ရေးပိုငွေ အမေရိကန်ဒေါ်လာ ၂၃၂၄၁၀ ဒသမ ၈၉ ဒေါ်လာ ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း မနော မြေကုန်သွယ်မှုဗဟိုဌာန၏ သတင်းများအရ သိရသည်။

ကချင်ပြည်နယ်ရှိ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းက ယခုနှစ် အောက်တိုဘာ ၈ ရက်မှ ၁၄ ရက်ထိ တစ်ပတ်တာကာလအတွင်း ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၅၀၇၂၅၆ ဒသမ ၃၇ ဒေါ်လာဖိုး ဆောင်ရွက်နိုင်ခဲ့ ကြောင်း၊ ထိုသို့ ဆောင်ရွက်ခဲ့ရာ တွင် ပို့ကုန် အမေရိကန်ဒေါ်လာ ၃၆၉၈၃၃ ဒသမ ၆၃ ဒေါ်လာနှင့် သွင်းကုန် အမေရိကန်ဒေါ်လာ ၁၃၇၄၂၂ ဒသမ ၇၄ ဒေါ်လာဖိုး ဆောင်ရွက်နိုင်သောကြောင့် လွယ်ဂျယ် နယ်စပ်ကုန်သွယ်ရေးစခန်း အနေဖြင့် အောက်တိုဘာ ၈ ရက်မှ ၁၄ ရက်ထိ ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၂၃၂၄၁၀ ဒသမ ၈၉ ဒေါ်လာ ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ထို့အတူ လွယ်ဂျယ်နယ်စပ် ကုန်သွယ်ရေးစခန်းက ယခုနှစ် ဧပြီ ၁ ရက်မှ အောက်တိုဘာ ၁၄ ရက်ထိ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၇၀ ဒသမ ၁၃ သန်း ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ပို့ကုန်ကဏ္ဍက အမေရိကန်ဒေါ်လာ ၄၅ ဒသမ ၄၆၈ သန်း၊ သွင်းကုန်ကဏ္ဍက အမေရိကန်ဒေါ်လာ ၂၄ ဒသမ ၆၆၂ သန်း ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ကချင်ပြည်နယ်ရှိ လွယ်ဂျယ် နယ်စပ်ကုန်သွယ်ရေးစခန်းက အောက်တိုဘာ ၈ ရက်မှ ၁၄ ရက်ထိ ကုန်ပစ္စည်းများအနေဖြင့် သစ်သျှူငှက်ပျော၊ ပိုးလုံးအိမ်၊ ရေတ်သီး(အခြောက်)၊ ရော်ဘာ၊ ဆန်နှင့်ဆန်ကွဲများ တင်ပို့ရောင်းချ ပေးခဲ့ပြီး သွင်းကုန်အနေဖြင့် ဆေးဝါးပစ္စည်းများ၊ ဇာနှင့်ဇာထိုးထား သော အထည်အလိပ်များ၊ ချည်ထည်များ၊ လျှပ်စစ်ဓာတ်ဖြန့်ဖြူး ရေးနှင့် တပ်ဆင်ရေးပစ္စည်းများ၊ အပ်ချည်ကြိုးများ၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်ပစ္စည်းများ၊ ပလတ်စတစ် ကုန်ကြမ်းပစ္စည်းများ၊ လျှပ်စစ်မီးသီးနှင့် မီးချောင်းများ၊ ချုပ်ပြီးအဝတ်အထည်နှင့် အခြား ပစ္စည်းများကို ပြန်လည်တင်သွင်း ခဲ့ကြောင်း မနောမြေကုန်သွယ်မှု ဗဟိုဌာနမှ သိရသည်။

**ချမ်းချမ်း**

# နမ့်တူမြို့နယ် ကျေးရွာနှစ်ရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**နမ့်တူ အောက်တိုဘာ ၂၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိသည့် နမ့်တူမြို့နယ် မန်မိုင် ကျေးရွာနှင့် မိုင်းတက်ကျေးရွာ တို့၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုအခြေအနေများ ကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူ များ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်မဲခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဦးထွန်းချစ်၊ နမ့်တူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်း ဆိုင်လှိုင်းနှင့် တာဝန်ရှိသူများက ကျေးရွာကုန်ထုတ်လမ်းကော်မတီဝင် များနှင့်အတူ မန်မိုင်ကျေးရွာနှင့် မိုင်းတက်ကျေးရွာတို့၌ ကျေးလက် ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ် ဆေးပြီး ခရိုင်ဦးစီးမှူး ဦးထွန်းချစ်က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်း နှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန် ဆွေးနွေး မှာကြားသည်။

မန်မိုင်ကျေးရွာ၌ ကုန်ထုတ် လမ်းအရှည်တစ်မိုင် ဖြန့်းကျောက် ခင်းခြင်းနှင့် အဆိုပါကုန်ထုတ်လမ်း ပေါ်ရှိ RC Box Culvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း၊ မိုင်းတက်ကျေးရွာ ကုန်ထုတ်လမ်း အရှည် တစ်မိုင်လေးဖာလုံ ဖြန့်း ကျောက်ခင်းခြင်းနှင့် အဆိုပါ ကုန်ထုတ်လမ်းပေါ်ရှိ RC Box Culvert နှစ်စင်းတည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံ ငွေကျပ် ၉၁ ဒသမ ၁၂၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီများ က ဂုလိုင်လပထမပတ်မှ စတင် တာဝန်ယူ ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

အဆိုပါ ကျေးလက်ကုန်ထုတ် လမ်းဖောက်လုပ်ပြီးစီးပါက ကျေး ရွာနှစ်ရွာရှိ အိမ်ခြေ ၁၇၃ မှ လူဦး ရေ ၇၇၀ ဦးတို့၏ စိုက်ပျိုးမြေဧက ၅၀၀ ကျော်မှထွက်ရှိသော လယ် ယာထုတ်ကုန်၊ ထွက်ကုန်များ ဈေး ကွက်အတွင်းသို့ ကုန်ကျစရိတ် သက်သာစွာဖြင့် သယ်ယူပို့ဆောင် နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**






အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့်အရည်အသွေးကောင်းမွန်သော နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ....

**CNC 3D** ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊ ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။



## မာဘယ်ကျောက်ပြားစက်ရုံ(မန္တလေး)

ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၉ ၆၉၈၁၂၃၀၆၃၉

STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅

STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw
ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇



သဘာဝလက်ဖက်အချိုခြောက်စစ်စစ်ကိုသာ အသုံးပြုထားကြောင်း အာမခံပါသည်။




သဘာဝအစစ်မှ အရသာထူး
စိတ်ကြိုက်ကြည်နူး
ရွှေဖီဦး

(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည်






ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၄၉၃၆
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
KHA YAE PIN MART - မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄


## အမည်ပြောင်း

မန္တလေးမြို့ အမရပူရမြို့ မင်းစုရပ်ကွက်နေ ဦးအောင်သိန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ဝတန(နိုင်)၂၀၃၂၇၈) ကိုင်ဆောင်သူ၏သမီး မကျော့ရင်မှုး အား ယနေ့မှစ၍ **မကျော့ရှင်းသန့်** ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မကျော့ရှင်းသန့်**

## အမည်ပြောင်း

မန္တလေးမြို့ အမရပူရမြို့ မင်းစုရပ်ကွက်နေ ဦးအောင်သိန်း နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/ဝတန(နိုင်)၂၀၃၂၇၈) ကိုင်ဆောင်သူ၏သား မောင်ဖွဲ့သူရရင် အား ယနေ့မှစ၍ **မောင်ဖွဲ့မင်းခန့်** ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဖွဲ့မင်းခန့်**

## အများသိစေရန် ကြေညာခြင်း

မော်တော်ယာဉ် Ractic 5p/5004 ကို ကျွန်တော် ဦးကျော်လေး (ဘ) ဦးကျော်ကျော် (၉/ပဥလ(နိုင်)၀၁၁၃၀၃) ကိုင်ဆောင်ထားသူမှ ၄-၉-၂၀၂၂ ရက်နေ့တွင် အပြီးအပိုင် ဝယ်ယူထားပြီးဖြစ်ပါကြောင်းနှင့် ၎င်းယာဉ်ကို မည်သူတစ်ဦး တစ်ယောက်ကိုမျှ ရောင်းချထားခြင်း၊ ပေးကမ်းထားခြင်းမရှိ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်လေး
(၉/ပဥလ(နိုင်)၀၁၁၃၀၃)
ဖုန်း ၀၉-၄၄၃၉၁၉၆၈၃

**ပျောက်ဆုံးကြောင်း**

မြင်းခြံမြို့နေ မိုးနိုင်အောင် (ဘ) ဦးကျော်ညွန့် (၉/မခန(နိုင်)၂၆၉၄၂၃)၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၇၉၈၈၅၈၁၃၉


သင့်သွေးဖြင့်
အသက်ကယ်ပါ


## ဆရာမဝန်ထမ်းအလိုရှိသည်

(၁) တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
(၂) ၈ တန်း၊ ၉ တန်း အင်္ဂလိပ်စာ သင်ကြားရမည်။
(၃) အသက် ၂၅ နှစ်မှ ၄၀ နှစ်အတွင်း။
(၄) ပရဟိတလုပ်ငန်း စိတ်ဝင်စားသူ။
(၅) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် တာဝန်ထမ်းဆောင်ရမည်။

လာရောက်လျှောက်ထားလိုပါက - ဘွဲ့လက်မှတ်မူရင်းနှင့်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ၊ CV Formနှင့်တကွ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

စောမွန်လှပေါ် တော်မူဘုန်းတော်ကြီးသင်ပညာရေးကျောင်း
မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်

ဆက်သွယ်စုံစမ်းရန် ☎ ဖုန်း - ၀၉-၇၉၇၁၂၅၈၅၀၊ ၀၉-၄၀၂၅၉၈၃၅၀။

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်း ကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက် နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရ မည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင် ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြု ရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဧေယျဋ္ဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊ ၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm
Website Address - http://www.accm.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

၃။ လူမှုရေး

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

အားကစားနှင့်ပတ်သက်၍ ချက်ချင်းထလုပ်၍ရသည့်လုပ်ငန်းမဟုတ်သည့်အတွက် အချိန်ယူလေ့ကျင့်မွေးထုတ်သွားရန်လို၊ ပြည်သူလူထုကျန်းမာရေးအတွက် အလွယ်ကူဆုံးအားကစားမှာ လမ်းလျှောက်ခြင်း၊ ပြေးခြင်း၊ ကိုယ်လက်လှုပ်ရှားခြင်းတို့ရှိ၊ ကျန်းမာမှ ပညာရေး၊ စီးပွားရေးနှင့်အခြားကိစ္စရပ်များကို ဆောင်ရွက်နိုင်မည်ဖြစ်၊ ဒေသအလိုက် အားကစားကွင်းများတည်ဆောက်ရာတွင် ရေရှည်မြော်တွေးဆောင်ရွက်ကြရမည်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဩဂုတ် ၈ ရက်တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး၌ပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

၈-၈-၂၀၂၂

# FATF ဥက္ကဋ္ဌ၏ မြန်မာနိုင်ငံနှင့်ပတ်သက်သော အချက်အလက်များထုတ်ပြန်မှုအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သတင်းထုတ်ပြန်ချက်

၁။ ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force-FATF)၏ မျက်နှာစုံညီအစည်းအဝေးကို ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် FATF ရုံးစိုက်ရာ ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ ကျင်းပခဲ့ပါသည်။ အဆိုပါအစည်းအဝေးများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ပြီး နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့၊ ကမ္ဘာလုံးဆိုင်ရာကွန်ရက်အဖွဲ့ဝင် ၁၀၆ ဦးနှင့် လေ့လာသူအဖွဲ့အစည်းများကို ကိုယ်စားပြုသော ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ၊ ကမ္ဘာ့ဘဏ်၊ INTERPOL နှင့် Egmont Group of Financial Intelligence Units တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြပါသည်။ မြန်မာနိုင်ငံနှင့်ပတ်သက်သော အချက်အလက်များကို FATF ဥက္ကဋ္ဌ T. Raja Kumar က ထုတ်ပြန်ခဲ့သည်။

၂။ မြန်မာနိုင်ငံအား တိုးမြှင့်စောင့်ကြည့်ခွင့်ရှိသည့် နိုင်ငံနှင့်ဒေသများစာရင်း (Jurisdictions under increased monitoring)မှ စိစစ်ဆောင်ရွက်မှုများပြုလုပ်ရန် တောင်းဆိုခြင်းခံရသည့် အန္တရာယ်မြင့်မားမှုရှိသောနိုင်ငံနှင့် ဒေသများစာရင်း(High-Risk Jurisdictions subject to a Call for Action)သို့ ပြောင်းရွှေ့ထည့်သွင်းခြင်းခံရသော်လည်း လက်ရှိ Black List တွင် ရှိပြီးဖြစ်သည့် မြောက်ကိုရီးယားနိုင်ငံနှင့် အီရန်နိုင်ငံတို့ကဲ့သို့ FATF မှ အဖွဲ့ဝင်နိုင်ငံများနှင့် အခြားနိုင်ငံများမှ တိုးမြှင့်အရေးယူဆောင်ရွက်မှုများပြုလုပ်ရန် တောင်းဆိုခြင်းခံရသည့် နိုင်ငံနှင့် ဒေသများစာရင်း(Jurisdictions subject to a FATF call on its members and other jurisdictions to apply countermeasures)သို့ ထည့်သွင်း၍

စာမျက်နှာ ၂၁ ကော်လံ ၁ ☆

# PDF အမည်ခံအကြမ်းဖက်သမားများက ခင်ဦးမြို့နယ် မကျီးတုံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲကို Drone ယာဉ်များ အသုံးပြု၍ Drop Bomb များဖြင့် ဖောက်ခွဲတိုက်ခိုက်



နေပြည်တော် အောက်တိုဘာ ၂၂

အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာထားသော NUG၊ CRPHတို့၏လက်ဝေခံ PDFအမည်ခံအကြမ်းဖက်သမားများအနေဖြင့် အေးချမ်းစွာနေထိုင်လျက်ရှိသည့်ပြည်သူလူထုများကို ကြောက်ရွံ့ထိတ်လန့်စေရန်နှင့်

စာမျက်နှာ ၁၈ ကော်လံ ၁ ❖

PDF အမည်ခံ အကြမ်းဖက်သမားများ၏ Drone ယာဉ်များ အသုံးပြု၍ Drop Bomb များဖြင့် ဖောက်ခွဲတိုက်ခိုက်မှုကြောင့် ပင်မကျောင်းဆောင်၏ အမိုးသွပ်များ၊ မျက်နှာကြက်နှင့် ကျောင်းသုံးဗီရိုတို့ ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။

အောက်တိုဘာ ၂၂ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါတွေ့ရှိလူနာသစ် ၂၆၂ ဦးတွေ့ရှိပြီး ယနေ့ နှစ်ဦးသေဆုံး

စာမျက်နှာ - ၁၈

ပုလောမြို့နယ် မဒေါင်ကျေးရွာနှင့် ပိတတ်ကျေးရွာကြားရှိ ကျေးရွာချင်းဆက်သံပေါင် ဘေလီတံတားကို PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းခွဲဖျက်ဆီး

စာမျက်နှာ - ၂၂